
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၀၃၁၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၃၆၁၂၀၇
ပုံနှိပ်ခြင်း - ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်
အဖုံးဒီဇိုင်း - ဘိုဘိုထွန်း
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၆၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြ-၀၃၀၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အောင်မင်္ဂလာ အဝေးပြေးကားဂိတ်ဝင်းကြီးအတွင်းသို့ ချယ်မှုံးထင် လိုက်ပါစီးနင်းခဲ့သော ကားကြီးသည် ဝင်ရောက်ရပ်နားလေသည်။ ရန်ကုန်မြို့ကြီးအား ပထမဆုံးအကြိမ် ခြေချရမှာဖြစ်သဖြင့် ချယ်မှုံးထင် နည်းနည်းတော့ ချောက်ချောက်ချားချားလေး ဖြစ်သွားရ၏။

တစ်ယောက်တည်း ခရီးထွက်လာတာ ပထမဆုံးအကြိမ်ဖြစ်ပြီး မရေရာမသေချာတဲ့ အနာဂတ်ကို လှျောက်လှမ်းဖို့ အရဲစွန့်ထွက်ခွာလာရခြင်းဖြစ်လေသည်။ အဝေးပြေးကားကြီးပေါ်မှ ဆင်းကာနီးတွင် သူ့စိတ်တွေကို ထိန်းချုပ်ကာ သူမကိုယ်သူမ

www.burmeseclassic.com

www.burmeseclassic.com



အားပေးလိုက်ရ၏။

"ချယ်မှုံးထင် နှင် ဘာကြောက်စရာရှိလို့လဲ၊ အားလုံး လူတွေပဲဟာ၊ နှင်လည်း လူပဲလေ၊ နှင့်အတွက် လျှောက်လှမ်းစရာ လမ်းက ဒီတစ်လမ်းပဲရှိနေတာပဲ၊ အားတင်းထားစမ်းပါ၊ မကြောက်နဲ့၊ ဘာမှကြောက်စရာမရှိဘူး"

ကိုယ့်ကိုယ်ကို အားပေးစကားတွေ ပြောရင်း ကားပေါ်မှ ဆင်းသက်လိုက်လေသည်။ ဝေနှင်းက နှင့်အချစ်ဆုံးသူငယ်ချင်းပဲ အကူအညီပေးမှာပါလေ။

အဝေးပြေးကားဝင်းကြီးထဲမှာ ခရီးသည်တွေ၊ အနယ်နယ် အရပ်ရပ်မှ ရောက်လာကြတဲ့ကားတွေနှင့် ရှုပ်ယှက်ခတ်နေလေ သည်။

"ဝေနှင်း လာကြိုပါ့မလား၊ ငါ သူ့ဆီ အကြောင်းကြား ထားတာပဲ၊ ဝေနှင်းသာ လာမကြိုရင် ငါဘယ်လိုလုပ်ရပါ့မလဲနော်"

စိတ်တွေကို တင်းထားရပေမယ့် ဝေနှင်း လာမကြိုရင်ဆို တဲ့ အတွေးကြောင့် အားငယ်စိတ်တွေ၊ ကြောက်စိတ်တွေ တိုးဝင်





လာရသည်။ အင်းလေ မှုံးဘဝက ဒီလိုပဲ ဖန်တီးလာနေပြီပဲ။ မေမေ နောက်အိမ်ထောင်ပြုလိုက်လို့လည်း မေမေနှင့် ဘယ်လိုမှ ဆက်နေလို့ မဖြစ်တော့ဘူးမဟုတ်လား။

"မေမေ့ကို နားလည်ပေးပါ သမီးရယ်၊ မေမေဟာ အမြဲ တမ်း မှားယွင်းခဲ့ရပြီး မိသားစုအပေါ် တာဝန်မကြေခဲ့တဲ့ မိန်းမပါ"

မှုံး ဘာမှတုံ့ပြန်ဖြေဆိုခြင်း မပြုလိုတော့ပေ။ မေမေရဲ့ တာဝန်မဲ့မှုတွေကို မှုံး ငယ်စဉ်လေးထဲက ရင်ဆိုင်ကြုံတွေ့ခဲ့ရတာ ပါပဲ။ ဖေဖေဆုံးတော့ မေမေ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမ ဖြစ်ခဲ့ရသည်။ ရုပ်ရည်ချောမောသဖြင့် လက်ထပ်ယူလိုတဲ့ယောကျ်ား တွေ များလွန်းခဲ့၏။

"သမီးမေမေက ဖေဖေ့အပေါ် အနိုင်ယူလွန်းတယ်၊ သစ္စာ မဲ့လွန်းတယ်၊ ပျော်သလိုနေပြီး မိသားစုအပေါ် တာဝန်မဲ့လွန်းတယ်"

မှုံး ဆယ်နှစ်သမီးလောက်အရွယ်မှာ ဖေဖေ အိမ်ထောင်ရေး သောကတွေ ခံစားခဲ့ရပြီး အရက်သမားလုံးလုံး ဖြစ်နေခဲ့လေသည်။ မှုံးလည်း စိတ်ထိခိုက်ကြေကွဲခဲ့ရ၏။ ဖေဖေနှင့် စိတ်ဆင်းရဲပင်ပန်း



www.burmeseclassic.com

www.burmeseclassic.com



မှုတွေ ဖျော့ခံစားခဲ့ရ၏။

ဖေဖေဆုံးသွားတော့ မေမေ အသိတွေရပြီး မှုံးအား တာဝန်ကျေပြန်စွာ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ ဖေဖေ့အပေါ် ရက်စက်ခဲ့သည်ဟု ပြောတတ်၏။ ဒါပေမယ့် ဦးကျော်ကျော်နိုင်လို ယောကျ်ားတစ်ယောက်နှင့် တွေ့သောအခါ မေမေ့အသိစိတ်တွေ လွင့်ထွက်သွားရပြန်လေသည်။ လက်ထပ်ယူတဲ့အထိ ဖြစ်သွားရပြန်သည်။

"မေမေ့ကို နားလည်ပေးစမ်းပါ သမီးရယ်နော်၊ တကယ်ကို မလွဲသာမရှောင်သာလို့ မေမေ နောက်အိမ်ထောင်ပြုလိုက်ရတာပါကွယ်"

မှုံး ဘာပြောရတော့မလဲ။ မေမေ နောက်ယောကျ်ားအား အိမ်ပေါ်အထိပင် ခေါ်ဆောင်လာပြီဖြစ်နေသည်။

"ဖေဖေကတော့ သမီးလေးမျက်နှာကြောင့် ဒီမိန်းမ နှိပ်စက်သမျှ ခံလိုက်တာပဲ၊ အိမ်ရှင်မလည်း လုံးဝမပီသဘူး မိခင်တာဝန်လည်း မကျေဘူး"





ဖေဖေကပဲ မှုံးအား ပြုစုကျွေးမွေးစောင့်ရှောက်ခဲ့ရလေသည်။ ဖေဖေက ဘွဲ့ရပညာတတ်ဖြစ်ပြီး ငွေကြေးချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းမှ မွေးဖွားလာသူဖြစ်၏။ မေမေကြောင့် ဆွေမျိုးတွေက အဆက်အသွယ်ဖြတ်ထားကြသည်။

"ဖေဖေ့ဘဝနဲ့ ဖေဖေပဲကွယ်၊ သမီးလေးကိုတော့ သမီးလေးမေမေလို အဖြစ်မခံနိုင်ဘူး၊ တကယ့်ကို ဖြူစင်သန့်စင်နေတဲ့ မိန်းကလေး ဖြစ်စေချင်တယ်"

အိမ်ထောင်ရေးအခင်းမပြေမှုတွေနှင့် စိတ်ညစ်နေရရှာသော ဖေဖေသည် အရက်နှာကျကာ နောက်ဆုံးတော့ လူ့လောကကြီးထဲကနေ စောစီးစွာ ထွက်ခွာသွားရသည်။

ဖေဖေ့ခံစားချက်တွေကို ဒီနေ့အထိ မှုံး မေ့ပျောက်ပစ်လို့ မရနိုင်ခဲ့။ နောက်အိမ်ထောင်ပြုထားတဲ့ မေမေနှင့်လည်း မှုံး အတူတူ မနေချင်တော့ပါဘူး။

"မှုံး ရန်ကုန်က မေနှင်းတို့အိမ်မှာနေပြီး အလုပ်ရှာချင်တယ် မေမေ၊ ဒီမှာ မေမေနဲ့အတူတူနေလို့ မဖြစ်တော့ဘူးထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



နော်၊ မှုံးအတွက် စိတ်ချပါမေမေ၊ မှုံးခြေထောက်ပေါ် မှုံး ရပ်တည်နိုင်အောင် ကြိုးစားပါ့မယ်"

မေမေသည် ချယ်မှုံးထင်ကို စိတ်မချသော်လည်း တားမြစ်ပိုင်ခွင့်မရှိတော့သလို အားပေးစကားတွေပဲ ပြောခဲ့လေသည်။

"မှုံးကို မေမေ ယုံပါတယ်ကွယ်၊ အရာအားလုံးက မေမေရဲ့တာဝန်မကျေမှုတွေကြောင့်ပါပဲ၊ သမီးလေး အားမငယ်ပါနဲ့၊ အောင်မြင်မှာပါကွယ်၊ လောလောဆယ်တော့ မေမေ့ဘက်ကနေ နားလည်ပေးပါ"

"မှုံး သိပါတယ်မေမေ၊ ကံကြမ္မာကြောင့် မေမေ အမှားအယွင်းတစ်ခု ကျူးလွန်မိသွားရတာပါ၊ မှုံး နားလည်ပါတယ်မေမေ၊ မှုံး ကြိုးစားမှာပါ"

"မေမေယုံပါတယ်ကွယ်၊ မှုံးက ထက်မြက်ပြီး အရည်အချင်းရှိတဲ့ မိန်းကလေးပဲ၊ သမီးကိုယ်သမီးလည်း ကာကွယ်စောင့်ရှောက်နိုင်မယ်ဆိုတာ မေမေသိပါတယ်"

မေမေ့နောက်အိမ်ထောင်က လောင်းကစားသမား





တစ်ယောက်ဖြစ်နေပြီး ဆိုးပေချင်လေသည်။ မှုံး ဘယ်လိုမှ အတူနေထိုင်လို့ မရနိုင်ဘူးဆိုတာ မေမေလည်း နားလည်လက်ခံခဲ့၏။

"သမီးလေးရယ် မေမေ မိုက်မိတာပါ၊ သမီးအတွက် မေမေ ဘာတစ်ခုမှ လုပ်မပေးနိုင်တော့ဘူးလေ၊ ငွေလည်းမရှိဘူး မှုံး ရန်ကုန်သွားဖို့ ပိုက်ဆံနည်းနည်းပဲ မေမေပေးလိုက်နိုင်တော့မယ်"

"ရပါတယ် မေမေရယ်၊ မှုံးမှာလည်း ဆွဲကြိုးလေးတစ်ကုံးရှိနေပါသေးတယ်၊ ဝေနှင်းကလည်း မှုံးကို ကူညီမှာပါ၊ မေမေနောက်အိမ်ထောင်ပြုသွားတယ်ဆိုတဲ့ သတင်းကြားတော့ ဝေနှင်းက သူနဲ့လာနေဖို့ လှမ်းခေါ်တာပါ"

"အင်းလေ . . ဒီအတိုင်းပဲ သွားရတော့မှာပဲပေါ့၊ မေမေ့ကိုမေ့ထားလိုက်တော့သမီး၊ မေမေ့ကံကြမ္မာနဲ့ မေမေ ရင်ဆိုင်ရတော့မှာပဲလေ၊ မှုံးသာ မမိုက်နဲ့၊ ကြိုးစားနော်၊ မေမေလည်း ဒီယောကျ်ားလက်ကနေ ရုန်းထွက်နိုင်အောင် ကြိုးစားထားပါ့မယ်လေ"

"မှုံးကို ယုံကြည်စိတ်ချပါမေမေ၊ မှုံး ကြိုးစားပါ့မယ်"

မေမေ့ကို နှုတ်ဆက်ကန်တော့ပြီး မှုံး ထွက်လာခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိုး ရန်ကုန်ကို လာမယ့်အကြောင်း ဝေနှင်းထံ ကြိုတင်ဖုန်းဆက် အကြောင်းကြားထားပြီးသားဖြစ်၏။ မိုး ဘာမှမပူနဲ့ ဝေနှင်းလာကြိုနေမယ်လို့ ပြောပြီးသားပဲ၊ အခုတော့ အဝေးပြေးဂိတ်ကြီးထဲမှာ ခရီးသည်တွေက လာကြိုကြတဲ့သူတွေနှင့် အလျိုလျို ထွက်သွားကြပြီဖြစ်သော်လည်း မိုးကတော့ တစ်ယောက်တည်း မတ်တပ်လေး ရပ်နေလျက်ပင် ရှိလေသည်။

ဝေနှင်း ရှင်က ဘာဖြစ်လို့လာမကြိုရတာလဲ။ ဘာဖြစ်နေလို့လဲဟင်။ အချိန်နဲ့ နေ့ရက်တွေပဲ လွဲနေလို့လား။ ဒါမှမဟုတ် မိုး လာနေမှာပဲ ရှင်လက်မခံချင်လို့ ရှောင်နေတာများလား။ ဝေနှင်းကတော့ ဒီလိုလူမျိုးမဟုတ်ပါဘူး။ ဝေနှင်းကိုယ်တိုင်က မိုးကို လာနေဖို့လိုလိုလားလား ခေါ်ခဲ့တာပဲဟာ။

"ညီမလေး"

"ဟင်"

"ဘယ်သွားမလို့လဲ၊ လာကြိုတဲ့လူ ရှာမတွေ့သေးဘူးလား၊ အစ်ကိုတို့ အကူအညီပေးရမလား ပြောနော်"





မိုး မျက်နှာလေးကို တင်းမစ်လိုက်ပြီး ခပ်တည်တည်နှင့် ရပ်နေမိလေသည်။ မိန်းကလေးတစ်ယောက်တည်း ယောင်လည်လည်ဖြစ်နေတော့လည်း အနှောင့်အယှက်ပေးချင်တဲ့လူတွေက မျက်စိကျလာကြမှာပါပဲ။ မိုး မကြောက်နဲ့၊ အရာအားလုံးကို သတ္တိရှိရှိ ရင်ဆိုင်စမ်းပါဟယ်၊ နှင့်လမ်းနှင်ရွေးချယ် လျှောက်လှမ်းရတော့မှာပဲ။ သူငယ်ချင်းဝေနှင်းတို့အိမ်ကို လိပ်စာအတိုင်း လိုက်သွားလျှင် ကောင်းမလားပဲ။

မဖြစ်သေးပါဘူးလေ။ လောလောဆယ်မှာ လူရမ်းကားသုံးယောက်အုပ်စုက မိုး မရှောင်မလည်ဖြစ်နေပြီထင်၍ အုတုတုစပ်ဖြဖြလုပ်ချင်နေကြလေသည်။ အငှားကားနဲ့ သွားတော့လည်း မိုးတစ်ယောက်တည်း လိပ်စာက ဇဝေဇဝါဆိုတော့ ဒုက္ခရောက်နေဦးမည်။ စိတ်ရှုပ်လိုက်တာနော်၊ ဝေနှင်းကလည်း ဘာဖြစ်လို့များ လာမကြိုသေးလည်းမသိပါဘူး။ မိုး လာမယ့်ရက်ပဲ လွဲနေတာလား။

"ညီမလေးရယ် ပြောပါ၊ အစ်ကိုတို့ ကူညီမှာပါလေး



www.burmeseclassic.com

www.burmeseclassic.com



စေတာနာနဲ့ပါကွ၊ ပြော ဘယ်လိုက်ပို့ရမလဲ၊ ဒီလောက်ဆို ကြိုမယ့်သူက မလာတော့ပါဘူး၊ လိပ်စာပါလား ပြစမ်းပါ''

ခပ်စုတ်စုတ် ခပ်ညစ်ညစ် မှုံးထက် အသက်အရွယ်ကြီးမည်ဟု ထင်ရသော လူသုံးယောက်ရဲ့ မျက်ဝန်းတွေထဲမှာ ရမ္မက်ခိုးတွေ ဖုံးလွှမ်းနေပြီး ယုတ်မာကောက်ကျစ်တော့တည့် အရိပ်လက္ခဏာတွေ ပေါ်လွင်နေလေသည်။

မှုံး ကြောက်လိုက်တာ။ ဘယ်လိုလုပ်ရမလဲနော်။ ဒီကနေထွက်သွားရင်လည်း နောက်ကလိုက်ပြီး နှောင့်ယှက်တော့မှာပါပဲ။ ဟိုရှေ့က အအေးဆိုင်ကိုသွားပြီး အကူအညီတောင်းရင် ကောင်းမလားပဲ။ မဖြစ်သေးပါဘူး၊ အဲဒီအအေးဆိုင်မှာက ဟားတိုက်ရယ်မောနေကြတဲ့လူတွေ တစ်ပုံကြီးပါပဲ။

''လာပါညီမလေးရယ်၊ အစ်ကိုတို့ လိုက်ပို့ပေးပါ့မယ်၊ ဒီမှာတစ်ယောက်တည်း ဆက်ရပ်နေလို့ မဖြစ်သေးပါဘူး၊ လာပါကွ၊ ဟဲ…ဟဲ ဒီနယ်မြေက အစ်ကိုတို့နယ်မြေလေ၊ လွန်ဆန်ရဲတဲ့လူတစ်ယောက်မှ မရှိဘူးလေ''





မှုံးကို ခြိမ်းခြောက်တဲ့စကားတွေ ပြောပြီး အနားသို့ တိုးကပ်လာလေတော့သည်။ မှုံး ဘာလုပ်ရမလဲ။ ထွက်သွားရမလား။ လူတွေကိုပဲ အော်ဟစ်အကူအညီတောင်းလိုက်ရမလား။ သေချင်လိုက်တာနော်၊ မှုံးတော့ အရှက်တကွဲအကျိုးနည်း ဖြစ်ပြီး ဒုက္ခတွေ့တော့မယ်ထင်တာပဲ။

ကြောက်စိတ်တွေကို ဖျောက်ဖျက်လိုက်တာ မျက်နှာလေးက တင်းတင်းလေး လုပ်ထားပြီး ဟန်မပျက်ပဲ ဆက်ရပ်နေလိုက်သည်။ ရင်တွေတော့ တုန်နေ၏။ ဆောက်တည်ရာမရအောင် ကြောက်နေပေမယ့် အမူအရာတွေ ပျက်မသွားအောင် ထိန်းချုပ်နေလိုက်ရလေသည်။

''ဟဲ…ဟဲ ညီမလေး ဘယ်သွားမှာလဲလို့ မေးနေတယ်လေ၊ အစ်ကိုတို့ ကူညီမှာပါ၊ ဘယ်သွားမလဲပြော''

''ရှင်…ရှင်တို့ ဘာတွေလဲ၊ ကျွန်မကိုလာပြီးမနှောင့်ယှက်နဲ့နော်၊ ကျွန်မကို လာကြိုမယ့်သူတွေ တွေ့သွားရင် ရှင်တို့ အရှမ်းနောင်တရသွားလိမ့်မယ်၊ ဘာမှတ်လဲ''



www.burmeseclassic.com

www.burmeseclassic.com



ချယ်မှုံးထင် ခပ်တည်တည်နှင့် မာမာထန်ထန် ပြောလိုက်လေသည်။ သို့သော်လည်း လူဆိုးလူရှုပ်တွေက ဖြုတောင်မဖြုပေ။

ဘုရားရေ ဘယ်လိုလုပ်ကြမလဲ။ မျက်နှာက ပျက်ချင်နေပြီ။ နှုတ်ခမ်းသားလေးတွေက တဆတ်ဆတ်တုန်ရီချင်လာရ၏။ ကြောက်ရူးတွေပင် တုန်လာတော့မလားမသိဘူး။ မဖြစ်တော့ပါဘူး မှုံး ရှေ့ဆက်ပြီး ဟန်ပင်ဆောင်နိုင်တော့မှာ မဟုတ်ဘူး။ ထိုင်ပြီးသာ ငိုချပစ်ချင်နေမိလေသည်။

စေနှင်း ရှင်ရော ဘယ်ရောက်နေလဲ။ မှုံးကို လာမနေစေချင်လို့ ရှောင်နေတာများလားဟယ်။ ဒုက္ခပါပဲနော်··မှုံးလည်း ဘယ်မှမသွားတတ်မလာတတ်နဲ့ ရင်ထဲမှာ ကြောက်ရွံ့စိတ်တွေ ဝမ်းနည်းကြေကွဲမှုတွေနှင့် ဗလောင်ဆူလာလေသည်။

"ဒီနေရာက အစ်ကိုတို့နယ်မြေနော်၊ မင်းသိထားဖို့ပြောတာပါ၊ အစ်ကိုတို့က စေတနာနဲ့ ကူညီမှာပါကွာ၊ လာပါ"

တစ်ယောက်က မှုံး အဝတ်အိတ်ကို ဆွဲလေတော့သည်။

"ရှင်တို့ ဘာတွေလဲ၊ ပြောလို့မရဘူးလား၊ ကျွန်မ အော်





လိုက်မှာနော်"

"အော်လေ···တို့တွေက ဘာလုပ်လို့လဲ၊ မင်းကို ဆောင်မလည်ဖြစ်နေလို့ ကူညီတာပဲဟာ၊ ဘယ်သူ့ကို မင်း အကူညီတောင်းမလဲ၊ ဒါ တို့တွေရဲ့နယ်မြေပါဆို"

နောက်မဆုတ်သွားဘဲ ရှေ့ဆက်တိုးလာနေသဖြင့် မှုံး လေးတွေပင် တဆတ်ဆတ် တုန်ရီချင်လာရသည်။ ရှက်လိုက်တာ ရှက်တာပဲ။ စိတ်တွေတင်းထားပေမယ့် တကယ်တမ်းကြတော့ ရင်ဆိုင်ဖို့ သတ္တိတွေ အင်အားတွေ ကင်းမဲ့လာရလေသည်။

မှုံး ဘယ်လိုလွတ်မြောက်ဖို့ ကြိုးစားရမလဲ။ ပတ်ဝန်းကျင် အော်ဟစ်အကူအညီတောင်းဖို့ကလည်း ပြဿနာပိုရှုပ်ထွေးသွား စိုးရိမ်နေသည်။ ဒီလူရှုပ်တွေက မှုံးကိုပိုပြီး ပြဿနာရှာကာ ခွဲတော့မှာ သေချာ၏။ မေမေရယ်···မှုံးကို ကယ်ပါဦး။ ထွက်လာမိတာ မှားပြီထင်တယ်နော်။ မှုံး ကယောင်ကတမ်း မှုံးအား ဘယ်နည်းနှင့်မှ အကူအညီပေးနိုင်ခြင်းမရှိရှာလေသော ကို တမ်းတနေမိလေသည်။ မှုံး ပြာယာခတ်နေစဉ် ကားလေး



www.burmeseclassic.com

www.burmeseclassic.com



လှလေးတစ်စီးက လျှောခနဲ ထိုးရပ်လာလေတော့သည်။

"ချယ်မှုံးထင်"

"ရှင်"

"မင်း…ချယ်မှုံးထင် မဟုတ်လား"

"ဟုတ်ကဲ့"

"လာ…ကားပေါ်တက်၊ မင်းကို ဦးလာကြိုတာလေ"

"ဝေနှင်း အကြိုခိုင်းလိုက်တာလားဟင်"

"ဟုတ်တယ်လေ…ဝေနှင်း နေမကောင်းလို့ ဦးကိုလာကြိုခိုင်းတာပါ၊ နောက်ကျသွားတယ်ကွယ်၊ ကဲပါ ကားပေါ်တက်၊ ဝေနှင်း စိတ်ပူနေတော့မယ်"

"ဟုတ်…ဟုတ်ကဲ့"

အဝတ်အိတ်ကို ကားနောက်ခန်းထဲ ဝစ်ထည့်လိုက်ပြီး ကားရှေ့ခန်းမှာ ဝင်ထိုင်လိုက်လေတော့သည်။ ဟွန်း…နင်တို့ ဘာတတ်နိုင်သေးလဲ၊ မှုံးကို လာကြိုတဲ့ ဦးရဲ့တည်ကြည်ခန့်ညားတဲ့ ရုပ်ရည်နှင့် စီးလာတဲ့ကားကြီးရဲ့ အရှိန်ကြောင့် လူရှုပ်တွေ နောက်





ဆုတ်သွား၏။

ကားလေးက အဝေးပြေးကားဝင်းကြီးထဲမှ ထွက်လာလေသည်။ စောစောက တုန်လှုပ်ချောက်ချားနေရတာတွေ ကြောက်ရွံ့အားငယ်နေရတာတွေ လွင့်ပျောက်သွားရပြီး နှုတ်ခမ်းသားလေးပေါ်မှာ ပြုံးယောင်လေး သမ်းလာရသည်။

"ဝေနှင်း အရမ်းနေမကောင်းဖြစ်နေလို့လားဟင် ဦး၊ အားက ဆိုက်တာကြာပြီသိလား၊ မှုံး ဒုက္ခရောက်နေတာလေ၊ ကြောက်လိုက်တာဦးရယ် သေတော့မတတ်ဘဲ၊ ဟိုလူရှုပ်တွေက အင့်ကို နှောင့်ယှက်နေကြတာလေ၊ ဦးရောက်လာလို့ တော်သေးပါတယ်"

မှုံး အသံလေးတွေပင် တုန်ရီလှိုက်ခါနေဆဲဖြစ်လေသည်။ ကားလေးက အဝေးပြေးကားကွင်းကြီးနှင့် ဈေးရာသို့ အရှိန်တင်၍ မောင်းထွက်သွားတော့၏။ ဦးဆိုတဲ့လူကြီးကလည်း ကားလေးကိုပဲ အာရုံစိုက်မောင်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ချယ်မှုံးထင်"

"ရှင်"

"မင်းကို ဘယ်ပို့ပေးရမလဲ"

"ရှင်"

"မင်းဘယ်သွားမှာလဲ၊ ဝေနှင်းဆိုတဲ့ မိန်းကလေးရဲ့ ထိဝ်စာရောပါလား"

"ဟို…ဟို ဦးကို ဝေနှင်းက အကြိုခိုင်းလိုက်တာ မဟုတ်ဘူးလား"

"မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဦးက အဝေးပြေးကားဂိတ်ကို အလုပ်ကိစ္စတစ်ခုနဲ့ လာတာပါ"

"ဟင်…ဒါဆို ဦးက မှူးနာမည်ကို ဘယ်လိုလုပ်သိနေတာလဲ၊ ပြီးတော့ ဝေနှင်းနာမည်ရောပဲ သိနေတာလေ"

"အဟက်"

ဦးဆိုတဲ့လူကြီးကို ချယ်မှူးထင် နားမလည်သကဲ့သို့ ဆတ်ခနဲ မော့ကြည့်လေသည်။ ဘာတွေလဲ၊ မှူးနာမည်ကို ချယ်မှူးထင်လို့ ဦးက စတင်ခေါ်ခဲ့တာပဲလေ။ ပြီးတော့ ဝေနှင်းက အကြိုခိုင်းတာလားဆိုတော့ အင်းတဲ့။ အခုတော့ မှူးသတိထားမိသွားရတာက ဦးအပြုံးတွေက ဖြူစင်ရိုးသားနေတာရယ်၊ လူကြီးလူကောင်းပီသလွန်း၏။ ဝတ်စားဆင်ယင်ထားမှုတွေနဲ့ ချောဖြူသန့် ချောမောခန့်ညားနေတာတွေရယ်ပါပဲ။

"ချယ်မှူးထင်ဆိုတဲ့ မင်းရဲ့နာမည်ကိုသိတာ ဘာဆန်းလို့လဲ ကလေးရဲ့၊ မင်းအိတ်မှာ မင်းနာမည်ရေးထားတဲ့ကဒ်လေး ချိတ်





ထားတာပဲဟာ"

"ဟင်"

ဟုတ်သားပဲ…မှူး အဝတ်အိတ်မှာက ချယ်မှူးထင်လို့ ရေးထားတဲ့ကဒ်လေး ချိတ်ထားတာပဲ။

"ချယ်မှူးထင်ဆိုတဲ့ နာမည်လေးကို ဦးက ခန့်မှန်းခေါ်လိုက်တာပါ၊ မှန်သွားတယ်လေ၊ မင်းကို ဟိုလူရှုပ်တွေ နှောင့်ယှက်နေတာ သတိထားမိလို့ အကူအညီပေးလိုက်တာပဲလေ"

"ဟို…ဝေနှင်းနာမည်ကိုလည်း ဦး ဘယ်လိုလုပ်သိနေရတာလဲဟင်"

"မင်းကပဲ ဝေနှင်းက အကြိုလွှတ်လိုက်တာလားလို့ မေးတော့ ဦးက အလိုက်သင့်ဖြေလိုက်တာ၊ မင်းကိုကြည့်ပြီး နယ်ကလာတယ်ဆိုတာ ဦးသတိထားမိပါတယ်"

"အမယ်လေး ဦးရယ်၊ မှူး အရမ်းပဲကျေးဇူးတင်ပါတယ်၊ ဦးသာ ဥပေက္ခာပြုလိုက်ရင် မှူးတော့ ဒုက္ခပါပဲနော်၊ မှူး အရမ်းကြောက်ပြီး အရမ်းကိုပဲ အားငယ်နေတာပါ၊ ဦးက စိတ်ကူးကောင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ အရမ်းတော်တာပဲ"

မိုး ကျေးရူးတွေတင်လွှန်းပြီး ဦးဆိုတဲ့လူကြီးအား တစ်အားပဲ ခွပ်ပြီး ချီးမွမ်းပစ်လိုက်မိတော့သည်။ ဦးရဲ့ စိုရဲရဲ နှုတ်ခမ်းတွေက ပြုံးယောင်ယောင်လေး သမ်းနေလေ၏။ အသက်ကတော့ သုံးဆယ်ကျော်လောက်ပဲ ရှိမယ်ဟု မိုး တွေးမိသွားရသည်။ အရမ်းချောပြီး အရမ်းခန့်ညားတာပဲ။ လူကြီးလူကောင်းတစ်ယောက်ဖြစ်တာတော့ သေချာပါတယ်။ ကျေးဇူးတင်လိုက်တာနော် ရင်ထဲမှာ ဖော်ပြလို့တောင်မရအောင် ကျေးဇူးတွေ တင်မိသွားရတာပါ။

"ဦးဟာ အရမ်းကို ထက်မြက်ပြီး စဉ်းစားဉာဏ်ရှိတာပဲ၊ ဒုက္ခရောက်နေရတာပါ၊ ဟန်မဆောင်နိုင်တော့လောက်အောင်ပဲလေ၊ ခဏလောက်ကြာရင် မိုး ယိုင်ခွေလဲကျပြီး ငိုချပစ်လိုက်တော့မှာသိလား"

မိုးရဲ့ အရှက်သိက္ခာတွေကို ဦးက အဖတ်ဆယ်ပေးလိုက်တာပဲဟု တွေးနေမိပြီး ကျေးဇူးတွေ အထပ်ထပ်တင်နေမိသည်။

"ကျေးဇူးတင်ပါတယ် ဦး.ရယ်၊ မိုးမှာ ဝေနှင်းလိပ်စာပါ





ပါတယ်၊ လာကြိုမယ်လို့လည်း ဖုန်းဆက်ထားပြီးသားပါ"

"ဝေနှင်းက ဘာတော်လဲ"

"မိုး သူငယ်ချင်းပါ ဦး"

"မင်းက သူငယ်ချင်းလာကြိုတာ နောက်ကျရင်လည်း ဘာဖြစ်လို့ ဖုန်းနဲ့ ဆက်သွယ်ဖို့ မကြိုးစားရတာလဲကွာ"

ဦးက အပြစ်တင်သံနှင့် စိတ်ပျက်လက်ပျက် ပြောလေသည်။ ကားကိုလည်း လမ်းဘေးတစ်နေရာမှာ ထိုးရပ်လိုက်တော့၏။ အကြည့်တွေက မိုးအား သနားသလိုဖြစ်နေ၍ မိုး နည်းနည်းတော့ မကျေမနပ်ဖြစ်သွားရလေသည်။ မိုး ငယ်ငယ်လေးထဲက မိုးအား သနားသလိုကြည့်တာမျိုး ဘယ်တော့မှ လက်မခံခဲ့ပေ။ မိုးကို သနားသလိုကြည့်တာက မိုးအား နှိမ်ချဆက်ဆံတာပဲဟု ယူဆသတ်မှတ်ထား၍ဖြစ်၏။

"မိုးလည်း ဖုန်းဆက်ဖို့သတိရပါတယ် ဦး၊ ဒါပေမယ့် ဝေနှင်းက ရုံးဖုန်းပေးထားတာပါ၊ ဒီနေ့ ရုံးပိတ်ရက်လေ၊ ဝေနှင်းအိမ်မှာ ဖုန်းမှမရှိတာ၊ မိုး ဒီလောက်မညံ့ပါဘူး၊ အတွေးအခေါ်တော့



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်”

မှုံးစိတ်ထဲမှာ တင်းသွားသဖြင့် အသံတွေကလည်း မာထန်ထန်လေး ဖြစ်သွားရတော့သည်။ မှုံးက တမင်သက်သက် ကားကွင်းထဲမှာ ရပ်နေတဲ့သဘောမျိုး ဖြစ်နေ၏။ ပြီးတော့ မှုံးကို သနားနေတာလည်း မကြိုက်ပါဘူး။

“ဟ…ဘယ်လိုဖြစ်သွားရတာလဲကွ၊ စောစောကတော့ ဦးကို အရမ်းကျေးဇူးတင်ပါတယ်ဆိုပြီး စကားတွေ ရွှန်းရွှန်းဝေနေတာပဲ၊ အခုလေးတင်က မာလိုက်တာကွာ”

“မှုံးကို အထင်သေးတာတွေ၊ သနားနေတာမျိုးတွေတော့ မှုံး လုံးဝမကြိုက်ဘူးနော်”

“ဦးက မင်းကို အထင်တော့မသေးပါဘူးကွာ၊ မင်းက ရိုးသားဖြူစင်တဲ့ မိန်းကလေးဆိုတာ ကြည့်ရုံနဲ့သိပါတယ်ကွ”

အခုမှ တွေ့ဘူးတဲ့လူတစ်ယောက်နှင့် ဘယ်လိုအကြောင်း မဲ့ရှိနေပါစေ အရောတဝင် တရင်းတနှီး မနေထိုင်သင့်ဟု မှုံး တွေး မိလိုက်လေသည်။ မှုံးက အခုမှ ရန်ကုန်မြေကို ခြေချနင်းခဲ့တာပဲ။





မဖြစ်သေးပါဘူး။ လူတွေအားလုံး နှင့်လို မရိုးသားဘူးနော် ချယ်မှုံး ထင်။ နှင့်ပုံစံကြီးက အရမ်းအရောတဝင်ကြီး ဖြစ်နေပြီပဲ။ ကိုယ့်ရှိန် လေးအား သပ်ထားဖို့ မှုံးကိုယ်မှုံး သတိပေးလိုက်လေသည်။

“ဒီမှာ မှုံးသူငယ်ချင်း ဓနှင်းရဲ့လိပ်စာပါ၊ ဒီလောက်ဆို ရပါပြီလေ”

“ပေး…မင်းသွားမယ့်လိပ်စာက”

ပေးမလိုဟန်ပြင်ပြီးမှ မှုံး အသိတရားလေးဝင်သွားရကာ လိပ်စာကဒ်လေးကို ပြန်ရုပ်သိမ်းလိုက်ပြီး ပိုက်ဆံအိတ်လေးထဲ ပြန်ထည့်ထားလိုက်၏။

“ရပါပြီ…ဒီလောက်ကူညီတာပဲ အရမ်းကို ကျေးဇူးတင် ပါတယ်၊ ကျွန်မ အငှားကားနဲ့ပဲ သွားပါတော့မယ်”

မှုံး မျက်နှာပိုးသတ်ပြီး တည်တည်လေးနှင့် ပြောလိုက်မိ လေသည်။ ဘာပဲဖြစ်ဖြစ် ဘယ်လိုလူမျိုးတွေကိုမှ အလွယ်တကူ မယုံကြည်သင့်ဘူး။ မှုံးမှာက ကြိုးစားရန်းကန်ရဦးမှာလေ။ ကိုယ်ကျင့်တရားနဲ့ အရှက်သိက္ခာတွေကိုတော့ အသက်ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်သင့်ရင် ကာကွယ်သွားရမှာပဲလေ။

"ချယ်မှုံးထင်"

"ရှင်"

"စောစောကလို အဖြစ်မျိုး ထပ်တွေ့သွားချင်လို့လား"

"ရှင်"

"ဘာရှင်လဲ…ကိုယ်က စေတနာနဲ့ အကူအညီပေးတာနော်၊ အဖြူရောင်ပဲ"

"ဟို…ဟို မှုံးကလည်း ဒီကကို အထင်မသေးပါဘူး။ မယုံမကြည်လည်း မရှိပါဘူး၊ ကူညီတာလည်း ကျေးဇူးတင်ပါတယ်၊ မှုံး ဆက်သွားလို့ရနေလို့ပါနော်၊ ဟို အားနာပါတယ်၊ မှုံးရှေ့ဆက်သွားတော့မယ်လေ"

ကူညီထားတဲ့ ကျေးဇူးတရားကို ထောက်ထားပြီး လေသံကို နည်းနည်းတော့ လျှော့ပစ်လိုက်လေသည်။ အကြည့်စူးစူးတွေက မှုံး မျက်လုံးတွေထဲအထိ ထိုးဖောက်လာသဖြင့် မှုံးမှိုတို့ရှုန်းတန်းလေး တောင် ဖြစ်သွားရ၏။ ထိတ်ထိတ်ပြာပြာလေး





ဖြစ်သွားရပေမယ့် ဦးဆိုတဲ့လူကြီး မရိပ်စားမိလေအောင် အချိန်မီ ထိန်းထားပစ်လိုက် သည်။

"ကျေးဇူးတင်ပါတယ်၊ ကျွန်မသွားတော့မယ်နော်"

သူမ ခြေလှမ်းစလှမ်းဖို့ ကားတံခါးလေးအား ဖွင့်ဖို့ပြင်လိုက်စဉ်မှာပင် ကားတံခါးသော့က ချောက်ခနဲ ကျသွားလေ၍ တံခါးက ဖွင့်မရတော့။

"ဟင်"

"မလန့်ပါနဲ့ ချယ်မှုံးထင်၊ ကိုယ်က စေတနာနဲ့ပဲ၊ မင်းလို အရမ်းချောမောနေတဲ့ ကောင်မလေးတစ်ယောက်တည်း ကားငှားစီးသွားရင် စောစောကလို အဖြစ်မျိုးတွေနဲ့ ထပ်ကြုံသွားနိုင်လို့ပါ"

"ရှင်"

"ဘာရှင်လဲ"

"ဟို…ဟို"

သူ့နှုတ်ခမ်းလေးတွေက ပြုံးယောင်သန်းသွားပြီး ကိုယ်လုံးကြီးကပါ မှုံးဘက် လှည့်လာတော့သည်။ မှုံးကလည်း ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



အရေးကြောက်အရွံ့မရှိသလို ခပ်တည်တည်လေး ပြန်ကြည့်နိုင်ဖို့ ကြိုးစားလိုက်မှ မိုးကို အရမ်းချောမောတဲ့ ကောင်မလေးတဲ့။ အဲဒါ တော့ မိုး ထောက်ခံပါတယ်။ လူတိုင်းက မိုးကို အဲဒီလိုသတ် မှတ်ပြောဆိုကြတယ်လေ။

"မင်းသွားမယ့်လိပ်စာကိုသာ ပြစမ်းပါ၊ ကိုယ်လိုက်ပို့ ပေးပါမယ်၊ မင်းသူငယ်ချင်း ဝေနင်းကို မတွေ့ရင် ခက်နေလိမ့်မယ် နော်၊ ဘယ်လိုအကြောင်းတွေကြောင့် လာမကြိုနိုင်မှန်းမှ မသိတာ ပဲ"

ဟုတ်သားပဲ ဝေနင်းက ဘယ်လိုအခက်အခဲတွေနဲ့ တွေ့နေ ရလို့ ဖုန်းဆက်ထားပါလျက်နဲ့ လာမကြိုရတာလဲ။ ဝေနင်းကို မတွေ့ ရင် ဒုက္ခပါပဲလို့ တွေးမိသွားတော့သည်။ မိုးက ရန်ကုန်မြေနဲ့ အရမ်းစိမ်းနေ၏။ ဘယ်သွားလို့ ဘယ်လာရမှန်းပင် မသိသေး။ အားငယ်ကြောင့်ကြစိတ်လေး ဝင်လာရပြီး မျက်ရည်တွေပင် ဝဲချင် လာရသည်။

"ပေးစမ်းပါကွာ…မင်းလိပ်စာ၊ ကိုယ်က လူကြီးလူ





ကောင်းပါကွ၊ စေတနာနဲ့ကူညီနေတာနော်၊ ကဲ တစ်ကနေ တစ်ဆယ်အထိ ရွတ်မယ်၊ မင်းဆီက လိပ်စာမပေးရင်တော့ ခင်းထိုက်နဲ့မင်းကံပဲလေ၊ ကားပေါ်ကဆင်းပြီးသွားနိုင်တယ်၊ ကိုယ် က အလုပ်အရမ်းများတယ်ကွ၊ မင်းကိုသနားလို့ အချိန်ပေးတာ"

ဟွန်း…အဲဒီလိုသနားနေတာကိုပဲ မိုးက မကြိုက်တာပဲ။ ဘာဖြစ်လို့ မိုးက သနားစရာကောင်းနေရတာလဲ။ သနားတယ်ဆို တဲ့စကားနှင့် အကြည့်တွေကို မိုး အမုန်းဆုံးပဲ။ မိုးကို သနားစရာ မလိုပါဘူး။ မိုးမှာ အားမာန်တွေရှိတယ်။ အရည်အချင်းတွေရှိတယ်။ အစွမ်းအစတွေရှိတယ်။ မိုးကို သနားလို့ဆိုပြီး လာမကူညီပါနဲ့။

"တစ်"

"ဟင်"

မိုး အတွေးလွန်သွားရာမှ တစ်ဟု ရေရွတ်လိုက်တဲ့အသံ ကြောင့် အထိတ်တလန့် မော့ကြည့်လိုက်မိသည်။

"နှစ်"

"သုံး"



www.burmeseclassic.com

www.burmeseclassic.com



"လေး"

"ငါး"

ဂဏန်းတွေကို ခပ်မြန်မြန်ရေတွက်နေလေသည်။ ရှင်က ယုံရလို့လား။ စတွေ့တုန်းက ဦးတဲ့၊ အခုတော့ ကိုယ်တဲ့။ လူတွေကို မယုံနဲ့ ချယ်မှုံးထင်။ ချမ်းသာတာလည်း အထင်ကြီးစရာမရှိပါဘူး။ ကိုယ်ကျင့်တရားက အဓိကပဲနော်။

"ခြောက်"

"ခုနစ်"

"ရှစ်"

"ချောက်"

"ဟင်"

"မင်းဆင်းဖို့ အဆင်သင့်ဖြစ်အောင် တံခါးသော့ဖွင့်ပေးလိုက်တာလေ"

မှုံး စဉ်းစားရခက်ခဲစွာဖြင့် ထိုင်နေမိလေသည်။ ဘာပဲဖြစ်ဖြစ် လောလောဆယ်တော့ အားကိုးရမည်လေ။ တကယ်လို့ ဝေနှင်း





တို့တွေ့လျှင်…

"ကိုး"

"ကျွန်မ ဦးရဲ့အကူအညီကို ယူပါ့မယ်"

"ကိုယ့်အပြုအမူတွေ ကလေးကလားဆန်သွားလား ချယ်မှုံးထင်"

"ရှင်"

"ကိုယ်တစ်ခါတလေ ကလေးကလားဆန်ချင်တယ်၊ သည်ဖြစ်လို့လဲဆိုတော့ လူ့လောကကြီးထဲမှာနေရတာ မွန်းကြပ်လို့"

"ရှင်"

"ဘာရှင်လဲ"

"ရှင်"

"ဟာကွာ"

ဝေနှင်းရယ် ရှင့်ဆီကိုပဲ မှုံး ရောက်ချင်နေပါပြီဟာ။ စိတ်အရမ်းမောတယ်ဟာ သိလား။ ရှင်ကော ဘာဖြစ်နေလဲ။ မှုံးကို ဘက်ခံမထားချင်လို့လားဟင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ တကယ့်ကို ရိုးသားဖြူစင်တဲ့ မိန်းကလေး ပဲ၊ ကိုယ်နဲ့တွေ့ဆုံခဲ့ဘူးတဲ့ မိန်းမတွေက မရိုးသားကြပါဘူး ချယ်မွှားထင်"

"ရှင်"

သူ နှစ်မြိုက်စွာ ပြုံးနေတော့လည်း ပျော်စရာတော့ အကောင်းသားပဲ။ မွှား ဘာတွေ စဉ်းစားနေတာလဲ။ အရေးကြီးနေ တာက ရန်ကုန်မြို့ကြီးထဲမှာ မွှား ဘယ်လိုရပ်တည်ရမလဲ။

"သွားကြစို့နော်"

မွှား ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ထိုင်နေစဉ်မှာပင် ကားလေး က မောင်းထွက်သွားလေတော့သည်။ စိတ်ထဲမှာတော့ လေးလံ နေသလိုပါပဲ။ ဝေနှင်းကိုတွေ့ပါစေဟု ကြိတ်ပြီးဆုတောင်းနေမိလေ သည်။



## အခန်း (၃)

ဝေနှင်းနေတဲ့ တိုက်ခန်းလေးဆီ ရောက်လာတော့ မနှေ့ည ... ဝေနှင်းဖြူ ကားအက်ဆီးဒင့်ဖြစ်၍ ဆေးရုံမှာရောက်နေသည်ဆို ... သတင်းကိုကြားလိုက်ရလေသည်။ တော်ပါသေးရဲ့ ဝေနှင်းရှိနေ ... ဒဏ်ရာပဲရပြီး အသက်အန္တရာယ် စိုးရိမ်စရာမရှိဘူးဆို၍ စိတ် ... သွားရ၏။

"ဘယ်လိုလဲ ချယ်မွှားထင်၊ မင်းသူငယ်ချင်းဆီ လိုက်သွား ..."

တိုက်ခန်းက ပိတ်ထားပြီး ဘေးခန်းကလူတွေ ထွက်ပြီး ... ပြပေး၍ တော်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံကိုပဲ လိုက်သွားရတော့မှာပဲလေ၊ ဦးကို အားနာ
လိုက်တာ အလုပ်တွေအရမ်းများနေရင်လည်း မွှေး အငှားကားနဲ့
သွားလိုက်ပါ့မယ်"

"လာပြန်ပြီလားကွာ ဒီအငှားကား၊ မင်း ဆေးရုံကိုရော
သိလို့လား၊ ဒုက္ခရောက်နေပါဦးမယ်၊ ကိုယ်ပဲ အစအဆုံး ကူညီလိုက်
ပါတော့မယ်လေ"

မွှေး ခရီးဆောင်အိတ်ကို ဘေးခန်းမှာအပ်ထားခဲ့ပြီး ဆေးရုံ
ကို လိုက်ခဲ့လေသည်။ လောလောဆယ်တော့ သူ့အနားမှာရှိနေဖို့
အဆင်ပြေနေတာပဲဖြစ်သည်။

"ချယ်မွှေးထင်"

"ရှင်"

"မင်းနဲ့ မိတ်ဆက်ရဦးမယ်လေ၊ ကိုယ့်နာမည်က ဦးမိုးဒေ
ဝါတဲ့"

"ရှင်"

"ဘာရှင်လဲ"





"ဟို…ဘာမှမဟုတ်ပါဘူး၊ နာမည်က ဆန်းနေလို့ပါ၊
မွှေး နာမည်တော့ သိပြီးပြီနော်၊ ချယ်မွှေးထင်လေ"

"အင်း…ဒီနေ့တော့ ကိုယ့်စိတ်တွေ တော်တော်လေး
ရှုပ်ထွေးတက်ကြွနေတယ်လေ၊ မင်းနဲ့ဆုံတွေ့ရတာ ထူးဆန်းပြီး
စိတ်လှုပ်ရှားစရာပဲ"

"ရှင်"

"ကိုယ်က အရမ်းအလုပ်ကိစ္စတွေနဲ့ ရှုပ်ထွေးနေရတာတ
ဲ့ဘယ်လေ၊ ကိုယ့်ဘဝမှာ လွတ်လပ်ပေါ့ပါးမှုဆိုတာ မရှိတတ်ဘူး"

ဦးမိုးဒေဝါရဲ့ မျက်နှာပေါ်မှာ ညှို့မှိုင်းနွမ်းနယ်ဖျော့တဲ့
အရိပ်လေးတော့ ထင်နေတာ ချယ်မွှေးထင် သတိထားဖြစ်ခဲ့သေး
သည်။ စတွေ့စကပေါ့။ မျက်နှာက မှုန်တည်တည်ကြီးဆိုတော့
ဆေးနှင်း ဘယ်လိုလူကြီးကိုများ လာကြိုခိုင်းပါလိမ့်ဟု တွေးမိသေး
သည်။ ပြီးတော့ ဝေနှင်းက သာမန်အဆင့်လောက်ပဲနေနိုင်တာပါ။
အိပ်ခန်းကျဉ်းကျဉ်းလေး တစ်ခန်းငှားပြီး တစ်ယောက်တည်းနေရ
သတဲ့။ ဒါပေမယ့် ဝေနှင်းလာအကြိုခိုင်းလိုက်တဲ့ လူကြီးက အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာနေ၍ အံ့ဩပြီး စိတ်ထဲမှာတော့ သံသယဝင်နေခဲ့လေသည်။

"မင်းနဲ့လာဆုံရတာ တကယ့်ကို အံ့ဩထူးဆန်းတာ ကွာ"

"ဦး"

"ဟင်"

"ကျွန်မ ဆေးရုံကို အမြန်ရောက်ချင်ပါတယ်၊ ဟိုဆေး ဝေနှင်းအခြေအနေကို သိချင်လို့"

အကူအညီပေးနေတဲ့လူကိုလည်း မောက်မောက်မာမာနဲ့ သံသယဝင်တဲ့စကားတွေ မပြောလိုပေ။ ဦးက လူကြီးလူကောင်း တစ်ယောက်ဆိုတာ ကြည့်ရုံနဲ့သိသာပါတယ်လေ။ ဒါပေမယ့်လည်း ဦးနိုဒေဝါရဲ့ အကြောင်းတွေကို ဘာမှမသိချင်ပေ။ စိတ်က ဝေနှင်းဆီ ပဲ ရောက်နေတော့၏။ ဆိုးဝါးတဲ့အခြေအနေ မရှိပေမယ့် စိတ်ပူမ မိလေသည်။

"မင်းက ရိုးသားဖြူစင်တယ် ချယ်မှုံးထင်"

"အရေးကြီးတာက ဝေနှင်း မုံးရိမ်စရာ အခြေအနေမရှိဖူး ဆိုတာပဲ သိချင်နေပါတယ်"

"ကိုယ် ကူညီမယ်ဆိုရင်လည်း မင်းက လက်ခံမှာမဟုတ် ဘူး"

"တော်ပါပြီ ဦး၊ ဒီလောက်အထိကူညီတာပဲ ကျေးဇူးတင် ပါတယ်နော်၊ မှုံး အရှင်းဆုံးပြောထားချင်တာက မှုံးကို မသနားပါ နဲ့ မှုံးကို သနားနေတာမျိုးမကြိုက်လို့"

မှုံး ကံကြမ္မာအလှည့်အပြောင်းကြောင့် မှုံးဘဝ အခြေအနေ ဆိုးရွားသွားခဲ့ရပေမယ့် မှုံးမှာ မာန်မာနတွေရှိတယ်။ ရိုးသားဖြူစင် မှုပဲ ဘဝကို အားကြိုးမာန်တက် ဖြတ်သန်းချင်ပါတယ်။ မှုံးက နှလုံးရှိတာလည်းမဟုတ်၊ မုဆိုးမလည်းမဟုတ် အားမာန်တွေ အပြည့် အဝရှိပြီး ငယ်ရွယ်သန့်စွမ်းလေသည်။ အနာဂတ်မှာ မျှော်လင့်ချက် တွေ တစ်ပုံတပင်ကြီး ရှိနေနိုင်သေးတာပါပဲ။

"စောစောက မင်းလေသံ မာထန်သွားတာကိုက သနား တယ်လို့ ပြောလိုက်မိလို့ကိုး၊ တောင်းပန်ပါတယ်ကွာ မင်းက ဆက်မြက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးဒေဝါစကားတွေ ဖောင်ဖွဲ့နေ၍ ကားလေးက နေးတွေးလွန်းနေသည်ဟု ထင်မိလေသည်။ ရှင့်ဆီပဲ မွှေး ရောက် ချင်နေတာပါ ဝေနှင်းရယ်။ ကံကြမ္မာက ဘာဖြစ်လို့များ ဒီလောက် အပြောင်းအလဲတွေ ဖြစ်သွားရတာလဲဟာ။ ညကမှ ရှင် ကားအက် ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်သွားရတာတဲ့။

"လမ်းထိပ်မှာပဲ တားနဲ့တိုးမိတာလေ၊ ကံကောင်းလို့သာ ပေါ့၊ ဝေနှင်းဖြူ ချက်ချင်းသတိလစ်သွားတာ ရပ်ကွက်ကသိလို့ ပေါ့"

ကပ်လျက်အခန်းက အဒေါ်ကြီးစကားတွေကို ပြန်၍ကြား ယောင်နေမိသည်။ တိုက်တိုက်ဆိုင်ဆိုင်ဟယ် ညကမှတဲ့။

"ချယ်မွှေးထင်"

"ဟင်"

"တိုက်ဆိုင်မှုတစ်ခုပဲနော်"

"ရှင်…ဘာတိုက်ဆိုင်မှုလဲဟင်"

"ချယ်မွှေးထင်နဲ့ ဦးမိုးဒေဝါတို့ ဆုံမိဖို့အတွက်များ ဝေနှင်း





ဖြူ ကားအက်ဆီးဒင့်ဖြစ်ရတာလားလို့လေ"

"ဝေနှင်းဆီရောက်ချင်ပါပြီ၊ ကားကို ခပ်မြန်မြန်လေး မောင်းပေးပါလား"

ဦးမိုးဒေဝါရဲ့ စကားတွေကို လမ်းကြောင်းပြောင်းသွား အောင် ကားကိုပဲ ခပ်သွက်သွက် မောင်းစေခိုင်းမိလေသည်။

"မင်း မနက်စာမစားရသေးဘူး မဟုတ်လား ချယ်မွှေး ထင်၊ အရမ်းဆာနေပြီထင်တယ်"

"မဆာပါဘူး သူငယ်ချင်းနဲ့ပဲ အမြန်ဆုံးတွေ့ချင်တာပါ နော်၊ ရင်ထဲမှာ ပြည့်နေပြီ"

မွှေး အသည်းအသန် ငြင်းဆန်လိုက်သဖြင့် ဦးမိုးဒေဝါ သဘောကျစွာ ရယ်မောနေလေသည်။ စိတ်ပျက်လိုက်တာ သူက တော့ ပျော်ရွှင်နေပုံပင်။ ကျွန်မကိုတော့ အထင်သေး အမြင်သေး လာမလုပ်နဲ့နော် ဦးမိုးဒေဝါ၊ ချယ်မွှေးထင်က အရမ်းမာနကြီးတယ်၊ ကိုယ်ပိုင်အစွမ်းအစနဲ့ပဲ ချမ်းသာကြီးပွားချင်တာ။

"မင်းမဆာဘူးဆိုတော့လည်း ပြီးတာပါပဲလေ ရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့မှာပါ"

မှုံ ကားလေးက အရှိန်နှုန်းမြင့်လာ၍ စိတ်သက်သာသွားရသည်။ စကားတွေလည်း ဖောင်ဖွဲ့မနေချင်တော့ပါဘူး။ ဝေနှင်း အခြေအနေပဲ သိချင်တယ်။ တစ်ခုစိတ်အေးရတာက ဝေနှင်းကို တွေ့ရလို့ပါပဲ။

ဆေးရုံရောက်တော့ ဦးမိုးဒေဝါရဲ့ အကူအညီနှင့်ပင် ဝေနှင်းအား ရှာတွေ့ခဲ့သည်။ ဝေနှင်း သတိကောင်းကောင်းရနေပြီး ခြေထောက်မှာပဲ ကျောက်ပတ်တီးကိုင်ထား၏။

"ဝေနှင်း"

"သြော်...မှုံ"

"အမလေး...ဝေနှင်းရယ်၊ မသေကောင်းမပျောက်ကောင်းဟာ မှုံလေ ရှင်လာမကြိုလို့ ဒုက္ခတွေရောက်နေတာ"

မှုံဘေးမှာ ဦးမိုးဒေဝါကိုကြည့်ပြီး ဝေနှင်း အံ့သြစွာကြည့်နေသည်။

"ရှင်လာမကြိုလို့ ဒုက္ခတွေများနေတုန်း ဒီဦးက ကူညီခဲ့တာလေ၊ ဒီအကြောင်းတွေ နောက်မှပြောပြမယ်ဟာ၊ ဒါက ဦးမိုးဒေဝါတဲ့"

"ဟုတ်ကဲ့...တွေ့ရတာဝမ်းသာပါတယ် ဦးရယ်၊ ဝေနှင်း ရုတ်တရက် ကားအက်ဆီးဒင့်ဖြစ်သွားလို့ ဆေးရုံရောက်သွားတာလေ၊ မနက်မှ သတိရတာပါ၊ မှုံးကိုကူညီတာ ကျေးဇူးတင်ပါတယ်"

မှုံကတော့ ဦးမိုးဒေဝါအား ပြန်စေချင်နေပါပြီ။ ဝေါတင်ကြီး ပြန်ခိုင်းလို့ကလည်း အားနာစရာကြီး ဖြစ်နေလေသည်။

"ဝေနှင်းဖြူ"

"ရှင်"

"ကိုယ် ဘာကူညီရဦးမလဲ"

"ဟုတ်ကဲ့ ရပါပြီ၊ မှုံးတို့နှစ်ယောက် ဆုံကြပြီပဲ၊ ဦးခုလိုကူညီတာ ကျေးဇူးအများကြီးတင်ပါတယ်နော်၊ ပြန်လို့ရပါပြီ"

ဝေနှင်းကို မေးလိုက်တဲ့ မေးခွန်းအတွက် မှုံးပဲ ကြားမှ အကူအညီမလိုအပ်တော့ကြောင်း ကပျာကယာ ဝင်ဖြေလိုက်ရလေ





www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးမိုးအေဝါရဲ့ နှုတ်ခမ်းတွေက တွန့်တွန့်လေးပြုံးယောင်သန်းသွားလေ၏။

"ဘုရားပြီးလို့ ငြိမ်းဖျက်တာမျိုးလား ချယ်မှုံးထင်"

"မဟုတ်ပါဘူး ဦးရယ်၊ အားနာလို့ပါ၊ ဦးမှာက အလုပ်တွေ အရမ်းများတာမဟုတ်လား"

"ကောင်းပါပြီလေ....ပြန်လိုက်ပါဦးမယ်၊ နောက်လည်း ထပ်တွေ့စရာမလိုတော့ဘူးမဟုတ်လား ချယ်မှုံးထင်"

"ဟုတ်ကဲ့...အဲ"

မှုံးရဲ့ ခေါင်းလေးအား လှမ်းပုတ်ပြီး ဦးမိုးအေဝါ ပြန်ထွက်သွားလေတော့သည်။ အခုမှပဲ စိတ်မောသက်သာသွားရပြီး သက်ပြင်းမောကြီးကို ဟူးခနဲ မှုတ်ထုတ်ပြစ်လိုက်ရ၏။

"ဟူး"

"ဟဲ့...ရှင် ဘာတွေဖြစ်လာတာလဲ မှုံး၊ ဦးနဲ့ရော ဘယ်လိုဆုံကြတာလဲ"

ဦးမိုးအေဝါနှင့် ဆုံတွေ့ခဲ့ကြတဲ့ အကြောင်းတွေကို ပြောပြ





သောအခါ ဝေနှင်းက မျက်နှာစပ်ဖြဖြလုပ်၍ မှုံးအား နောက်ပြောင်နေတော့သည်။

"နဖူးစာရွာလည်တာပဲထင်၊ တကယ့်ကို အံ့သြစရာပဲ ဘယ်၊ ရှင်တို့နှစ်ယောက် ဆုံဖြစ်ကြဖို့ ကျုပ်က ကံကောင်းလို့မသေတာနော်"

"တော်စမ်းပါဟာ ကျုပ်ဘဝအခြေအနေ ကံဆိုးမိုးမှောင်ကျနေလို့ ရှင့်ဆီလာခိုကပ်ဖို့ ရောက်လာတာပါနော်၊ ဦးမိုးအေဝါလိုယောက်ျားမျိုးတွေကို မှုံးက ခပ်ဝေးဝေးလေး ရှောင်ရမယ်"

"ရှင်ရဲ့ ကိုယ်ကျင့်တရားနဲ့ စိတ်ဓာတ်ကို ကျုပ်လေးစားပါတယ် မှုံးရယ် တို့နှစ်ယောက်ပေါင်းပြီး ကြိုးစားရင်ဆိုင် တိုက်ပွဲဝင်ကြတာပေါ့ အိုကေ"

"အိုကေ"

နှစ်ယောက်သား လက်သီးလက်မောင်းတန်းပြီး ကြိုးစားမယ်ဟု အော်လိုက်ကြ၍ ပတ်ဝန်းကျင်မှာရှိနေတဲ့လူတွေပင် အလန့်တကြား ဖြစ်သွားကြရလေသည်။ ကိုယ်ရှိန်သတ်ပြီး အနားကတ်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ပြောဆိုမိကြတော့၏။

"မွှေး အခုမှပဲ စိတ်အေးသွားရတော့တယ် ဝေနှင်းရယ်၊ ဘာမှကြောက်စရာမလိုတော့ဘူး၊ အင်အားတွေအပြည့်ပဲ"

မကြာခင်မှာပင် ဝေနှင်းဆေးရုံက ဆင်းရလေသည်။ တိုက်တဲ့ကားဒရိုင်ဘာက ဆင်းရဲနွမ်းပါး၍ ဝေနှင်းက ဘာမှ မတောင်းဆိုတော့ပါဘူးဟု ခွင့်လွှတ်လိုက်၏။ ဝေနှင်းက စိတ်သဘောထားကောင်းပြီး လူတွေအပေါ် ကူညီတတ်သူပါ။ အငှားကားနှင့် ဆေးရုံမှဆင်းကြလေတော့သည်။



## အခန်း (၄)

ဒီနေ့တော့ ဦးမိုးဒေဝါရဲ့စိတ်တွေ အတော်လေး ရွှင်မြူး တက်ကြွလန်းဆန်းနေရလေသည်။ ချယ်မွှေးထင်ဆိုတဲ့ ကောင်မလေး နှင့် တွေ့ဆုံကြပုံက စိတ်ဝင်စားစရာ ရင်ခုန်လှိုက်မောဖွယ်အတိ ဖြစ်နေရ၏။ သူ့ဘဝတစ်လျှောက်လုံးမှာ ငယ်စဉ်ဘဝထဲက ယခု အချိန်အထိ စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံချမ်းသာစွာ နေခဲ့ရပေမယ့် မိဘတွေသဘောအရ ရွေးချယ်ခဲ့သော သော်တာရီနှင့် လက်ထပ် လိုက်ပြီးတဲ့အချိန်မှစ၍ အိမ်ထောင်ရေးပဋိပက္ခတွေ သဘောထား ချင်းမတိုက်ဆိုင်မှုတွေ၊ သစ္စာမဲ့ ဖောက်ပြန်မှုတွေနှင့် အဆက်မပြတ် ရင်ဆိုင်ခဲ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးတစ်ယောက် မွေးပြီး သမီးလေးမျက်နှာကြောင့် သည်းခံပေါင်းဆက်နေခဲ့ပေမယ့် သော်တာရဲ့ သစ္စာမဲ့ဖောက်ပြန်မှုတွေကြောင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲလိုက်လေသည်။ စီးပွားရေးကအစ၊ ငွေကြေးကအစ ရသင့်ရထိုက်တာထက် ပိုကဲပေးလိုက်၏။ သမီးလေး ခင်ယုဇနကို မာမီတို့နှင့် ထားကာ သူကတော့ သီးသန့်တစ်ယောက်တည်း နေထိုင်ခဲ့သည်။

သော်တာလည်း သမီးလေးကို လာရောက်တွေ့ဆုံခွင့်ရှိပြီး သမီးလေးအတွက် နှစ်ယောက်လုံး ရန်သူလို မဆက်ဆံကြဘဲ မိတ်ဆွေအဆင့် သတ်မှတ်ကြဖို့ သဘောတူညီခဲ့သည်။ သူတို့လူကြီးတွေကြောင့် သမီးလေး စိတ်အားမငယ်စေရန် ဖြစ်သည်။ အိမ်ထောင်ရေးနယ်ပယ်ထဲ တမ်း အလုပ်တွေ ရှုပ်တွေးပြီး အပျော်ဆိုတာ မရှိခဲ့တာကြာပြီပဲလေ။ အပြုံးအရယ်ကိုပင် မေ့လျော့နေတတ်သော ဦးမိုးဒေဝါရဲ့စိတ်တွေ ဒီနေ့မှ ကြည်နူးပီတိတွေ တသိမ့်သိမ့် တငြိမ့်ငြိမ့် တိုးဝင်ငြိတွယ်လာရလေတော့သည်။

"ချယ်မှုံးထင် မင်းဘယ်လိုကောင်မလေးလည်းကွာ။





န်းစိတ်ဝင်စားစရာကောင်းတယ်"

ဦးမိုးဒေဝါရဲ့ စိတ်တွေထဲမှာ ချယ်မှုံးထင်ဆိုတဲ့ ကောင်မချော နုနုထွတ်ထွတ် ဖြူဖြူစင်စင် ကောင်မလေးက နေရာပြည့်ဝင်ယူနေလေသည်။

"မင်းမှာ မာနရှိတယ်၊ အားမာန်တွေရှိတယ်၊ အဲဒီအရာရှိနေတဲ့ မိန်းမချောလေး မင်းကို ကိုယ်မေ့ပစ်လို့မရဘူးကွာ"

မဖြစ်သေးပါဘူး။ ချယ်မှုံးထင်က ငယ်ရွယ်နုပျိုနေတယ်။ ဒေဝါ ဘယ်လိုနည်းနဲ့မှ စိတ်မဝင်စားသင့်တဲ့အရာတွေ ကြီးမား စီးပွားရေးလုပ်ငန်းကြီးကို ပိုင်ဆိုင်ထားတဲ့ ဂုဏ်သရေရှိ လူကြီးကောင်းတစ်ယောက်အနေနှင့် ဂုဏ်သိက္ခာကျဆင်းစေမယ့် အပြုအမူတွေကိုပဲ ရှောင်ရမယ်။

"တော်ပြီကွာ...မင်းကို ငါခေါင်းထဲကနေ မောင်းထုတ်ရမယ် ချယ်မှုံးထင်၊ ငါက နာမည်ပျက်မခံနိုင်ဘူး၊ ဂုဏ်သိက္ခာမခံနိုင်ဘူးကွ"

ချယ်မှုံးထင်ဆိုတဲ့ ကောင်မလေးအား သူ့ခေါင်းထဲမှ မောင်း



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ပစ်လိုက်ရန် ဦးမိုးဒေဝါ ဆုံးဖြတ်ချက် အခိုင်အမာချလိုက်လေသည်။

"မှုံးကို မသနားပါနဲ့၊ မှုံးကို သနားပြီး ကူညီတာမကြိုက်လို့"

ဦးမိုးဒေဝါ မေ့ပစ်ဖို့ ကြိုးစားပေမယ့် ချယ်မှုံးထင်ရဲ့ အသံလေးနှင့် အမူအရာလေးကို ဘယ်လိုနည်းနှင့်မှ မေ့ပစ်လို့မရနိုင်ဘဲ ဖြစ်နေရသည်။ အခန်းထဲမှာ တစ်ယောက်တည်း အိပ်ရာပေါ်မှာ လှဲနေရင်း ချယ်မှုံးထင်ကို သတိရနေမိ၏။ တွေ့မြင်ချင်နေသည်။ မဖြစ်နိုင်ဘူးဆိုတဲ့အသိနှင့် ထိန်းချုပ်ထားပေမယ့် ချယ်မှုံးထင်အား မေ့ပစ်လို့မရဘဲ တမ်းတမ်းတတလေး ဖြစ်နေရ၏။

ချယ်မှုံးထင်ရယ် မင်းရဲ့ဖြူစင်ရိုးသားတဲ့ မျက်ဝန်းလေးနဲ့ စိုဝင်းနေတတ်နေတဲ့ အသားအရေလေးရယ်၊ အရပ်အမောင်း မြင့်မြင့်လေးနဲ့ တောင့်ဖြောင့်နေတဲ့ ကိုယ်လုံးလေးရယ်၊ ဟာကွာ မင်းနဲ့ ဘာဖြစ်လို့များ ကြုံကြုံဖန်ဖန် ဆုံတွေ့ခဲ့ကြရတာလဲ ချယ်မှုံးထင်ရယ်။

သူ့ အလုပ်ကိစ္စနှင့် အဝေးပြေးကားကွင်းကို လာရောက်





...း အပြန်တွင် ကောင်မချောချောလေးတစ်ယောက်အား လူရှုပ်တွေ... နှောင့်ယှက်နေတာ မထင်မှတ်ပဲ တွေ့လိုက်ရလေသည်။ ...ကောင်မလေးရဲ့ ခရီးဆောင်အိတ်မှာ ချယ်မှုံးထင်ဆိုတဲ့နာမည်လေး ...ထားၡ် ချယ်မှုံးထင်ဟု ခေါ်လိုက်တာ မှန်သွား၏။ ချယ်မှုံး...င်နှင့် တွေ့ဆုံခဲ့ပုံလေးက ဒဏ္ဍာရီဆန်လွန်းနေမလားမဲ။

အမြဲတမ်း တည်တည်ကြည်ကြည်နှင့် အပြုံးအရယ်ပင် ...နေတတ်သော ဦးမိုးဒေဝါသည် ချယ်မှုံးထင်နှင့် ဆုံမိကာမှ ...လေးကလားနှင့် အပြောင်အပျက်တွေ လုပ်ခဲ့မိ၏။

"ချယ်မှုံးထင်...မှုံးရယ်"

ကိုယ် မင်းကိုသတိရနေတယ်ကွာ တကယ်တော့ ကိုယ်က ...တွေနဲ့ အကင်းရှင်းဆုံးနေချင်တာပါကွာ၊ ချယ်မှုံးထင်နှင့် ဆုံမိဖို့ ...ကြစ္စာက ဖန်တီးလာလေသည်။

ချယ်မှုံးထင်ဟာ နယ်ကနေ သူငယ်ချင်းအိမ်မှာနေဖို့ ...က်လာတာပဲဖြစ်နိုင်သည်။ ဆင်းရဲနွမ်းပါးပုံလည်းရ၏။ မင်းမှာ ...င်လိုအခက်အခဲတွေများ ရင်ဆိုင်ကြုံတွေ့နေရလဲ မှုံး။


www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးဒေဝါက အကူအညီပေးပါမယ်ဆိုတော့လည်း ချယ်မွှန်းထင်က ငြင်းဆန်မှာသိနေသည်။

"မွှန်းကို မသနားပါနဲ့၊ သနားလို့ ကူညီတာမျိုး မွှန်း လုံးဝ မကြိုက်ဘူး"

မာနတွေနှင့် တင်းနေတဲ့ မျက်နှာချောချောလေးကို မေ့… လို့ မရဘဲ ဖြစ်နေလေသည်။ ကိုယ် မိန်းမတွေကို မချစ်တတ်ဘူး။ လူပျိုဘဝမှာလည်း ချစ်သူရည်းစား မထားခဲ့သလို သော်တာနှင့် လက်ထပ်ရတော့လည်း အချစ်မရှိ လူကြီးမိဘတွေ သဘောတူတဲ့ မိန်းမ။

အချစ်ကို စဉ်းစားဖို့ မေ့နေခဲ့သော ဦးမိုးဒေဝါတစ်ယောက် ချယ်မွှန်းထင်ဆိုတဲ့ မိန်းကလေးနှင့် တွေ့ဆုံမိပြီး အချစ်ကို ခံစားချင်လာရသည်။ မဟုတ်သေးပါဘူး။ ကိုယ့်အသက်အရွယ်နဲ့ ပြီးတော့ သမီးလေးက ရှိနေသေးသည်။

ချယ်မွှန်းထင် မင်းဘယ်ရောက်နေလဲကွာ။ ဘာတွေလုပ်နေလဲ။ ကိုယ်တွေ့ချင်နေတယ်။ မင်းကို အကူအညီတွေ ပေးချင်နေ…





…တယ်။ ကိုယ့်နှလုံးသားတွေထဲမှာ မင်း စူးနစ်တိုးဝင်နေပြီပဲ။

"တီ…တီ"

"တီ"

ခြံဝမှ ကားဟွန်းသံကြောင့် မာမီနှင့် သမီးလေး လာပြီဆို… သိလိုက်လေသည်။ ဦးမိုးဒေဝါ ထလိုက်၏။ စိတ်တွေက …လွတ်လပ်နေလေသည်။ သမီးလေးကို ဆီးကြိုဖို့ အပြင်ထွက် …၏။ အောက်ထပ်ကိုရောက်တော့ သမီးလေးက သူ့ဆီ ပြေး …တော့၏။

"ဒက်ဒီ"

"ပေ့…သမီးလေး"

ကိုးနှစ်သမီးလေးကို ပွေ့ချီလိုက်လေသည်။ မိတကွဲ …ကွဲဖြစ်နေတဲ့ သမီးလေးကို ချစ်မြတ်နိုးသနားနေမိပြီး စိတ်အား …ချင်ပေ။ ဖခင်တစ်ယောက်ရဲ့ တာဝန်တွေကို အပြည့်အဝ …ပေးလိုသည်။

"ဒက်ဒီကို သတိရတယ်ဆိုတာနဲ့ မေမေလိုက်ပို့တာလေ"



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးက မေ့မေ့နှင့်နေလေသည်။ သူ့မှာ အလုပ်ကိစ္စ

တွေ များလွန်း၍ မထိန်းနိုင်ပေ။

"အတော်ပဲကွာ…ဒီနေ့ ဒက်ဒီ အလုပ်နားတယ်၊ ကဲပြော

သမီးလေး ဘယ်သွားမလဲ"

"ကလေးကစားကွင်းသွားမယ်"

"အိုကေ…ဒက်ဒီကိုယ်တိုင် လိုက်ပို့မယ်နော်"

"ဒက်ဒီ"

"ပြောလေ"

"မာမီ့ကိုလည်း ခေါ်လိုက်ရင်ကောင်းမလား"

"ဒက်ဒီပါနေပြီပဲကွာ"

"မာမီ့ကိုလည်း လိုက်စေချင်တာပေါ့၊ သုံးယောက်အတူ

တူ သွားချင်တာ၊ မာမီ့ကိုခေါ်လိုက်မယ်နော် ဒက်ဒီ"

သမီးလေးက ဒက်ဒီနှင့် မာမီ အတူမနေကြပေမယ့် ကွဲ

သည်ဆိုတဲ့ ဝေါဟာရစကားရဲ့ အဓိပ္ပါယ်ကို အသေအချာမသိသေး

ပေ။ သူတို့ကလည်း သမီးလေး စိတ်အားမငယ်စေဖို့ မကြားစေ





တွေ့ဆုံသွားလာတတ်သည်။

"နော်…ဒက်ဒီ"

"မာမီ အလုပ်မအားဘူးထင်တယ်ကွယ်"

"ဘာဖြစ်လို့ မအားရမှာလဲ ဒက်ဒီ၊ Sunday က အလုပ်

ပိတ်ရက်လေ"

သမီးလေးသည် ဉာဏ်ရည်ထက်မြက်ပြီး အရွယ်နှင့်

ကိုက်အောင် တော်လေသည်။ ယခင်က သော်တာနှင့်ချိန်းပြီး

သွားစုသွားလာရတာ ဝန်မလေးခဲ့ပေမယ့် အခုတော့ သူ့စိတ်က

လေးနေ၏။ တော်ကြာ မထင်မှတ်ဘဲ ချယ်မှုံးထင်နဲ့ ဆုံမိပြီး

ကို မိန်းမရှိနေသည်ဟု ထင်သွားမှာစိုး၍ ဖြစ်လေသည်။

"ဒက်ဒီ"

"ဟင်"

"ဘာဖြစ်နေတာလဲ မာမီ့ကိုခေါ်လိုက်လေ"

"ဟုတ်ပါတယ် သားရယ်၊ သော်တာ့ကိုခေါ်လိုက်ပါ၊

လေး စိတ်အားငယ်သွားလိမ့်မယ်၊ ဒီအရွယ်က အသိဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



နနယ်သေးတယ်လေ"

မေမေကလည်း မြေးဆန္ဒပဲ အဓိကထားလေသည်။ သော်တာနဲ့ သူ အကင်းရှင်းဆုံးနေခဲ့ပေမယ့် မေမေနှင့်သမီးလေးကတော့ တရင်းတနှီး နေချင်စေချင်လေ၏။

"မြေးလေးဆန္ဒအရပဲ လုပ်ပေးပါကွယ်၊ မေမေပဲ သော်တာ့ကို ဖုန်းဆက်ခေါ်လိုက်တော့မယ်"

"မဖြစ်ဘူး မေမေ"

"ဟင် ဘာဖြစ်လို့လဲသားရဲ့၊ အမြဲတမ်း ဒီလိုပဲသွားနေတာပဲလေ"

မေမေကတော့ သော်တာ့အပေါ် မြေးသံယောဇဉ်နဲ့ရော အချစ်ဆုံးသူငယ်ချင်းရဲ့ သမီးဖြစ်နေတာရောကြောင့် အမုန်းမရှိလေ မိသားစု ပြန်ဖြစ်ပင် သင့်မြတ်စေချင်လေသည်။

"သော်တာက နောင်တတွေရပြီး သားဆီပြန်လာရင် လက်ခံလိုက်ပါကွယ်"

သော်တာနှင့် ပြန်ပေါင်းဖို့ကတော့ သူ့မှာ ဆန္ဒမရှိတော့





ပေ။ သမီးလေး စိတ်အားငယ်သွားမှာ စိုး၍သာ အလိုက်အထိုက် ပြောဆိုဆက်ဆံနေမိခြင်း ဖြစ်လေသည်။

"ဒက်ဒီ"

"ဟင်"

"မာမီ့ကို ဖုန်းဆက်ခေါ်ပေးပါ၊ သမီးသိပါတယ်၊ မာမီ လာမှာပါ၊ ဟိုနေ့က မာမီဖုန်းဆက်တယ်၊ မာမီက ပြန်လာချင်တာ ဒက်ဒီက လက်မခံလို့တဲ့"

"ဟင်"

ဦးမိုးဒေဝါ အထိတ်တလန့်တော့ ဖြစ်သွားရလေသည်။ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် သော်တာနှင့် ပြန်၍မပေါင်းလိုပေ။

"ဒက်ဒီပဲ လိုက်ပို့ပေးမယ်နော် သမီးလေး၊ လာ…သမီး သွားချင်တဲ့နေရာတွေသာပြော ဒက်ဒီလိုက်ပို့မယ်"

သမီးလေးက သော်တာကို တမ်းတမနေအောင် ကမျာကသာ ဆွဲခေါ်ပြီး ကားဆီလာခဲ့လေသည်။

"ဒက်ဒီကလည်း မာမီ့ကို ဘာဖြစ်လို့ မခေါ်ချင်ရတာလဲ



www.burmeseclassic.com

www.burmeseclassic.com



သမီးက မိသားစုသုံးယောက်သွားချင်တယ်"

သမီးက နှုတ်ခမ်းသားလေးကို စူပြီး မကျေမနပ်ပြောလေတော့သည်။

"ဒက်ဒီနဲ့ သမီး နှစ်ယောက်တည်းသွားတာ ပိုကောင်းတယ်၊ သမီးမာမီက အလုပ်များတယ်လေ"

"မများပါဘူး၊ မာမီက သမီးပဲ အဓိကတဲ့၊ သမီးလေးအတွက်ဆို မာမီက အမြဲတမ်းအဆင်သင့်ပဲတဲ့"

သော်တာ မင်းအကြံအစည်တွေကို ငါမသိဘူးမှတ်နေလား မင်းရှုပ်ပွေလို့အားရပြီး သုံးစရာပိုက်ဆံလည်း မရှိတော့လို့မဟုတ်လား။ သမီးလေးကို ခုတုံးလုပ်ပြီး ကိုယ့်ကို ပြန်ကပ်ချင်နေတာပဲ၊ မင်းက အပျော်အပါးမက်တဲ့ မိန်းမပဲ။ သမီးအပေါ် သံယောဇဉ်ကြီးရင် မင်းဖောက်ပြန်ပါ့မလား။ သော်တာ့အကြောင်း တွေးပြီး သူ ဒေါသဖြစ်နေရသည်။

"ဒက်ဒီ"

"ဟင်"





"မာမီ့ကို ဘာဖြစ်လို့ မောင်းထုတ်ထားရတာလဲ"

"ဘာပြောတယ် သမီး"

"မာမီကပြောတာလေ၊ ဒက်ဒီက အမြစ်ရှာပြီး မောင်းထုတ်လိုက်တာတဲ့"

သော်တာ မင်းတော်တော်ယုတ်မာတာကဲ။ မင်း သစ္စာမဲ့လို့ ဖောက်ပြန်လို့ မင်းဆန္ဒအရပဲ ကွာရှင်းပေးလိုက်တာပါ။ သမီးလေးက ဘာမှမသိရှာဘူး။ မင်း ကိုယ့်ကိုဒုက္ခပေးဖို့ ပြန်လာကပ်တာပဲ မဟုတ်လား။

ဒေါသတွေက ပေါက်ကွဲချင်နေလေသည်။ မဖြစ်ဘူး၊ သော်တာနဲ့ တာရင်းတာနှီးနေလို့ မဖြစ်တော့ဘူး။ ပတ်ဝန်းကျင်မှာ ခမြင်ရှင်းအောင် ကင်းကင်းရှင်းရှင်း နေရမယ်။

"ဒက်ဒီ"

"ပြောလေ သမီး"

"ပင်လယ်စားပြလျှော်ကြီး စီးကြမယ်၊ ဒက်ဒီရော လိုက်စီးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ…ဒက်ဒီက မကြီးမငယ်နဲ့ မစီးချင်ပါဘူး"

"ဟင်…ဒက်ဒီကလည်း မာမီဆိုလိုက်စီးတယ်"

သမီးကျေနပ်အောင် လုပ်ဆောင်ပေးနေမိလေသည်။ သော်တာ့ကို ခေါ်ခိုင်းနေမှာစိုးမိ၏။ သော်တာ့အကြောင်း သမီးလေးက ရေရေလည်လည် မသိပေ။ တစ်နေကုန် သမီးလေးဆန္ဒကို ဖြည့်ဆွမ်းပေးပြီး အဘွားအိမ်ပြန်ပို့ပေးလိုက်လေသည်။

"ဒက်ဒီ နောက်တစ်ပတ်လည်း သွားဦးမယ်နော်၊ မာမီလည်း ခေါ်မယ်"

သမီးကိုထားခဲ့ပြီး ဦးမိုးဒေဝါ ပြန်ထွက်လာခဲ့လေသည်။ သော်တာ လာပဝါသက်မှာကို စိုးရိမ်နေမိ၏။ စိတ်အလှုပ်ရှားကြီး လှုပ်ရှားသွားရလေသည်။



## အခန်း (၅)

"ကျုပ်ဘဝ ရပ်တည်မှုအတွက် အလုပ်တော့ရှာရမှာပဲ ဆနွင်းရယ်၊ ဘယ်အလုပ်ကို စပြီးလျှောက်ရင် ကောင်းမလဲ"

ဝေနှင်းကလည်း ဆေးရုံက ဆင်းလာပြီး အိမ်မှာပဲ အနားယူနေရလေသည်။ ချယ်မှုံးထင်ကတော့ ဝေနှင်းရဲ့ အကူအညီ မရနိုင်သဖြင့် တစ်ယောက်တည်း ဘယ်ကနေဘယ်လို စရမှန်းပင် မသိတော့။

"နေပါဦး မှုံးရာ၊ ဝေနှင်းမှ အပြင်ထွက်လို့မရသေးတာပဲ၊ နှင်းတစ်ယောက်တည်းဆို မဖြစ်ဘူး"

"ရှင်က တစ်လလောက်နားရမှာ၊ မဖြစ်ပါဘူးဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်လထိုင်စားဖို့ ငွေမှမရှိတာ ဝေနှင်း၊ မှုံးမှာ ဆွဲကြိုးလေးတစ်ကုံး ရှိသေးတယ်၊ မှုံး ရောင်းလိုက်မယ်လေ"

"အခြေအနေအရပေါ့ဟာ မှုံးတော့ အလုပ်ထွက်ရှာမယ်၊ နည်းနည်းပါးပါး လှေ့လာရတာပေါ့၊ မှုံးကို စိတ်ချပါ"

"မှုံး"

"ပြော"

"ရှင်က အရမ်းလှတယ်"

"အဟက်···အလုပ်ရရင်တော့ အကောင်းဆုံးစားသောက်ဆိုင်ကြီးမှာ လိုက်ကျွေးမယ်နော်"

"တကယ်ပြောတာပါ မှုံးရာ၊ ကျုပ် စိတ်ပူတယ်"

"မှုံးဘဝကို မှုံး ထိန်းကျောင်းနိုင်ပါတယ် ဝေနှင်းရယ်၊ စိတ်မပူနဲ့နော်၊ ဘဝကို ဒီလိုပဲ ရုန်းကန်ရမှာပဲလေဟာ"

"မှုံးကိုတော့ ယုံပါတယ်၊ သတိထားနော် မှုံးအရည်အချင်းနဲ့ အလုပ်တစ်ခုကို ရမှာပါ"

"အင်း"





ဝေနှင်းကို စားသောက်စရာတွေ အဆင်သင့်လုပ်ပေးထားခဲ့ပြီး ထွက်လာခဲ့လေသည်။ စိတ်ထဲမှာ ကြောက်စိတ်တွေ ရှိနေခဲ့သေမယ့် တင်းထားလိုက်၏။ ချယ်မှုံးထင် နင်မကြောက်နဲ့လေ။ ရင်ဆိုင်ရုန်းကန်ရမှာပဲ အားတင်းထား။ မှုံးခြေလှမ်းတွေက ပိုသွက်လာလေသည်။ သတင်းစာထဲမှာ ကြော်ငြာထည့်ထားတဲ့ အလိုရှိသည် ကြော်ငြာပါ မားကက်ကြီးတစ်ခုမှာ အရောင်းဝန်ထမ်း အလုပ်လျှောက်ရန် ချယ်မှုံးထင် စတင်ချီတက်လာခဲ့၏။

ဝေနှင်း လမ်းညွှန်လိုက်တဲ့အတိုင်း ကားစီးပြီး မားကက်ကြီးရှေ့ ရောက်လာသည်။

"အင်း···ဝန်ထမ်းအလိုရှိသည် သုံးယောက်တဲ့၊ ဘုရား [illegible] သုံးယောက် ရွေးမှာဆိုတော့ မှုံးပါနိုင်ပါ့မလား"

မှုံးက စာပေးစာယူနှင့် သိပ္ပံဘာသာတွဲ ဒုတိယနှစ်ပဲ ရှိသေးပြီး ကွန်ပျူတာလည်း မတတ်ဘူး။ အင်္ဂလိပ်လိုတော့ စကားပြောသင်တန်းတက်ထားတယ်။ ရပါစေ။ ဝေနှင်းကလည်း သိပ်ကောင်းပြောတာ မဟုတ်ပါဘူး။ မှုံးဘဝ ရပ်တည်ဖို့အတွက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်ငွေရှိမှပါလေ။

စိတ်ကိုတင်းလိုက်ပြီး မားကက်ကြီးထဲ ဝင်လိုက်လေသည်။ ရင်ထဲမှာ စိမ့်ခနဲ အေးသွား၏။ မေမေရယ် ကုန်တိုက်မှာ ဈေးဝယ်နေကြတဲ့ မိန်းကလေးတွေ အရမ်းလှပချောမောကြတယ်။ လက်ကိုင်ဖုန်းလေးတွေ ကိုယ်စီနဲ့ ချမ်းသာကြတယ်။ မှုံးမှာတော့ လေ အရောင်းစာရေးမလေးတစ်နေရာရဖို့ ရင်တထိတ်ထိတ်နဲ့ မဝံ့မရဲ ခြေလှမ်းတွေနဲ့ လှမ်းလျှောက်နေရတယ်။ အလုပ်လျှောက်ဖို့ကိစ္စ စုံစမ်းဖို့ ကောင်တာတစ်ခုဆီ မေးမြန်းကြည့်ဖို့ စိတ်တွေစောနေလေသည်။

ထိုအချိန်တွင် လူတစ်ယောက်နှင့် ဝင်တိုက်မိလေတော့သည်။

"အင့်"

"အမလေး"

ထိုလူလက်ထဲမှာ ရှိနေတဲ့ အထုပ်တွေ ဗရမ်းပတာ ပြုတ်ကျကုန်လေသည်။ သူမငေးမောတွေဝေပြီး ဝင်တိုက်မိတာဖြစ်၍





[illegible]အား ကမန်းကတမ်း တောင်းပန်ရလေသည်။

"မှုံး...မှုံး. တောင်းပန်ပါတယ်နော်၊ မှုံး အမှားပါ၊ [illegible]တောင်းပန်ပါတယ်"

မှုံးနှင့် ရွယ်တူကောင်လေးတစ်ယောက်ဖြစ်နေ၍ ကိုယ်ရှိန် [illegible]သည်းသတ်လိုက်ရလေသည်။ သူက မှုံးကို ပြုံးစစနှင့် ကြည့်နေ[illegible]

"အမိနာမည်က မှုံးလား"

သူမတောင်းပန်ပြီးပြီဖြစ်၍ လှည့်ထွက်ဖို့ ပြင်လိုက်သည်။

"နေဦး"

"ပစ္စည်းတွေ ကောက်ပေးဦးလေ"

မှုံး ဘာမှရှည်ရှည်ဝေးဝေး ပြောမနေတော့ဘဲ ပစ္စည်းတွေ [illegible]ကောက်ပေးလိုက်သည်။ ဟွန်း ယောကျ်ားလေးဖြစ်ပြီး တွက် [illegible]ဝင်ကပ်နဲ့။

"ရော့"



www.burmeseclassic.com

www.burmeseclassic.com



"အမိကလည်း ဝင်တိုက်သေးတယ်၊ မာမာကျော့ကျော့
နဲ့"

မှုံး ဘာမှဆက်မပြောမနေတော့ဘဲ ကောင်တာတစ်ခုဆီ
သွားပြီး အလုပ်လျှောက်ဖို့ကိစ္စ မေးနေမိသည်။

"ဟိုကောင်တာမှာ လျှောက်လွှာရောင်းတယ်၊ ကိုယ်
ရာဇဝင်နဲ့ ဓာတ်ပုံဖြည့်ပြီး ထားခဲ့ပါ၊ လူတွေ့စစ်ဆေးဖို့တော့ မကြာ
ခဏ လာကြည့်ပေါ့"

"ဟုတ်ကဲ့"

အလုပ်လျှောက်လွှာပုံစံဝယ်ပြီး မှုံး ပုံစံမှာ ဖြည့်သည်
ကွန်ပျူတာတတ်ကျွမ်းရင် ပို၍ဦးစားပေးမည်ဟု ရေးထားသ
စိတ်ညစ်သွားရ၏။ နောက်မှ ငွေရှာပြီး ကွန်ပျူတာသင်ရမယ်
မေမေ့နောက်အိမ်ထောင်ရဲ့ အသုံးအဖြုန်းကြီးမှုကြောင့် စီးပွားရေ
အဆင်မပြေတော့ပေ။ မေမေ့ကိုလည်း အပြစ်မတင်တော့ပါ
လေ။

လျှောက်လွှာတင်ထားခဲ့ပြီး ကုန်တိုက်ကြီးထဲ လျှော





ကြည့်နေမိလေသည်။

"ချယ်မှုံးထင်"

"ဟင်"

အသံထင်၍ လှည့်ကြည့်လိုက်တော့ စောစောက ဝင်တိုက်
ခဲ့သူ ဖြစ်နေသည်။ နဂိုကတည်းက မရှိပေမယ့် မာနခပ်ကြီးကြီး
နဲ့ မျက်နှာတည်တည်လေး လုပ်ပြီး လှည့်ထွက်ဖို့ ပြင်လိုက်လေ
သည်။

"နေပါဦး...အမိ စောစောက အလုပ်လျှောက်တယ်
ဟုတ်လား"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

"တို့ကူညီချင်တယ်"

"ဘာ"

"တို့အဖေက ဒီမှာ ဒါရိုက်တာလေ"

လူပုံကတော့ ချောချောဖြူဖြူနုနုနှင့် ချမ်းသာတဲ့ပုံပါပဲ။
ပေးပါဘူး၊ လူတွေက အလကား မိန်းကလေးတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



မတ်လုံးတွေပေးပြီး မြူဆွယ်ချင်တာ လုံးဝပဲ။

"မလိုဘူး…ဘာအကူအညီမှ မလိုပါဘူး၊ ကိုယ့်အစွမ်း အစနဲ့ပဲ ရချင်တာ"

"တို့ တကယ်ပြောတာနော်၊ လူက သုံးယောက်ပဲနော် မှာ"

"မလိုပါဘူး"

"မယုံတာလား"

"အကူအညီမလိုလို့"

ပြောပြီး ထွက်လာခဲ့တော့သည်။ မှုံးပုံစံက အတတန်းတွေ များ ဖြစ်နေမလားပဲ။ ဒါမှမဟုတ် ဘာထင်လို့လဲ။ ဟွန်း…မှုံး လိုက်တာနော်၊ ပြန်မှပဲ။ ဝေနှင်းကလည်း သိပ်နေကောင်းသေး မဟုတ်ဘူး။

မှုံး အိမ်ပြန်ဖို့ ဘတ်စ်ကားဂိတ်အရောက်တွင် ကားတစ်စီး က မှုံးအနားမှာ ရပ်လာလေသည်။ ကြည့်လိုက်တော့ သူပဲ။ အဖြူ ရောင် အဆင်းတွေနှင့် ချယ်သထားသော ကားလေးက သူနှင့်





ထိတ်ဖက်သားပဲဟု ထင်မိသွားရ၏။ ဘာဆိုင်လို့လဲ ဂရုမစိုက်တာ အကောင်းဆုံးပဲ။ မှုံးကို အထင်အမြင်သေးချင်သေးနေမှာ။

"ချယ်မှုံးထင် ဘယ်သွားမလို့လဲ၊ လိုက်ပို့ပေးမယ်လေ"

"ချယ်မှုံးထင် ဟုတ်လား၊ တို့နာမည်ကို ဘယ်လိုလုပ် သိနေတာလဲ"

"အလုပ်လျှောက်လွှာပုံစံထဲမှာ ကြည့်တာလေ၊ ကားပေါ် တက်ပါ အမိ"

"ဘာဆိုင်လို့တက်ရမှာလဲ၊ မတက်ပါဘူး၊ ကျွန်မ ဘတ်စ် ကားနဲ့ပဲသွားမှာ"

မှုံး ရန်ကုန်မြေကို ခြေချကာစပဲ ရှိသေးတော့ ယောက်ျား လေးတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် မဖြစ်စေချင်ပေ။ မှုံးက ဘဝကို ရုန်းကန်နေရတဲ့သူပါ။ နာမည်ပျက်မခံနိုင်။ ကိုယ်ကျင့်တရားကို လည်း နည်းနည်းလေးပင် အစွန်းအထင်းမခံလိုပေ။

ကားနဲ့သူလည်း အထင်ကြီးစရာမရှိပါဘူးလေ။ အလကား များကို အချောင်ရမလားလို့။ သူတို့မှာ မှုံးထက် အဆပေါင်းများစွာ



www.burmeseclassic.com

www.burmeseclassic.com



သာတဲ့လူတွေ ဝိုင်းဝိုင်းလည်နေမှာပါ၊ မုန်းလိုက်တာ၊ မှူးကို ဘာမှတ်နေလဲမသိဘူး။ ဒေါသတွေထွက်လာရသည်။ မျက်နှာကျောလေး တင်းတင်းနှင့် ရပ်နေမိ၏။

"ချယ်မှူးထင် တို့က အမိကို လိုက်နှောင့်ယှက်နေတာ မဟုတ်ဘူးနော်၊ အကူအညီပေးမလို့ပါ၊ အမိအလုပ်ရချင်ရင် တို့ အကူအညီပေးနိုင်တယ်လေ"

"ဘာအကူအညီမှ မလိုပါဘူးလို့ ပြောနေပြီပဲ၊ ကိုယ့်အစွမ်းအစနဲ့ပဲ အလုပ်ရချင်တာ၊ ကျွန်မ အိုက်တင်ခံနေတာ မဟုတ်ဘူးနော်၊ အတည်ပြောနေတာ"

"အဟက်"

"ဘာရယ်တာလဲ..လူကို နောက်ပြောင်စရာများ မှတ်နေလား၊ စိတ်တိုလာပြီနော်"

ဘတ်စ်ကားဂိတ်မှာ ကိုယ်ပိုင်ကားနဲ့ ယောကျ်ားလေး တစ်ယောက်က လာပြီး ရိတ်ဒီတိလုပ်နေတာ ပတ်ဝန်းကျင်ကလူတွေ ဘယ်လိုထင်ကြမလဲ။ ရှက်လိုက်တာ မှူး မျက်နှာပူလာမိလေသည်၊





ရှက်စိတ်တွေနှင့် မှူး ခန္ဓာကိုယ်လေးပင် တုန်ရီချင်လာရသည်။ ဒုက္ခပါပဲနော် အဝေးပြေးကားဂိတ်မှာလည်း ကြုံခဲ့ရပြီ။ ဦးမိုးဒေဝါကို သတိရမိလာ၏။ မှူးကိုများ လာပြီးကယ်တင်ဦးမလား။

ဦးမိုးဒေဝါကိုလည်း သတိမရချင်ပါဘူး။ အဲ့ယ်လို ယောကျ်ားတစ်ယောက်မှ သတိမရတာ အကောင်းဆုံးပဲ။ သေချင် လိုက်တာနော်၊ ကားပေါ်မှ သူက အောက်ဆင်းလာသည်။

"တို့နာမည်က အထင်ကရပါ"

မသိချင်ပါဘူး။ ပတ်လည်းမပတ်သက်ချင်ပါဘူး။ အထင်ကရတဲ့။ နာမည်ကြီးက အခေါ်ရခက်တဲ့ နာမည်ကြီး။ လူက ဆော့ သန့်ပြန့်ချောမွတ်နေပြီး ငွေကြေးချမ်းသာတဲ့ အသိုင်းအဝိုင်း ဆဲကမှန်း သိသာနေလေသည်။

"တို့က အထင်ကရ၊ မင်းက ချယ်မှူးထင်၊ ဘာဖြစ်လို့ နာမည်ဆင်နေရတာလဲ၊ တို့နှစ်ယောက် တွေ့ဆုံပုံကလည်း ဆန်းနေ ပါလား"

သူမမျက်နှာထား တင်းတင်းလေးနှင့် ဘတ်စ်ကားပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်သွားတော့လေသည်။ ကားထွက်တော့ သူကျန်ရစ်ခဲ့၏။ ပြန်၍ လှည့်မကြည့်မိအောင် သတိထားနေရသည်။ ဘယ်အရာမဆို စိတ်အလိုမလိုက်ဘဲ ထိန်းချုပ်ပါလို့ မေမေက မှာလိုက်တယ်။ မေမေ ကိုယ်တိုင်လည်း စိတ်အလိုဆန္ဒကို လိုက်မိတာနဲ့ ပြင်ဆင်လို့မရ တော့တဲ့ ကြီးမားတဲ့ ပြစ်မှုကြီးတစ်ခုကို ကျူးလွန်မိသွားရတာယ် တဲ့။

ဘတ်စ်ကားကြီး ခပ်ဝေးဝေးရောက်သွားမှ မှုံး စိတ်အေး သက်သာသွားရလေသည်။



## အခန်း (၆)

"သူကတော့ မှုံးကို အလုပ်ရအောင် ကူညီမယ်လို့ပြော တာပဲ၊ ဒါပေမယ့် မှုံး ဘယ်သူ့ကိုမှ မယုံပါဘူး၊ မှုံးလို မိန်းကလေး တစ်ယောက်ကို အပျော်ပဲကြံစည်မှာလေ"

ကိုလှချောကိုတော့ မှုံး မျက်ဝန်းတွေထဲမှာ ဖျောက်ပစ်လို့ မရအောင် ပုံရိပ်ထင်နေလေသည်။ အသားကဖြူနုပြီး နှစ်သက်စွဲ လမ်းသွားရတဲ့အထဲ ချောမောသန့်စင်နေ၏။ မဖြစ်ပါဘူးလေ အဲဒီလို စိတ်မျိုးတွေ မှုံးမှာ မရှိသင့်ဘူး။ မှုံးဘဝက ကြမ်းတမ်းပါတယ်။ တင့်တယ်မှုလည်း မရှိဘူး။ ဂုဏ်ဒြပ်တွေလည်း မရှိပါဘူး။

"သူ့စတိုင်လ်ကတော့ အရမ်းမိတယ်ဟာ၊ စွဲမက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလောက်အောင် ချောတယ်''

''မှုံး''

''ဟင်''

''ရှင့်ကို ဒီလောက်အထိ အရောတဝင်လာလုပ်တာတောင် ရှင်က ခပ်တည်တည်လုပ်လိုက်တာ ကောင်းတယ်၊ ဒါမှ မိန်းကလေးတစ်ယောက်ရဲ့ ပိုင်ဆိုင်တဲ့ တန်ဖိုးပဲလေ''

မှုံး သူ့ကို သတိတရရှိနေတာတော့ မပြောပြပါ။ မှုံး အဲဒီလောက် စိတ်မပျော့သင့်ပါဘူး။ ဘဝက ကြမ်းတမ်းပြီး အနာဂတ်ကလည်း မရေရာသေးပေ။

''မှုံး''

''ဟင်''

''ရှင်…အထင်ကရဆိုတဲ့ သူ့ကို စွဲလမ်းနေလား''

''ဟင်''

''ရှင့်မျက်ဝန်းတွေ တစ်မျိုးပဲ''

''အဝတ်အစားလဲလိုက်ဦးမယ်ဟာ၊ ညစာအတွက် ကျုပ်ပဲ





ပြင်ဆင်ပေးမယ်နော်''

''ဘယ်အရာကိုမှ အထင်မကြီးနဲ့၊ စိတ်လည်းမဝင်စားလိုက်နဲ့နော် မှုံး၊ လမ်းမှန်ပေါ်မှာပဲ ရပ်တည်နိုင်အောင် ကြိုးစားထား''

''OK''

ဝေနှင်းအနားမှ ထွက်လာခဲ့လေသည်။

အဝတ်အစားလဲဖို့ပင် အင်အားတွေ ချိနဲ့နေလေ၏။ အထင်ကရက မှုံးကို တကယ့်ကို ဖြူစင်တဲ့စေတနာနဲ့ အကူအညီပေးမှာလား။ ဒီကုန်တိုက်ကြီးမှာ သူ့အဖေက ဒါရိုက်တာတဲ့။ ဘာပဲဖြစ်ဖြစ် အထင်ကရရဲ့ အကူအညီကို မယူဘူး။ ခပ်ကင်းကင်းနေရမယ်။ မှုံးဘဝ၊ မှုံးမိဘအသိုင်းအဝိုင်း အထင်ကရရဲ့ ခြေဖဝါးအောက်က သဲမှုန်လေးတွေပဲ ဖြစ်သွားမှာပါ။ မတွေးတော့ပါဘူး။ မနက်ဖြန် လူတွေစစ်ဆေးရမယ်။ ဝင်ငွေရတဲ့အလုပ်တစ်ခု အမြန်ဆုံးရချင်ပေမယ့် သူများကို ကျေးဇူးတင်ရမှာတော့ မလိုလားဘူး။

မှုံး မှန်ရှေ့မှာ ရပ်မိလေသည်။ လူတွေရဲ့ သတ်မှတ်ချက်က မှုံး ချောမောလှပတာပဲတဲ့။ ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့်လည်း အို…ရှုပ်လိုက်တာ။ မွှုံး အစွမ်းအစနဲ့ပဲ အလုပ်ရချင်တယ်။ လူတွေ့စစ်ဆေးတဲ့အခါ အစွမ်းကုန်ကြိုးစားမယ်။ ရမှာပါလေ မွှုံးက အရည်အချင်းပြည့်ဝတာပဲဟာ။

အဝတ်အစားလဲပြီး ညစာအတွက် ပြင်ဆင်နေလေသည်။ ဝေနှင်းက မထနိုင်။ ပိုက်ဆံလည်း မရှိတော့ ဒီတိုက်ခန်းလေးတောင် ကုပ်ကပ်ပြီး ငှားထားတာတဲ့။ ညစာပြင်ပြီး ဝေနှင်းအနား ယူလာခဲ့သည်။

"ရှင်တော့ တစ်လလောက် ပင်ပန်းဦးမှာပဲ မွှုံး၊ ကံကြမ္မာကလည်းဟယ် ဆိုးဝါးလိုက်တာ၊ ဒါပေမယ့် ရှေ့လျှောက်ပြီး ကံကောင်းလာတော့မယ်ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ရှင်နဲ့ အမှတ်မထင် ဆုံကြတဲ့သူတွေက သူဌေးတွေလေ"

"တော်ပါပြီဟာ"

မွှုံး ဘာကိုမှ စိတ်မဝင်စားနိုင်သေးပါဘူးနော်။ လမ်း





ကြောင်းမှန်ပေါ်မှာ ရပ်တည်နိုင်ချင်တယ်။ ကိုယ့်အရည်အချင်းနဲ့ပဲ ကြီးပွားတိုးတက်အောင် ကြိုးစားဖြမယ်။

"မွှုံးက ယောကျ်ားကောင်းတစ်ယောက်နဲ့ပဲ ဖူးစာဆုံရမှာပါ၊ မွှုံး အရမ်းချောပြီး စိတ်ထားလည်း တည်ကြည်ရိုးသားတယ်လေ"

"အယက်"

"မရယ်နဲ့နော်…ကျုပ်က အကောင်းပြောတာ"

"အရေးကြီးတာက မနက်ဖြန် လူတွေ့စစ်ဆေးဖို့ပဲ၊ စာပေဗဟုသုတတွေ လေ့လာလိုက်ဦးမယ်"

စာအုပ်တွေကို ဖတ်နေရပေမယ့် မွှုံး အတွေးတွေထဲမှာ အထင်ကရရဲ့ ပုံရိပ်တွေ ဖုံးလွှမ်းနေခဲ့လေသည်။ ယောကျ်ားလေးတစ်ယောက်ကို ဒီလောက်အထိ အလွယ်တကူ စိတ်မဝင်စားနဲ့၊ မေ့ပစ်လိုက်။ လူတွေ့စစ်ဆေးတော့ ဘာတွေမေးမလဲ။ မွှုံးက လှုပြီးသားပဲ မှန်ရှေ့မှာ ရပ်ပြီး မွှုံး မျက်နှာလေးကို ကြည့်ပဲနေလေသည်။ မေမေနဲ့ မေမေရဲ့ လှပတဲ့အစိတ်အပိုင်းကို မွှုံး ရထားတာတဲ့



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် မျက်တွင်းဟောက်ပက်ဖြစ်မှာစိုး၍ အိပ်ပျော်အောင် ကြိုးစားနေရသည်။ ဘာကိုမှ မစဉ်းစားပါနဲ့ ချယ်မှူးထင်ရယ်။ ဘဝတိုးတက်အောင်မြင်ရေးအတွက် ရိုးသားစွာ ကြိုးစားလိုက်စမ်းပါဟာ။ မျက်ဝန်းလေးတွေကို စုံမှိတ်ပြီး အိပ်ပျော်အောင် ကြိုးစားလိုက်သည်။

နောက်တစ်နေ့မနက်မှာတော့ မှူး အိပ်ရေးဝနေသဖြင့် စိတ်က ရှင်လန်းတက်ကြွနေလေသည်။ မှူးမှာ အဝတ်အစား အကောင်းစားတွေ သိပ်မရှိပေမယ့် လှလှပပဖြစ်နေအောင်တော့ ဝတ်လိုက်သည်။ ဝေနှင်းအနားရောက်တော့ ရှင် အရမ်းချောတာပဲ အလုပ်က တန်းရမှာပဲတဲ့။

"သွားပြီနော် ဝေနှင်း"

"ကံကောင်းပါစေဟာ"

မှူး အလုပ်လျှောက်ထားတဲ့ ကုန်တိုက်ကြီးဆီရောက်တော့ လူတွေစစ်ဆေးမှုအတွက် စိတ်မောနေသည်။ ဘုရားရေ မှူးလိုပဲ လျှောက်ကြတဲ့ မိန်းမချောလေးတွေက အများကြီးပဲ ရပါ့မလား။





ဒုက္ခပါပဲနော်။ မှူးရင်တွေတုန်ပြီး စိတ်တွေပူပင်နေလေသည်။

"ချယ်မှူးထင်"

"ဟင်"

"ဝင်ခဲ့"

"ဟုတ်ကဲ့"

စိတ်တွေကိုတင်းပြီး အခန်းထဲဝင်လာခဲ့လေသည်။ ချယ်မှူးထင် နင်ဒီလိုကြောက်နေရင် ဒီလူတွေကို ဘယ်လိုရှင်ဆိုင်မလဲ။ မဖြစ်ဘူး မေမေ့ဆီလည်း ပြန်သွားလို့လည်း မရဘူးလေ။ ကြိုးစားမယ်။ ရင်ဆိုင်မယ်။ သူမထိုင်ရမည့်နေရာတွင် ဝင်ထိုင်လိုက်သည်။

"မင်းနာမည် ချယ်မှူးထင်နော်"

"ဟုတ်"

သတ္တိတွေမွေးပြီး လူကြီးတွေကို ရင်ဆိုင်ဖို့ မော့အကြည့်တွင် သူမမျက်ဝန်းလေးတွေ ပြူးကျယ်ပိုင်းစက်သွားရလေသည်။ ဦးမိုးဒေဝါပဲ။ အကြည့်ချင်းဆုံမိသွားစဉ် မှူးကို မသိချင်ယောင်ဆောင်နေ၏။ ဒီကတော့ ဦးမိုးဒေဝါကို တွေ့လိုက်ရ၍ အားတက်ပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်သွားရမယ့် ဦးမိုးဒေဝါကတော့ မျက်နှာထားတည်တည်လေး ဖြစ်နေရလေသည်။

အရင်တုန်းကတော့ မှူးကို အရေးတယူနှင့် အကူအညီတွေပေးချင်လွန်းနေလေသည်။ တကယ်တမ်း အကူအညီလိုအပ်လာတော့ မသိချင်ယောင်ဆောင်နေလေ၏။ မုန်းလိုက်တာ၊ မှူးနယ်ကတက်လာပြီး ရပ်တည်ရာမရှိဘူးဆိုတာ ဦးမိုးဒေဝါ သိတာပဲ။

ဦးမိုးဒေဝါက သူမကို မကြည့်ပေ။ မသိချင်ယောင်ဆောင်နေ၍လည်း မှူး စိတ်ထဲမှာ မခံချင်ဖြစ်နေရလေသည်။

"ချယ်မှူးထင်"

"ရှင်"

"မင်း ဘာဖြစ်လို့ ဒီအလုပ်ကို လုပ်ချင်ရတာလဲ"

"ရှင်"

"မင်းကို မေးခွန်းတွေမေးနေတာလေ"

"ကျွန်မ နယ်တလာတာပါ၊ ကျွန်မ အလုပ်ကြိုးစားပါ့





မယ်၊ စည်းကမ်းချက်တွေကိုလည်း လိုက်နာပါ့မယ်၊ ပြီးတော့ ဒီအလုပ်ကို ဝါသနာပါလို့ပါ"

ဦးမိုးဒေဝါက ရွေးချယ်ရေးအဖွဲ့မှာ ပါဝင်နေ၍လည်း မှူး နည်းနည်းတော့ အားတက်မိလာရလေသည်။ မှူးကို ရွေးချယ်မှာပါလေ။ စတွေ့တုန်းက ဖော်ဖော်ရွေရွေနှင့် လိုအပ်တဲ့အကူအညီပေးမည်ဟု ပြောခဲ့လေသည်။

"ကျွန်မ အလုပ်အရမ်းလိုအပ်နေလို့ပါ၊ အစွမ်းကုန် ကြိုးစားပါ့မယ်"

ဦးမိုးဒေဝါက မှူးကို မသိချင်ယောင်ဆောင်နေတာတော့ အမှန်ပဲ ဖြစ်လေသည်။ ဘာလဲ လုပ်ငန်းရှင်ကြီးဆိုပြီး မှူးကို ဆော်မဲ့မြင်လုပ်တာလား။ အထင်ကရရဲ့အဖေကရော နေပါစေလေ မှူးဟာ ကိုယ့်အစွမ်းအစနဲ့ပဲ ကြီးပွားတိုးတက်ချင်တာပါလေ၊ အလုပ်ရရင်လည်း နေပါစေတော့။ လူတွေ့စစ်ဆေးမှုမှာ မှူးကိုယ်မှူး အားမရမိပေ။ စိတ်ညစ်ညစ်နှင့် ပြန်ထွက်လာခဲ့မိလေသည်။

"ချယ်မှူးထင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အထင်ကရရဲ့ ကားလေးက သူမအနားမှာ ထိုးရပ်သွားလေသည်။

"ဘာဖြစ်လို့လဲ...အရှမ်းစိတ်စောတဲ့ကျနေတာပါလား ဘာလဲ မရနိုင်ဘူးလို့ ပြောလိုက်လား၊ မဖြစ်နိုင်ပါဘူး၊ ချယ်မွန်းထင်ကိုတော့ ရွေးချယ်မှာပါ၊ အရှမ်းလုလို့လေ"

"ဟွန်း"

သူမသေသပြစ်ဖြစ်နှင့် မျက်စောင်းလေး ထိုးပစ်လိုက်လေသည်။ အရေးထဲ သူ့မျက်နှာက စပ်ဖြဲဖြဲနှင့် ကြည့်နေ၍ ဒေါသဖြစ်သွားရ၏။ သူတို့တွေကြည့်ရတာ မွန်းကို ရွေးချယ်မယ့်ပုံလည်း မပေါ်ပါဘူး။ အထင်ကရကပဲ ပြောထားလို့လား။

"ဘယ်လိုလဲ တို့အဖေကို ပြောပေးရမလား"

"မလိုပါဘူး၊ ကိုယ့်အရည်အချင်းနဲ့ကိုယ်ပဲ ရအောင်လုပ်မယ်၊ ဘယ်သူ့အကူအညီမှ မလိုဘူး"

မွန်း ခပ်ပြတ်ပြတ်လေးပြောပြီး ဆက်လျှောက်လာခဲ့လေ





သည်။ အထင်ကရရဲ့ ကားလေး သူမဘေးမှကပ်၍ ဖြည်းဖြည်းမောင်းလိုက်လာနေ၏။ ပတ်ဝန်းကျင်ကလူတွေ မွန်းကို တစ်မျိုးမှာကြီးပြီး ရက်ရက်နှင့် ခြေလှမ်းတွေကို ရပ်ပစ်လိုက်လေသည်။

"အထင်ကရနော် ဘာဖြစ်လို့ လိုက်ပြီးနှောင့်ယှက်နေရတာလဲ၊ ကျုပ်က ရှင်တို့ထင်ထားတဲ့ မိန်းကလေးမျိုး မဟုတ်ဘူး နောက်ကနေ လိုက်မနေပါနဲ့"

မွန်း ပြောရင်း ဝမ်းနည်းကြေကွဲလာရပြီး မျက်ရည်တွေပင်ကျချင်လာရသည်။ မေမေရယ် မွန်း အရှမ်းကို ဝမ်းနည်းကြေကွဲတယ်။ ယောကျ်ားတွေက မွန်းကို အထင်သေးပြီး လိုက်နေကြတယ်။ မုန်းလိုက်တာ။

"ချယ်မွန်းထင်...တို့က မွန်းကို အထင်သေးပြီး လိုက်နှောင့်ယှက်နေတာ မဟုတ်ပါဘူး၊ တကယ့်ကို အကူအညီပေးချင်လို့၊ တို့က လူရှုပ်လူပွေ မဟုတ်ပါဘူးကွယ်၊ ချယ်မွန်းထင်..."

ချယ်မွန်းထင်ရဲ့ မာန်လေးနှင့် မျက်နှာတင်းတင်းမာမာ



www.burmeseclassic.com

www.burmeseclassic.com



လေးကို သဘောကျနှစ်သက်သွားမိလေသည်။ နာမည်ချင်း လည်း တိုက်တိုက်ဆိုင်ဆိုင် လာတူနေရ၏။ မင်း အရမ်းလှပချော မွှတ်နေပြီး အရမ်းကို ချစ်စရာကောင်းတာပဲကွာ။ တို့ မိန်းမချော လေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ကောင် ဖြစ်ပေမယ့် ချယ်မွှုံးထင် လောက် စိတ်မဝင်စားခဲ့ဘူး။

"ဒီမှာ အထင်ကရ"

"ပြော"

"တို့ကိုခင်ရင် ထပ်ပြီးမနှောင့်ယှက်ပါနဲ့တော့၊ ဒါပဲပြော ပါရစေ"

လှည့်မကြည့်တော့ဘဲ ခြေလှမ်းတွေကို ဆက်လှမ်း ခဲ့မိလေသည်။ ကားက ဆက်မလိုက်တော့သဖြင့် မွှုံး စိတ်အနည် ငယ် သက်သာရာရသွားလေ၏။ ရင်ထဲမှာလည်း မောပန်းနွမ်း သလို ခံစားနေရလေသည်။

✿ ▯ ✿



## အခန်း (၇)

"ကျွန်မမှာ ပိုက်ဆံနည်းနည်းကြပ်နေလို့ပါ အန်တီရယ်၊ အားအက်ဆီးဒင့်ဖြစ်တာလည်း ဒရိုင်ဘာက အရမ်းဆင်းရဲလွန်းလို့ လျော်ကြေးမရတဲ့အပြင် ကိုယ်ကတောင် ပြန်ပေးရမလိုဖြစ်နေရ တယ်၊ ကျွန်မအလုပ်လည်း မဆင်းရတော့ ငွေကြပ်နေရတယ်၊ ဆေးဖိုးကလည်း ကျွန်မပိုက်ဆံနဲ့ ကုန်ရတာမို့ပါ၊ တစ်လလောက် တော့ စောင့်ပေးပါဦးနော်၊ ကျွန်မ တောင်းပန်ပါတယ်"

ဝေနှင်းရဲ့ တောင်းပန်ခယလွန်းနေတဲ့ အသံတွေကြောင့် ချယ်မွှုံးထင်ရဲ့ ခြေလှမ်းတွေ တုံ့ခနဲရပ်သွားသည်။ အခန်းပိုင်ရှင် က အိမ်လခလာတောင်းတာဖြစ်မယ်။ ဝေနှင်း ဟန်ဆောင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ သူမရှေ့မှာ အခက်အခဲ အကြပ်အတည်းတွေ မရှိသလိုပဲ ဝေနှင်းနေပြနေခဲ့တာပဲ။

"အခန်းခက နှစ်လလောက်စောင့် ကျော်နေပြီနော် ဝေနှင်းမြ။ ညည်းကို အေးတယ်ရိုးသားတယ်ဆိုပြီး သည်းခံထား ပေးတာ အန်တီ့လည်း ဒီအခန်းခနဲ့ စားနေရတာလေ၊ တစ်လ လောက်စောင့်ပေးမယ်နော်၊ မပေးနိုင်ရင်တော့ ဆင်းပေးပါတော့ ကွယ်၊ အန်တီ့နောက်ထပ်တစ်ယောက်ကို ငှားရတော့မယ်"

"ဟုတ်ကဲ့ပါ အန်တီရယ်၊ ဝေနှင်းပေးနိုင်အောင် ကြိုးစား ပါ့မယ်၊ တစ်လလောက်ပဲ စောင့်ပေးပါနော်"

"ကောင်းပြီလေ၊ ညည်းလေးကိုတော့ သနားပါတယ် အေ၊ အန်တီ စားဝတ်နေရေးကလည်း ဒီလခပေါ် မှတည်နေလို့ ပါ"

"ဟုတ်ကဲ့ပါ"

အိမ်ရှင်ပြန်ထွက်သွားတော့မှ မိုး အခန်းထဲ ဝင်လိုက် လေသည်။





"ဝေနှင်း"

"ဟင်...မိုး"

"ရှင်ဘာတွေဖြစ်နေတာလဲ၊ ကျုပ်ကို ဘာဖြစ်လို့ မပြော ပြရတာလဲ"

"အဲဒါတွေ ရှင့်ကိစ္စမဟုတ်ပါဘူး ထင်ရယ်၊ ဝေနှင်း ရှင်းပါ့မယ်၊ အရေးထဲကွာ ကားအက်ဆီးဒင့်က ဖြစ်ရသေးတယ်၊ ကုန်ဆုံးလိုက်တာက ဒရိုင်ဘာဆီက မရတဲ့အပြင် ကိုယ်ကတောင် ပြန်ပေးရဦးမယ်"

ရယ်ကျဲကျဲလေးပြောနေတဲ့ ဝေနှင်းကိုကြည့်ပြီး မိုး စိတ် မကောင်းဖြစ်ရလေသည်။ ရှင်ဟန်ဆောင်နေတာပါ။ ရှင့်မှာ အခက် အခဲအကြပ်အတည်းတွေ ရှိနေတာ ကျုပ်သိမှာစိုးရိမ်နေလို့ မဟုတ် လား။

"ကဲပါ မိုးရာ၊ ထားလိုက်ပါတော့ဟာ ပြောစမ်း ရှင့် အလုပ်ကိစ္စ အဆင်ပြေရဲ့လား၊ ဘယ်လိုလဲ"

"ပြေတော့ပြေခဲ့တာပဲဟာ ကံပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဝေနှင်းကို အကူအညီပေးချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်နေမိလေသည်။ မှုံး ဘယ်လိုကူညီရမလဲ။ အကူအညီမပေးနိုင်တဲ့အပြင် မှုံးကြောင့် ဝန်လေးနေရ၏။

"မှုံး ကျုပ်ဆီမှာနေရတာ ဘာမှအားနာစရာ မရှိဘူးနော် မရှိအတူ ရှိအတူပေါ့ဟယ်၊ တို့နှစ်ယောက်က ဘဝတူတွေပဲဟာ ကြိုးစားကြမယ်နော်"

ဝေနှင်းခြေထောက်က နောက်ထပ်သုံးလလောက် နားရဦးမယ်။ ဘယ်လိုလုပ်ရမလဲ၊ အခန်းလခက အရေးတကြီးလိုအပ်နေပြီပဲ။ ရှင့်မှာ အခက်အခဲ အကြပ်အတည်းတွေ ရှိနေလျက်နဲ့ ကျုပ်ကို လာခဲ့ဖို့ခေါ်ခဲ့တာမဟုတ်လား ဝေနှင်းရယ်။

"မှုံး …ရှင်အေးအေးဆေးဆေး အနားယူတော့၊ ဘာမှ စိတ်မပူပါနဲ့ဟာ ဘဝဆိုတာ ဒီလိုပါပဲ၊ အားမငယ်နဲ့ တို့နှစ်ယောက် ကြိုးစားကြမယ်"

မှုံး စိတ်ညစ်နေလျှင် ဝေနှင်း စိတ်မကောင်းဖြစ်မှာစိုး၍ ရေချိုးခန်းထဲ ဝင်လာတဲ့မိလေသည်။ ရေကို တဝကြီး ချိုးပစ်သိုက်





၏။

"ဦး ဘာကူညီရမလဲ၊ လိုအပ်တာပြောနော် ဦးကူညီပါ့ရစေ"

ဦးမိုးဇေဝါရဲ့ အသံကို ပြန်၍ကြားယောင်လာမိပြီး နှုတ်ခမ်းလေးတွေ စူထော်သွားရ၏။ ဟွန်း…ဘာအကူအညီပေးမှာလဲ၊ မသိချင်ယောင်ဆောင်နေပြီးတော့။ အထင်ကရဆိုကလည်း အကူအညီမယူချင်ပါဘူး။ စိတ်ထဲမှာ မွန်းကြပ်လိုက်တာနော်၊ ဝေနှင်းကိုလည်း ကူညီချင်တယ်၊ အခက်အခဲတွေကို ဘယ်လိုဖြေရှင်းရမှန်း မသိတော့ပါဘူး။

မှုံး အပြင်ထွက်လာခဲ့ပြီး အဝတ်အစားလဲလိုက်သည် ဆနှင်းအိပ်နေ၏။ သူငယ်ချင်းကောင်းနှင့် ဆုံတွေ့ရတာလည်း ကျေနပ်စရာပါ။ ညစာအတွက် ပြင်ဆင်ပြီး နှစ်ယောက်သား စားကြ၏။ ဘာမှမရှိ၊ ငါးပိရည်နှင့် ကန်စွန်းရွက်ကြော်ပဲရှိသည်။

"ကျုပ် အလုပ်ရရင်တော့ ဟင်းကောင်းကောင်း ချက်ကျွေးပါ့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ညည့်သည့်ကို ညှော်ဝတ်မကျေတာပါ"

"ဘာမှပြောမနေနဲ့တော့ဟာ ဘဂကို ရှင်ဆိုင်ဖြတ်သန်းကြမယ်၊ နောက်မဆုတ်စတမ်းပဲ မိုးရယ်၊ ကျုပ် စိတ်မကောင်းလိုက်တာ၊ ရှင့်ကို အကူအညီမပေးနိုင်လို့လေ"

"တော်ပြီ၊ ဒီလောက်ခိုနားခွင့်ရတာပဲ ကျုပ်က ကျေးဇူးတွေ တင်နေပါပြီနော်"

ဝေနှင်း ကျေနပ်စေရန်သာ အပြုံးတွေ ရွှန်းရွှန်းဝေအောင် ပြောနေရပေမယ့် မိုးရင်တွေ ပူလောင်နေရလေသည်။ နယ်ကိုပြန်လို့ကလည်း မဖြစ်ပေ။ မိုး အိပ်လို့မရဘဲ မျက်လုံးတွေ ကြောင်နေလေ၏။

"တို့က စေတနာနဲ့ကူညီချင်တာပါ၊ မင်းကိုခင်လို့"

ငွေကြေးချမ်းသာကြွယ်ဝတဲ့ အထင်ကရကိုလည်း ခပ်ကင်းကင်းနေတာ အကောင်းဆုံးပါပဲလေ။ ငွေကြေးကြောင့်တော့ ယောကျ်ားတွေကို မပတ်သက်ချင်ပါဘူး။ မိုးကိုယ်ကျင့်သိက္ခာတော့ နည်းနည်းမှ အပွန်းအပဲ့မခံနိုင်ဘူး။





အတွေးတွေနှင့် ရှုပ်ထွေးနေပြီး မိုးလင်းကာနီးမှ အိပ်ပျော်သွားလေသည်။ မိုး နိုးတော့ နေအတော်မြင့်နေ၏။ မိုး ကပျာကယာထပြီး မျက်နှာသစ်ကာ ဝေနှင်းအတွက် မနက်စာ ပြင်ဆင်ပေးနေမိသည်။

မနက်စာက ဘာမှလည်းမရှိပါဘူး။ ထမင်းကျော်လေးကြော်တာပဲ။ ကော်ဖီထုပ်လေး တစ်ထုပ်ရှိတာကို ဝေနှင်းကိုပဲ တိုက်သည်။

"မိုး…ရှင်ရော ကော်ဖီသောက်လေ၊ တစ်ထုပ်ထဲရှိတာ မဟုတ်လား"

"ရှင်ပဲသောက်စမ်းပါ ဝေနှင်းရာ၊ ကျုပ်က အပြင်ထွက်မှာလေ၊ အောင်စာရင်းသွားကြည့်ရဦးမယ်၊ အပြင်မှာ သောက်တော့မယ်လေ၊ ဘာမှမပူနဲ့၊ ကျုပ်မှာ ပိုက်ဆံရှိပါသေးတယ်"

မနက်စာထမင်းကြော် နည်းနည်းစားပြီး မိုး အပြင်ထွက်လာခဲ့လေသည်။

"ချယ်မိုးထင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဦးမိုးဒေဝါကို တွေ့လိုက်ရသဖြင့် မွှံး ခြေလှမ်းလေးတွေ တုံ့ခနဲရပ်သွားလေသည်။ နှုတ်ခမ်းလေးတွေက မသိမသာ ရှုထော်သွားချင်ရ၏။ အင်တာဗျူးမှာတုန်းက မွှံးကို မသိချင်ယောင်ဆောင်နေခဲ့သည်။

"ကားပေါ်တက်လေ"

"ကျွန်မ ဘတ်စ်ကားနဲ့ပဲ သွားမယ်"

"မင်းကို အလုပ်ခန့်မခန့် ကုန်တိုက်မှာသွားကြည့်မလို့ မဟုတ်လား၊ ချယ်မွှံးထင်"

ဦးမိုးဒေဝါကို မေးရင်လည်း သိနိုင်တာပဲ။ မွှံး မေးလို့ လုပ်ပြီးမှ အောက်ကျခံပြီး မမေးချင်တော့သဖြင့် ခြေလှမ်းကိုသာ ဆက်လှမ်းလိုက်သည်။

"မင်းကို မရွေးချယ်ဘူး ချယ်မွှံးထင်"

"ရှင်"

"ကိုယ်က ကန့်ကွက်လိုက်တာလေ"





"ဘာရှင့်"

မွှံး အသံလေးက ဒေါသတကြီး ဆောင့်ထွက်သွားရလေသည်။ မကူညီတဲ့အပြင် ကန့်ကွက်လိုက်သေး၏။ အလုပ်မရလည်း ဘာဖြစ်လဲ တခြားအလုပ်တွေ ရှိသေးတာပဲ။

"မင်းကို ကိုယ်ပြောစရာတွေရှိတယ်၊ မင်းနဲ့ အရောင်းဝန်ထမ်းအလုပ်က မလိုက်ဖက်ဘူးထင်လို့ ကန့်ကွက်လိုက်တာပါ ချယ်မွှံးထင်၊ မင်းကို တခြားအလုပ်တစ်ခု ခန့်ထားပေးလိုက်တာပါ"

"ရှင်"

"ကားပေါ်တက်စမ်းပါ ချယ်မွှံးထင်၊ မင်းကို ဘယ်လို အလုပ်ခန့်တာလည်းဆိုတာ ပြောပြမယ်၊ လမ်းမှာ မကောင်းပါဘူး"

မွှံးလည်း သိချင်စိတ်တွေ ပြင်းပြလာသဖြင့် ဦးမိုးဒေဝါရဲ့ ကားပေါ် တက်လိုက်လေသည်။ ဦးမိုးဒေဝါက မွှံးကို အပြုံးတွေနှင့် ကြည့်နေ၏။ မွှံး မျက်နှာထားလေးကတော့ တင်းတင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလေသည်။

ဟိုတယ်ထဲ ကားမောင်းဝင်သွားတော့ မိုး မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားရလေသည်။

"ဟို…ဦး…ကျွန်မ…ကျွန်မ"

"ဘာမှစိတ်မပူပါနဲ့ ချယ်မိုးထင်၊ ကိုယ့်ကိုယုံစမ်းပါ"

မိုး ငြင်းပယ်လို့မရတော့သဖြင့် ဦးမိုးဒေဝါ ဦးဆောင်ရာ နောက်သို့ လိုက်လာရတော့သည်။ ကြောက်စိတ်တွေကို ဖယ်ပစ်လိုက်၏။ ဦးမိုးဒေဝါက လူကြီးလူကောင်းတစ်ယောက်ပဲ မိုး ဆန္ဒတွေမပါဘဲ ဆိုးဆိုးဝါးဝါး ဆက်ဆံမှာမဟုတ်ပါဘူးလေ။

"ချယ်မိုးထင်"

"ရှင်"

"ကိုယ့်ကိုယုံပါ၊ ကိုယ် လူကြီးလူကောင်းတစ်ယောက်ပါ ကွာ၊ မင်းလေး မှည့်တစ်ပေါက်တောင် မစွန်းထင်းစေရပါဘူး"

ဟိုတယ်ရဲ့ ခမ်းနားထည်ဝါမှုတွေက မိုးရဲ့ ခြေလှမ်းလေးတွေကို တွန့်ဆုတ်နေစေပြီး ကြောက်စိတ်တွေကြောင့် မိုးရင်တွေ တဒိန်းဒိန်းခုန်လာစေတော့၏။ မဖြစ်သေးပါဘူးလေ၊ လောလော ဆယ် မိုးတို့မှာ အခက်အခဲတွေ အကြပ်အတည်းတွေနဲ့ ရင်ဆိုင်နေရတယ်။ ဦးမိုးဒေဝါဆီမှာ အကူအညီတစ်ခုခုတော့ ရနိုင်မလားဘဲ။ ကိုယ်ကျင့်သိက္ခာတွေကို မထိပါးရင်ပြီးရောလေ။

"ချယ်မိုးထင်"

"ရှင်"

"စားစရာမှာလေ"

"ဟို…ဟို ကျွန်မ သိချင်တာက အလုပ်ကိစ္စ"

"အေးအေးဆေးဆေးပဲပေါ့၊ မင်း ဘာစားချင်လဲ မှာလေ၊ အားနာစရာမရှိဘူးနော်"

"ဦးပဲမှာပါ"

ဦးမိုးဒေဝါက စားစရာတွေမှာတော့ ဝေနင်းကို သတိရနေမိလေသည်။ ကျွေးချင်လိုက်တာနော်၊ ရှင်နဲ့ကျုပ် တစ်နေ့တစ်နေ့ သပိုယ့်နဲ့ အရွက်ကြော်တွေပဲ စားနေရတာလေ။

"ချယ်မိုးထင်"





www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"စားလေ"

"ဟို"

"အလုပ်ကိစ္စလား၊ နောက်မှ ပြောမယ်လေ"

မှုံး စားကောင်းသောက်ဖွယ်တွေ စားနေရပေမယ့် ရင်ထဲမှာ ပြည့်နေကာ မြိုချ၍မရပေ။ ရှက်စိတ်တွေရော ကြောက်စိတ်တွေရော ပူလောင်သောကတွေရော အားလုံး ရောထွေးနေလေသည်။

"မင်းစိတ်တွေ ရှုပ်ထွေးနေတာ မဟုတ်လား၊ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ် မဟုတ်လား ချယ်မှုံးထင်"

ချယ်မှုံးထင်ရယ် ကိုယ်ကတော့ မင်းကို စွဲလမ်းနှစ်သက်နေပြီ။ မင်းက အရမ်းရိုးသားပြီး ချစ်စရာကောင်းနေတယ်။ မင်းကို မြတ်နိုးနေတယ်။ ကိုယ် ရိုးသားစွာနဲ့ မင်းကို ကူညီစောင့်ရှောက်ချင်ပါတယ်ကွာ။

"ချယ်မှုံးထင်"

"ရှင်"





"မင်းကိုခန့်မယ့်အလုပ်က ဘာလဲသိလား"

"ဟင့်အင်း"

"ကိုယ့်ရဲ့အတွင်းရေးမှူးမလေးပဲ"

"ရှင်"

"မင်း ကိုယ့်အနားမှာ ရှိနေစေချင်တယ်"

"ရှင်"

သူမ အထိတ်တလန့်နှင့် ဦးမိုးဒေဝါအား မော့ကြည့်လိုက်လေသည်။ မဖြစ်နိုင်ပါဘူး။ အဲဒီလို လုံးဝမဖြစ်နိုင်တာပဲ။

"ကိုယ့်အနားမှာနေလို့ မင်း မည့်တစ်ပေါက်မစွန်းစေရပါဘူး ကိုယ်က ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ပါ ချယ်မှုံးထင်၊ ယုံပါ၊ ကိုယ့်ကိုယုံပါကွာ"

ချယ်မှုံးထင် အလုပ်မဝင်ချင်လို့လည်း မဖြစ်နိုင်ပေ။ ကြီးအခက်အခဲက ရှိနေလေသည်။ ဝေနှင်း ခြေထောက်က လောက်နားရဦးမှာပဲ။

"မင်းနဲ့ကိုယ် တွေ့ဆုံကြတာ အရမ်းထူးဆန်းနေတယ်



www.burmeseclassic.com

မဟုတ်လား ချယ်မှုံးထင်''

''ဦးမိုးဒေဝါ''

''ပြော''

''ဦးမိုးဒေဝါမှာ သားတစ်ယောက်ရှိလား''

''မရှိပါဘူး''

ကိုယ့်မှာ သမီးလေးတစ်ယောက် ရှိတယ်လို့ ဦးမိုးဒေဝါ ပြောပြရန် ဝန်လေးနေမိသလိုပင်။ အမှန်တရားကို ဝန်ခံဖို့ ကိုယ် တွန့်ဆုတ်နေမိတယ် ချယ်မှုံးထင်။ ကိုယ်က အိမ်ထောင်ရှင် တစ်ယောက်ဆိုတာရယ်၊ ကိုယ့်ဇနီးနဲ့ တရားဝင်ပြတ်စဲထားပြီးသား ဆိုတာကို မပြောပြချင်ဘူး၊ မင်းအထင်သေးမှာ ကိုယ် မလိုလား ဘူးဖြစ်နေတယ်။

''ကိုယ့်မှာ သားရှိလားလို့ ဘာဖြစ်လို့မေးတာလဲ ချယ်မှုံး ထင်''

''ဘာမှမဟုတ်ပါဘူး''

လောလောဆယ်တော့ ဦးမိုးဒေဝါ အလုပ်ကို လက်ခံလိုက်





ဖို့ မှုံး ဆုံးဖြတ်လိုက်လေသည်။ မှုံးကိုယ်မှုံး ယုံကြည်မိ၏။

''ချယ်မှုံးထင် လက်ခံတယ်မဟုတ်လား''

''ဟုတ်…ဟုတ်ကဲ့ လောလောဆယ်တော့ မှုံး အလုပ် လိုအပ်နေပါတယ်၊ ဒါပေမယ့် မှုံး ဘာတွေလုပ်ပေးရမှာလဲ၊ မှုံး အရည်အချင်းနဲ့''

''ဘာမှစိတ်မပူပါနဲ့ ချယ်မှုံးထင်၊ ကိုယ်နိုင်တာပဲလုပ်ရမှာ၊ အလုပ်က သင်သွားမှာပါလေ''

ဦးမိုးဒေဝါအား မှုံး၏စိတ်ထဲမှာ လူကြီးလူကောင်း တစ်ယောက်အဖြစ် လေးစားမိလေသည်။ မှုံးကို စော်ကားမော်ကား ပြုလုပ်ဆောင်မည့် လူတစ်ယောက်ဟု မထင်မှတ်မိပေ။ မှုံး ကိုယ် ကျင့်တရားတွေကို မှုံး ယုံကြည်စွာဖြင့် အလုပ်ဝင်ဖို့ပဲ ဆုံးဖြတ်လိုက်မိ လေသည်။

''မှုံး ကြိုးစားပါ့မယ်''

''ဒါဆို…မနက်ဖြန်မနက်ပဲ စတင်ပြီး အလုပ်ဝင်ပါ မှုံး၊ ကိုယ့်ကုမ္ပဏီဆိုတော့ ကိုယ်ဆုံးဖြတ်ချက်ပါပဲလေ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ချယ်မှုံးထင်"

"ရှင်"

"ကိုယ် မင်းလခအတွက် သုံးလစာ ကြိုထုတ်ပေးမယ်"

"ဟာ…မလိုအပ်ပါဘူး ဦးရယ်၊ မှုံးမှ အလုပ်မလုပ်ရ သေးတာပဲ၊ မှုံး မလိုချင်ပါဘူး၊ ဟို မှုံး အိုက်တင်ခံတာမဟုတ်ဘူး နော်ဦး၊ အခွင့်အရေးမယူချင်လို့ပါနော်"

လိုအပ်တာထက်ပိုပြီး အခွင့်အရေးတစ်ခုကို မှုံး မယူချင် ပေ။ ရိုးသားစွာပဲ ငြင်းဆန်လိုက်မိ၏။

"မင်းလိုအပ်တာလေးတွေ ဝယ်ရမယ်မဟုတ်လား ချယ်မှုံးထင်၊ မင်းတို့အခန်းပိုင်ရှင်ကိုလည်း လခပေးရမယ်လေ"

"ရှင်"

"ရှင်မနေနဲ့တော့ ကိုယ်စီမံရာကို မင်းလက်ခံဝါ ဒီအတွက် ကိုယ့်ကို ကျေးဇူးတင်စရာလည်းမလိုဘူး၊ ပြန်ပေးဆပ် စရာလည်း မလိုပါဘူး ချယ်မှုံးထင်"





ဦးမိုးဒေဝါ အပေါ် ယုံကြည်လေးစားမိသလို ခံစားရလေ သည်။ ရိုဝေကြေကွဲသလို စိုလဲ့နေတဲ့ ဦးမိုးဒေဝါရဲ့ မျက်ဝန်းတွေက ရိုးသားမှုတွေ ရောယှက်နေတာမျိုး မတွေ့ရဟု ထင်မှတ်မိနေ၏။ အမှတ်မထင်ဘဲ ဦးမိုးဒေဝါအား မှုံး အားကိုးတွယ်တာမိသွားလေ သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"မွှီး…ရှင့်ကို ဦးမိုးဒေဝါက ဒီလောက်အခွင့်အရေးတွေ ဆွေးနေတာ မရှိးသားဘူးထင်တယ်နော်"

"ကျုပ်က အလုပ်သဘောအရပဲ လက်ခံတာပါ ဝေနှင်း ရယ်၊ ဘာမှစိတ်ပူမနေပါနဲ့ဟာ၊ ဦးကို မွှီး ယုံကြည်တယ်၊ အဓိက ကိုယ်ပါပဲလေ"

"မွှီး ရှင် ကျုပ်အတွက်နဲ့တော့ ပိုက်ဆံရှာစရာမလိုဘူး ဗျာ၊ ကျုပ်ကြောင့် ရှင့်ဘဝပေးဆပ်လိုက်ရတာမျိုး လုံးဝလက်မ ခံနိုင်ဘူး"

"ရှင်နဲ့ ဘာမှမဆိုင်ပါဘူးဟာ၊ ကျုပ်အတွက် အလုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



အပ်လိုက်ပါတာ"

မိုးရယ်…ရှင့်ကို စိတ်ပူတယ်ဟာ။ စွဲမက်စရာကောင်း လောက်အောင် လှပချောမောလွန်းနေတဲ့ ရှင့်ကို ဘဝမှာ အကောင်းဆုံးတွေနဲ့ပဲ ရင်ဆိုင်ကြုံတွေ့စေချင်ပါတယ်ဟယ်။ မိုးကိုကြည့်ပြီး ဝေနှင်း စဉ်းစားနေမိလေသည်။

ရှင့်အလှတွေက ထိန်းသိမ်းတတ်ရင် အရမ်းကို တန်ဖိုးကြီးမားနိုင်ပါတယ် မိုးရယ်။ ဦးမိုးဒေဝါက ဘယ်လိုလူကြီး တစ်ယောက်လဲ။ လူပျိုလား၊ အိမ်ထောင်ရှင်လား၊ ဝေနှင်းကလည်း ခြေထောက်ကျောက်ပတ်တီးနှင့် ဖြစ်၍ သုံးလလောက် အနားယူရမည်ဖြစ်လေသည်။

"ဝေနှင်း"

"ဟင်"

"ကျုပ်ကို မယုံသင်္ကာဖြစ်နေတာလားဟင်၊ ဒါနဲ့ ဒီအလုပ်ကို ကျုပ် လက်မခံတော့ဘူးနော်"

"မဟုတ်ပါဘူး မိုး၊ ကျုပ်က ရှင့်ကို စွဲမက်စရာကောင်း





လောက်အောင် ချောလွန်းလို့ မှင်သက်မိပြီး ကြည့်နေမိတာဟာ"

"ကောင်မနော်"

"တကယ်ပါ မိုးရယ် ရှင့်ဘဝ ဒီလိုမဖြစ်သင့်ပါဘူးလေ၊ သနားစရာကောင်းလိုက်တဲ့ ချယ်မိုးထင်လေးပဲနော်"

"ဝေနှင်းနော်…ကျုပ်ကို သနားတာမျိုး လုံးဝမကြိုက်ပါဘူးနော်၊ ကျုပ်မှာ အားမာန်တွေရှိတယ်"

"ရှင့်ကိုယုံပါတယ်ဟယ်၊ ရှင်က ရိုးသားဖြူစင်လွန်းပါတယ်၊ ကဲ တို့နှစ်ယောက် စိတ်အေးရပြီပဲ၊ ညစာစားမယ်ဟာ ပြင်တော့"

မိုးကို စိတ်အနှောင့်အယှက်ဖြစ်အောင် မပြောလိုက်။ ဝေနှင်း စကားကို လျှောချပစ်လိုက်လေသည်။ မိုးက သူမအား သနားတာမကြိုက်တတ်ပေ။ လောလောဆယ်တော့ မိုး ဆုံးဖြတ်ချက်မှန်တာပဲမဟုတ်လား။ ဝေနှင်းလည်း အိပ်ရာထဲမှာ သုံးလလောက်ပဲ နေရဦးမှာမဟုတ်လား။

"မနက်ဖြန် အခန်းပိုင်ရှင်ကို အခန်းလခပေးလိုက်နော်



www.burmeseclassic.com

www.burmeseclassic.com



ဝေနှင်း ဘာမှအားနာစရာမလိုဘူး၊ ကျုပ်ငွေက ရှင့်ငွေပဲ"

"အေးပါဟယ်…ကျုပ်ကလည်း ကံဆိုးလိုက်တာ၊ ဒရိုင်ဘာငမွဲမောင်းတဲ့ကားနဲ့မှ လာတိုက်မိတယ်လို့ဟာ"

ဝေနှင်းကို အားပေးစကားတွေပြောပြီး မှူး ထွက်လာခဲ့လေသည်။ အိပ်ခန်းနှစ်ခန်းရှိနေတော့ ကိုယ့်ပစ္စည်းနှင့်ကိုယ် တစ်ယောက်တစ်ခန်း အိပ်ကြလေသည်။ မှူး အခန်းထဲဝင်လာပြီး မှန်တင်ခုံရှေ့မှာ ထိုင်မိလေ၏။ မှန်ထဲမှာပေါ်နေတဲ့ မှူးမျက်နှာလေးက ချောမွတ်လှပနေတာ ငြင်းလို့မရနိုင်ပါဘူးလေ။ ဒီအလှတွေကို တိမ်းညွှတ်ပြီး တစ်စုံတစ်ခု အကျိုးမျှော်ကိုးကာ ဦးမိုးဒေဝါက ကူညီတာလား။ မဖြစ်နိုင်ပါဘူး ဦးက လူကြီးလူကောင်းတစ်ယောက်ပါ။ မှူးက ဦးလို့သာခေါ်နေပေမယ့် ဦးအရွယ်တော့မဟုတ် အစ်ကိုကြီးအရွယ်လောက်ပါပဲ။ အမိက မှူးဘက်က ရိုးသားဖို့ပါပဲလေ။

မှူး မှန်ရှေ့မှထပြီး အိပ်ရာပေါ် လှဲချလိုက်လေသည်။ မနက်အလုပ်စဝင်ရမှာဆိုတော့ စိတ်တွေလှုပ်ရှားပြီး ရင်တွေခုန်နေရ၏။ မှူး လုပ်နိုင်ပါ့မလား။ အတွေးထဲမှာ ဦးမိုးဒေဝါက စိုးမိုးလွှမ်းနေလေ





သည်။ တည်ကြည်ခန့်ညား နုပျိုချောမောနေတဲ့ ဦးမိုးဒေဝါကို မှူး မေ့ပျောက်ပစ်လို့မရပေ။

မှန်းလိုက်တာ မှူး ဘာဖြစ်နေရတာလဲ။ ဦးမိုးဒေဝါအပေါ် ဒီလောက်အထိ စိတ်ဝင်စားနေဖို့ မသင့်တော်ပါဘူးနော်။

"ကိုယ့်ကိုယ်ကိုပါ ချယ်မှူးထင်၊ ကိုယ့်အနားမှာနေလို့ မင်းမျည်တစ်ပေါက်မစွန်းထင်းစေရပါဘူး"

မှူး မေ့ပျောက်ပစ်ရမယ်။ ချမ်းသာကြွယ်ဝပြီး ကိုယ့်ထက်အသက်အရွယ်ကြီးတဲ့ ယောကျ်ားတစ်ယောက်အပေါ် မှူး စိတ်တွေ တိမ်းညွှတ်သင့်ပါဘူးလေ။ ပတ်ဝန်းကျင်က ဘာပြောမလဲ။ ဘယ်လောက်အထိ အထင်အမြင်သေးကြမလဲ။ ကဲ့ရဲ့ရှုံ့ချကြမလဲ။ မတွေးတော့ပါဘူး။ ဦးမိုးဒေဝါအကြောင်း မှူး ဘယ်လောက်များ သိထားလို့လဲ။

အိပ်စက်ဖို့ ကြိုးစားရင်း မျက်ဝန်းတွေက ကြောင်နေသည်။ အိပ်စက်ခြင်းတွေ မှူး မျက်တောင်ဖျားတွေပေါ်မှာ ပျောက်ဆုံးနေရလေ၏။ ဦးမိုးဒေဝါကြောင့်လား။ လုံးဝမဖြစ်သင့်ဘူး။ မှူး လက်မခံ



www.burmeseclassic.com

www.burmeseclassic.com



[illegible] အမြဲတမ်း လမ်းမှန်ပေါ်မှာပဲ ရပ်နေစေရမယ်။

စိတ်တွေကို တင်းလိုက်ပြီး မှူး ရင်ဆိုင်ဖြတ်သန်းရမှာပဲ လေ။ စိတ်တွေကို လျှော့ချလိုက်သဖြင့် မှူး နှစ်မြိုက်စွာ အိပ်ပျော် သွားရ၏။ မနက်မိုးလင်းတော့ မှူး စောစောထပြီး ဝေနှင်းအတွက် စားစရာတွေ ပြင်ဆင်ပေးသည်။ ပြီးမှ သူမရုံးတက်ဖို့ဖြစ်၏။

"မှူး အရမ်းလှတာပဲဟယ်"

"အဟက်"

ဝေနှင်းကို နှုတ်ဆက်ပြီး မှူး အပြင်ထွက်လိုက်တော့ အောက်မှာ မှူးကို ကြိုတဲ့ကား ရောက်နေသည်။ ဦးမိုးဒေဝါက ကြိုခိုင်းလိုက်ပါတယ်ဆိုတော့ မှူး မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်း စက်သွားရ၏။ တန်ဖိုးကြီးမားလွန်းသော ကားနှင့် သူမအား လာကြို ၍ဖြစ်သည်။

"ကျွန်မ ဘတ်စ်ကားနဲ့ပဲ လာပါ့မယ် ဦးလေး၊ ဦးမိုးဒေ ဝါကို ပြောလိုက်ပါနော်၊ ဒီလောက်အထိ မလိုအပ်ပါဘူးလို့၊ ဦးလေး ကိုတော့ အားနာပါတယ် ပြန်ပါနော်"





"ကလေးမ…ဆရာက ပြောတာကတော့ မင်းက သူ့ အတွင်းရေးမှူးမလေးဖြစ်နေလို့ ဘတ်စ်ကားစီးတာ မသင့်တော်ပါ ဘူးတဲ့လေ"

"ဘာပဲဖြစ်ဖြစ် မှူး စိတ်လုံအောင် ဘတ်စ်ကားနဲ့ပဲ လာပါ ရစေလို့၊ ဒီကားကြီးနဲ့ လာကြိုမယ်ဆိုရင်တော့ မှူး ဒီအလုပ်ကို ဆက်မခံနိုင်ပါဘူးလို့ ပြောပေးပါ"

"အင်းလေ…ကလေးမသဘောပဲပေါ့၊ ကလေးမပြော စကားတွေ ဦးလေး ပြန်ပြောပြလိုက်ပါ့မယ်"

ကားကြီးထွက်သွားမှ မှူး စိတ်လုံစွာဖြင့် ဘတ်စ်ကား စီးကို လျှောက်လာခဲ့လေသည်။ ဟုတ်တယ်လေ၊ ဦးမိုးဒေဝါ အယ်လောက်ပဲ မြှောက်စားပါစေ မှူး လုံးဝလက်မခံနိုင်ပါဘူး။

"ချယ်မှူးထင်"

"ဟင်"

အထင်ကရ ဖြစ်နေသဖြင့် မှူး နှုတ်ခမ်းလေးတွေ တွန့်မဲ့ သွားရလေသည်။ လာရှုပ်ပြန်ပြီ။ သူက ကားပေါ်မှဆင်းလာပြီး



www.burmeseclassic.com

www.burmeseclassic.com



မှုံးအား လျှောက်လာ၏။

"မှုံး"

"ဘာလဲ"

"မင်းအလုပ်ရသွားပြီဆို"

"အင်း"

"ဦးမိုးဒေဝါရဲ့ အတွင်းရေးမှူးမလေးပေါ့"

"ဟုတ်တယ် အဲဒါဘာဖြစ်လဲ"

"တို့ကတော့ တားရမှာပဲ"

"ဘာ"

"ဦးမိုးဒေဝါ အနားမှာ မင်းမနေသင့်ဘူး"

"မဆိုင်တဲ့ကိစ္စမှာ ဝင်မစွက်ဖက်ရင် ကောင်းမယ်ထင်တယ်နော်"

"ဘာလဲ မင်းကိုယ်တိုင်က ဒီအလုပ်ကို နှစ်သက်နေတာလား"

"အထင်ကရ"





"သွားပြီကွာ···တို့က ချယ်မှုံးထင်ဆိုတဲ့ မိန်းကလေးကို အရမ်းအထင်ကြီးပြီး ရိုးသားဖြူစင်တယ်လို့ ထင်ထားတာ"

"ဘာ···ရှင်ဘာတွေလာပြောနေတာလဲ အထင်ကရ၊ လူကို အခြောက်တိုက် မစော်ကားနဲ့နော်၊ တို့က ရိုးရိုးသားသား အလုပ်ဝင်တာ၊ အထင်မသေးပါနဲ့"

ခပ်စွာစွာလေး ပြောနေတဲ့ ချယ်မှုံးထင်အား အထင်ကရ ခပ်စိုက်စိုက်လေး ကြည့်မိနေလေသည်။ မင်းမျက်ဝန်းလေးတွေ ရိုးသားနေတယ်။ တကယ့်ကို အပြစ်ကင်းစင်နေတာပါပဲ။ မင်း နယ်ကတက်လာပြီး အလုပ်တစ်ခု အရမ်းလိုအပ်နေတယ်ဆိုတာ တို့ သိပါတယ်။

"ကားပေါ်တက်ပါ မှုံး၊ တို့လိုက်ပို့ပေးမယ်"

"မလိုဘူး၊ တို့ကိုမနှောင့်ယှက်ဖို့ တောင်းပန်ပါတယ် အထင်ကရ၊ မှုံးကို ဂုဏ်သိက္ခာမဲ့အောင် မလုပ်ပါနဲ့နော်"

"တို့ မှုံးကို အထင်သေးတာမဟုတ်ဘူးနော်၊ ဦးမိုးဒေဝါနဲ့ တင်းကင်းရှင်းရှင်းနေဖို့ လာတားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"မှုံးကို ပြောပြစရာတွေ ရှိတယ်၊ လမ်းမှာ မကောင်းဘူး မှုံး ကားပေါ်တက်စမ်းပါ"

ဦးမိုးဒေဝါအကြောင်း ပြောမည်ဆို၍ မှုံး ကားပေါ်တက်လိုက်လေသည်။ အထင်ကရ ရှင်ကရော ယုံရလို့လား။ သူ့အဖေက ဒါရိုက်တာအဖွဲ့ဝင်ဆိုတော့လည်း ဦးအကြောင်းတွေ သိနေမှာပဲ။ ဘာတွေလဲ၊ အိမ်ထောင်နဲ့လား မှုံး မစဉ်းစားချင်။ ရင်တွေတုန်ချင်လာရ၏။ အထင်ကရရဲ့ အရိပ်အကဲကို ကြည့်ရတာတော့ ဦးနှင့်ပတ်သက်ပြီး ကောင်းသတင်းတော့ မဖြစ်နိုင်ပါဘူး လူရှင်းသော အင်းလျားကန်ဘောင်ဘေးတွင် ကားကိုရပ်သည်။

"မှုံး"

"ပြော"

"ဦးမိုးဒေဝါမှာ အိမ်ထောင်ရှိတယ်၊ သမီးလေး တစ်ယောက်ရှိတယ်"

"ဟင်"





"မိန်းမနဲ့တော့ ကွာရှင်းပြတ်စဲပြီးသားပါ၊ ဒါပေမယ့် အန်တီသော်တာက ကြမ်းတယ်၊ ဖျက်ချတယ်၊ ဦးမိုးဒေဝါကို ပြန်ကပ်ဖို့ ကြိုးစားနေတယ်လေ"

မှုံး ခန္ဓာကိုယ်လေး တောင့်တင်းအေးစက်သွားလေသည်။ ဦးမိုးဒေဝါက အိမ်ထောင်ရှင်တစ်ယောက် ဖြစ်နိုင်သည်ဟု မှုံး စိတ်ထဲမှာ သိသွားပေမယ့် လက်မခံနိုင်အောင် ဖြစ်ရ၏။ ဦးနဲ့က ကွာရှင်းထားကြတာပဲ။ ဘာဖြစ်လို့မှန်းမသိဘဲ စိတ်သက်သာရာ ရသွားမိနေသည်။

"မှုံး တစ်ခုခုဖြစ်သွားမှာ တို့ စိုးရိမ်နေတယ်၊ အရှက်တကွဲ ဆဲ၊ မှုံးကို အန်တီသော်တာက လာပြီးစွပ်စွဲပုတ်ခတ်ပြောဆိုမှာ အဲဒီစိတ်ပူလို့ တို့က ယောကျ်ားတစ်ယောက်ပဲ မှုံးရယ်၊ အတို့ အိမ်ထောင်လုပ်ချင်တာမျိုး မဟုတ်ပါဘူး၊ မှုံးကို စိတ်ပူတာပါ၊ မှုံးက အမြဲပြုံးစွင်တယ်၊ လှပတယ်၊ တန်ဖိုးကို ထိန်းပေးချင်တာပါ"

အထင်ကရက မှုံးအပေါ် မေတ္တာစေတနာတွေနဲ့ တားဆီးတာ သိပါတယ်လေ။ ပြောပြသင့်တဲ့ကိစ္စပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မှုံးက အလုပ်တာဝန်ထမ်းဆောင်တာပဲ အထင်ကခ
နေ့သားတာ ဘာတစ်ခုမှ မရှိပါဘူးနော်"

"မှုံးရော ဦးမိုးဒေဝါရော ရိုးသားကြပေမယ့် အနိုင်
သော်တာအကြောင်း တို့သိတယ်၊ သူယောကျ်ားအနားမှာ မိန်းမချော
လေးတစ်ယောက်ယောက် ရှိနေရင် မလိုလားပြီး ပြဿနာရှာတင်
လို့ပါ မှုံး"

ဟုတ်တယ်၊ တကယ်တော့ ဒီအလုပ်ကို လက်မခံသင့်
တော့ပါဘူး။ ကင်းကင်းရှင်းရှင်းနေရမယ်။ ပိုက်ဆံတွေ ဦးမိုးဒေဝ
ဆီက ယူလိုက်တဲ့ပိုက်ဆံက မှုံး လက်လွှန်သွားပြီ။ အခန်းလ
လည်း ပေးလိုက်သည်။

"မှုံးကို တို့ကူညီမယ်လေ" ဟု

"ဟင့်အင်း"

"ဘာလဲ အမိက ဦးမိုးဒေဝါလိုလူမျိုးဆီက အကူအညီ
ယူချင်တာလား"

"ဘာ"





အထင်ကရကို လှည့်မကြည့်တော့ဘဲ မှုံး ထွက်လာခဲ့လေ
သည်။ သူမအား ယခုကဲ့သို့ အထင်အမြင်သေးတဲ့စကားမျိုး ပြော
သာ လက်မခံနိုင်ပေ။ သူကားက မှုံးအနားကပ်၍ မောင်းနေပေမယ့်
မှုံး မလိုက်တော့ ဦးမိုးဒေဝါရဲ့ ကုမ္ပဏီကိုလည်း မှုံး မသွားတော့ဘဲ
ရွှေတိဂုံဘုရားမှာ တစ်နေ့ကုန်သွားထိုင်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

“ရှင်အလုပ်တွေ အဆင်ပြေရဲ့လား မှူး၊ ဦးမိုးဒေဝါကရော [illegible]သားရဲ့လား၊ မရှိုးမသားဆက်ဆံရင်တော့ အလုပ်ထွက်လိုက်၊ [illegible]တို့ ကိုယ်ကျင့်တရားကိုတော့ တစ်စက်လေးမှ အပွန်းအပဲ့မခံ [illegible]ပါဘူးနော်”

သူမ အဆင်မပြေတဲ့အကြောင်းတွေ ဝေနှင်းကို မသိစေလို [illegible] အဆင်ပြေကြောင်း ဦးမိုးဒေဝါကလည်း လူကြီးလူကောင်းပီသ [illegible]ကြောင်းပဲ ပြောလိုက်သည်။ ဝေနှင်းသိသွားရင် စိတ်ထိခိုက်မှာပဲ။ [illegible]စရာပိုက်ဆံလည်း မရှိဘူး။ ဝေနှင်းက လောလောဆယ် [illegible]ခုမှ မစွမ်းဆောင်နိုင်ဘဲ အိပ်ရာထဲမှာပဲ နေရသူ။



www.burmeseclassic.com

www.burmeseclassic.com



"မှုံးအတွက် ဘာမှပူမနေနဲ့ ဝေနင်း၊ မှုံး ကိုယ်မှုံး ထိန်းသိမ်းနိုင်ပါတယ်နော်"

မှုံး အခန်းထဲ ရောက်တော့ ငိုချင်လာရသည်။ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ။ ဦးမိုးဒေဝါနှင့် ရင်ဆိုင်ဖြေရှင်းဖို့ အင်အားမရှိသလို ဖြစ်နေရ၏။ ငွေကြေးကြောင့်ထက် မှုံး နှလုံးသားတွေထဲမှာ စူးနင့်ကြေကွဲမှုက လွှမ်းကဲနေလေသည်။ အထင်ကရထက် ဦးမိုးဒေဝါအား ပို၍သတိရတမ်းတလာမိသလိုပင် ချယ်မှုံးထင် ဘာဖြစ်နေရတာလဲ။ မြူစင်ရှိုးသားတဲ့ ဘဝကိုပဲ ပိုင်ဆိုင်ချင်တာမဟုတ်လား။ ဦးမိုးဒေဝါနဲ့ ကင်းကင်းရှင်းရှင်းနေရမယ်။

"ချယ်မှုံးထင် ဖုန်းလာနေတယ်"

အောက်ထပ်မှ လှမ်းအော်သဖြင့် မှုံး အောက်သို့ ဆင်းလာခဲ့သည်။ ဦးမိုးဒေဝါဆီကပဲ နေမှာပါ။ မှုံး တွေ့ရမှာပဲ ဖြေရှင်းရမယ်။ အပြတ်ပဲ ဖြေရှင်းလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။ ဖုန်းကိုကိုင်လိုက်တော့ ဦးမိုးဒေဝါ ဖြစ်နေ၏။

"ချယ်မှုံးထင်…မင်း ဘာဖြစ်လို့ အလုပ်မလာတာလဲ၊





ဘာအကြောင်းလဲဆိုတာ ကိုယ့်ဆီ အကြောင်းကြားသင့်တယ် မဟုတ်လား"

"ကျွန်မ…ကျွန်မ ဒီအလုပ်ကို လက်မခံနိုင်တော့ပါဘူး၊ အကြောင်းပြချက်ကို မသိချင်ပါနဲ့တော့၊ မှုံး ကြိုတင်ယူထားမိတဲ့ ငွေတွေ အမြန်ဆုံးပြန်ဆပ်နိုင်အောင် ကြိုးစားပါ့မယ်"

ဦးမိုးဒေဝါရဲ့ လေသံက ပျော့ပျောင်းညင်သာကာ အောက်ကျို့လွှမ်းနေလေသည်။ ဒါပေမယ့် မှုံးကတော့ ကင်းကင်းရှင်းရှင်းပဲ နေချင်လေသည်။ အထင်ကရ ပြောသလိုပဲ အရှက်သိက္ခာကျဆုံးစေမည့်အကြောင်းကိစ္စတွေကို မှုံး ရှောင်ရမယ်။

"ချယ်မှုံးထင်"

"ဦးမိုးဒေဝါ မှုံး တောင်းပန်ပါတယ်"

"ကိုယ့်အကြောင်းတွေကို ရှင်းပြချင်တယ်၊ မင်းနားထောင်ပေးပါ၊ ကိုယ် မှုံးနဲ့ တွေ့ပါရစေ"

"မှုံး ပိုက်ဆံတွေပဲ အမြန်ဆုံးပြန်ဆပ်နိုင်အောင် ကြိုးစားပါ့မယ်၊ ပြီးတော့ မှုံးက နယ်ကနေလာရတာပါ၊ ပတ်ဝန်းကျင်က



www.burmeseclassic.com

www.burmeseclassic.com



အထင်သေးစရာကိစ္စတွေကို မှုံး ရှောင်ချင်ပါတယ်၊ ကျေးဇူးပြုပြီး တော့ မှုံးဆီ ဖုန်းမဆက်စေချင်ပါဘူးနော်"

မှုံး ဖုန်းကိုချလိုက်ပြီး ပြန်ထွက်ခဲ့လေသည်။ အရာအားလုံး ပြတ်ပြတ်သားသား ပြောပစ်လိုက်တာ အကောင်းဆုံးပါပဲလေ။ မှုံး ခြေလှမ်းတွေ နှေးကွေးချင်နေ၏။ ဘာဖြစ်လို့များ မှုံး ကြေကွဲဝမ်းနည်းနေရတာလဲဟင်။ ဦးမိုးဒေဝါနဲ့ တွေ့ဆုံဖို့ ငြင်းပယ်လိုက်တော့ နောင်တရနေမိသလို မှုံးနှလုံးသားတွေထဲမှာ နာကျင်နေလေသည်။ ဝေနှင်းအနားရောက်သည်အထိ မှုံး မျက်နှာလေး ညှိုးမှိုင်နေခဲ့၏။

"ရှင် ဘာဖြစ်လာတာလဲ၊ ဦးမိုးဒေဝါလားဟင်"

မှုံး အလုပ်ထွက်လိုက်တာကို ဝေနှင်းမသိပေ။ မျက်ဝန်းမှိုင်းမှိုင်းလေးများနှင့် အားငယ်နေသော ဝေနှင်းအား စိတ်အားမငယ်စေလိုပေ။ သူငယ်ချင်းကောင်း မိတ်ဆွေကောင်းပီသသူ ဖြစ်၍လည်း မှုံး ကူညီချင်သည်။

"ဦးမိုးဒေဝါ မဟုတ်ပါဘူး ဝေနှင်းရာ၊ ဟို အထင်ကရ





ပါ"

"အထင်ကရ"

"အင်း"

"သူက ရှင့်ဖုန်းနံပါတ် ဘယ်လိုလုပ်ပြီး သိသွားရတာလဲ ဟာ"

"စုံစမ်းမှာပေါ့၊ သူက မှုံးနောက် တကောက်ကောက် လိုက်နေတာလေ"

"မှုံးရယ် ကျုပ်ခြေထောက် မြန်မြန်ကောင်းစေချင်ပြီဟာ၊ ရှင့်အတွက် အကူအညီတွေ မပေးနိုင်ဘူးဖြစ်နေတယ်"

"ဝေနှင်းကလည်းဟာ မှုံးအတွက် ဘာမှမပူနဲ့၊ မှုံးကိုယ်မှုံး ထိန်းသိမ်းနိုင်ပါတယ်"

ဝေနှင်းအနားကနေ ရှောင်ထွက်လာပြီး မှုံး အခန်းလေးထဲ ဝင်လာလေသည်။ မှုံး ဘာဖြစ်နေရတာလဲ ဦးမိုးဒေဝါကို သတိမရသင့်ဘူး။ အိမ်ထောင်နဲ့ကွဲနေတယ် ဆိုပေမယ့် ကလေးက ရှိနေတော့ အိပ်၍မရ။ ဦးမိုးဒေဝါအား သတိရနေမိလေသည်။ အဲဒါဆို



www.burmeseclassic.com

www.burmeseclassic.com



မိုးကိုယ်မိုး မကျေနပ်ဆုံးပါပဲ။ အိပ်ပျော်အောင်ပဲ မိုးကြိုးစားနေရ[illegible]

မေးခနဲ အိပ်ပျော်သွားချိန်တွင် မိုး စိတ်ချောက်ချားစရာ အိပ်မက်ကြောင့် ဖျတ်ခနဲ ပြန်နိုးလာသည်။ မိုးတစ်ကိုယ်လုံး ချွေးတွေ ရွှဲနေသည်။

"မိုး ဦးပြောတာကို နားထောင်စမ်းပါ၊ သော်တာနဲ့ ကိုယ် တရားဝင်ကွာရှင်းပြီးပါပြီ၊ ကိုယ်က အထီးကျန်ပါကွာ၊ အိမ်ထောင် ရေးဖောက်ပြန်မှုတွေနဲ့ ကိုယ် အမြဲတမ်း စိတ်ထိခိုက်ကြေကွဲနေရ တဲ့ လူတစ်ယောက်ပါ"

"ဘာပဲဖြစ်ဖြစ် မိုး မပတ်သက်ချင်ဘူး၊ မိုးကိုလာပြီး မပတ်သက်ပါနဲ့နော်"

"မပတ်သက်လို့ မရဘူး မိုး၊ ကိုယ်နဲ့ ဆုံတွေ့ပုံက ထူးဆန်းတယ်၊ အဲဒါ ရေစက်ပဲ၊ ရှေးဘဝက ရေစက်လေ၊ ဟိုဖူးစာ ရှင်ပဲပေါ့"

"အို…မဟုတ်ဘူး၊ မိုး ကြောက်တယ်၊ မိုး အရှက်ဂုဏ် မှာ အရမ်းကြောက်တယ်၊ မိုးဆီ မလာပါနဲ့"





"လာမယ်ကွာ…ဘာဖြစ်လဲ၊ ကိုယ် မိုးကို အရမ်းချစ် တယ်၊ မြတ်နိုးတယ်၊ ကိုယ့်နှလုံးသားတွေထဲမှာ ရူးနှစ်အောင် ချစ်မြတ်နိုးရတာက မိုးပဲ"

"အို"

သူ့လက်တွေက မိုး ပခုံးလေးအား ဆတ်ခနဲ ဆုပ်ကိုင် လိုက်ပြီး သူ့ရင်ခွင်ထဲသို့ ဆွဲယူကာ ရင်ခွင်မှာ အပ်ထားလေသည်။

"မိုးကိုချစ်တယ်ကွာ၊ မြတ်နိုးတယ်၊ ကိုယ်အရမ်း သံယောဇဉ်တွယ်မိနေပြီ"

သူ့လက်တွေက မိုးကိုယ်လုံးလေးကို သိုင်းဖက်ကာ မိုး နှုတ်ခမ်းသားလေးကို နမ်းလေသည်။ မိုး အလန့်တကြားနှင့် ရုန်းကန်ဖယ်ရှားနေမိပြီး လန့်နိုးသွားတော့ အိပ်မက်ပါလား။

ရင်တွေတဆတ်ဆတ် တုန်ရီနေသည်။ အိပ်မက်ဆိုတဲ့ အသိ ဝင်လာချိန်မှာတောင် မိုး နှုတ်ခမ်းသားလေးတွေ တဆတ် ဆတ် တုန်ရီနေခဲ့ဖြစ်၏။

"မိုးကိုချစ်တယ်၊ မြတ်နိုးတယ်၊ ကိုယ်တို့က အတိတ်ဘ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တ ရေစက်တွေ ရှိခဲ့ဘူးတယ်၊ ဖူးစာရှင်တွေပဲ ဖြစ်မယ်နော်"

မှုံး အလန့်တကြားနှင့် ထပြီး ထိုင်မိလေသည်။ ခန္ဓာကိုယ်လေးတစ်ခုလုံး ချွေးတွေရွှဲနေပြီး လည်ချောင်းတွေ ခြောက်ကပ်သွားရ၏။ ကတုန်ကရီနှင့် ရေတစ်ခွက်ယူပြီး သောက်ချလိုက်ရလေသည်။

စိတ်တွေကို ထိန်းချုပ်နိုင်ဖို့ မှုံး အတော်လေး ကြိုးစားနေရသည်။ ဦးရဲ့ရုပ်သွင်ကို မှုံး မေ့ပျောက်ဖြစ်လို့မရ။ ရင်ခုန်လှိုက်မောစွာ ဦးအကြောင်းတွေကိုပဲ စဉ်းစားတွေးတောချင်ရ၏။ အဲဒီလိုမဖြစ်သင့်ဘူးဆိုတာ မှုံး အသိတရားတွေထဲမှာ ရှိနေပေမယ့် ဦးကို တမ်းတမ်းတတလေး တွေ့မြင်ချင်နေခဲ့ပါသည်။

"ကိုယ်နဲ့ သော်တာက စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ တရားဝင်ကွာရှင်းပြီးသားပါကွာ"

မှုံးပဲ စိတ်စွဲနေတာလား၊ ဦးကပဲ မှုံးကို တမ်းတပြီး ဖြေရှင်းချက်တွေ တတွတ်တွတ်ပေးနေလို့လား ဦးဟု မှုံးက ခေါ်ဝေါ်သုံးစွဲနေပေမယ့် အသက်ကတော့ သိပ်အကြီးကြီး မဟုတ်သေးပါဘူး





သုံးဆယ်ကျော်လောက်ပဲ ရှိမယ်ထင်တယ်။ မှုံးထက်တော့ ဆယ်နှစ်လောက်ကြီးနေသည်။

ဖြူနုချောမောပြီး ခန့်ညားတည်ကြည်သော ဦးမိုးဒေဝါသည် အထင်ကရထက်ပင် မှုံး နှလုံးသားတွေကို လွှမ်းမိုးပိုင်စိုးထားနေနိုင်လေသည်။ မှုံးလည်း တကာယ့်ကို အထီးကျန်သလိုခံစားနေရတာပဲလေ။ တစ်ဦးတည်းသော သံယောဇဉ်တွယ်တာရာအမေက မှားယွင်းစွာ အိမ်ထောင်တစ်ခုကို ထူထောင်လိုက်မိသွားရာ ဘ ချစ်သမီးအား စောင့်ရှောက်အားပေးကူညီနိုင်ခွင့်မရှိ ဖြစ်ခဲ့ရလေသည်။

ဦးအပေါ် မှုံးကိုယ်ချင်းစာနေတာများလား။ ဒါပေမယ့် ဦးမှာ သမီးရှိသေးတယ်၊ အမေရှိသေးတယ်။ ငွေကြေးချမ်းသာတယ်။ မှုံးလောက်တော့ မဆိုးပါဘူးနော်။

အိပ်မရတဲ့အဆုံး ဦးမိုးဒေဝါအကြောင်းတွေပဲ မှုံး တွေးမိနေလေသည်။ အဝေးပြေးဂိတ်မှာ တွေ့ဆုံခဲ့ရတာကိုက အမှတ်တရသေဖြစ်ခဲ့၏။ မှုံးကိုလည်း ရိုးသားဖြူစင်စွာ အကူအညီပေးခဲ့တာပဲ



www.burmeseclassic.com

www.burmeseclassic.com



လေး။

မှုံး မေးခနဲ အိပ်ပျော်သွားပြီး နေမြင့်မှ အိပ်ရာမှ ကမန်းကတန်းထကာ ဝေနှင်းအတွက် မနက်စာပြင်ပေးရလေသည်။

"မှုံး ရုံးသွားရဦးမယ်မဟုတ်လား၊ နေမြင့်နေပြီ ရှင်ညက အိပ်မပျော်ဘူးလား"

"အိပ်ပျော်ပါတယ် ဝေနှင်းရာ၊ ကျုပ် အပျင်းထူသွားလို့ပါနော်"

"မှုံး"

"ဟင်"

"ရှင်…အထင်ကရကို ရွေးချယ်သင့်တယ်နော်"

"ဘာ"

"အထင်ကရက ရှင့်ကို မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်ချင်ချစ်နေမှာလေ၊ ရှင် အရမ်းမငြင်းလိုက်နဲ့ဦး"

ဝေနှင်းရဲ့ စေတနာတွေကို မှုံး နားလည်ပါတယ်လေ ရှင်က ကျုပ်ကို ကောင်းစားစေချင်တယ်မဟုတ်လား။





"အထင်ကရက အရမ်းချမ်းသာတယ်ဟ၊ ကျုပ်ထက်သာတဲ့ မိန်းမချောလေးတွေ အများကြီးရှိနေမှာပါနော်"

"မှုံး"

"ဟင်"

"ဦးမိုးဒေဝါကိုတော့ မယုံနဲ့နော်၊ တော်ကြာ"

"ဝေနှင်းရယ်…ရှင် အေးအေးဆေးဆေး အနားယူစမ်းပါ၊ ကျန်တာတွေအားလုံး စိတ်ချ"

ဝေနှင်းရှေ့မှာ ပြင်ဆင်ပြီး ထွက်လာရပေမယ့် မှုံးမှာ သွားစရာမရှိပေ။ အထင်ကရနဲ့လည်း ဆုံတွေ့မှာ စိုးရိမ်နေမိလေသည်။

မှုံး တခြားအလုပ်ရှာမယ်။ ပြီးတော့ ဦးမိုးဒေဝါရဲ့အကြွေးကိုလည်း ပြန်ဆပ်ရမယ်မဟုတ်လား။

တစ်ယောက်တည်း ဘာဆက်လုပ်ရင်ကောင်းမလဲဟု တွေးစားရင်း မှုံးခြေလှမ်းတွေက ကားဂိတ်ရောက်အောင်ပင် အတော်ကြာ အားယူ၍ လှမ်းနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချယ်မှုံးထင်"

"ဟင်"

အထင်ကရ ကားပေါ်မှဆင်းလာပြီး မှုံးလက်လေးကို ဆတ်ခနဲဆွဲယူကာ သူ့ကားထဲမှာ ဝင်ထိုင်စေတော့သည်။

"အထင်ကရ ဘာလုပ်တာလဲ၊ ဖယ်နော်၊ တို့ကို မအော် ကားနဲ့၊ ရှင်ခေါ်တိုင်းလိုက်စရာအကြောင်းမရှိဘူး"

အထင်ကရက ဘာမှမပြောဘဲ ကားကိုသာ ခပ်မြန်မြန် လေး မောင်းနေလေသည်။

"အထင်ကရ ဒါဘာလုပ်တာလဲ၊ တို့ အော်လိုက်မှာနော်"

"အော်လိုက်လေ...ကိုယ် စေတနာနဲ့ကူညီပေးမယ့် လူတစ်ယောက်ကို ထောင်ထဲပို့ရက်လို့လား"

အထင်ကရရဲ့ စပ်ဖြဲဖြဲအပြုံးတွေကို မှုံး မလိုလားစွာဖြင့် ခပ်မာမာကြည့်ပစ်လိုက်မိသည်။ ကားက အရှိန်မြင့်လာပြီး မြို့ပြင် ဘက် မောင်းလာမှန်း မှုံး သတိထားမိသွားလေသည်။

"အထင်ကရ ရှင် ကားကို ဘယ်အထိမောင်းနေတာလဲ"





"အမိက တို့ထက် ဦးမိုးအေဝါကို ပိုယုံကြည်နေသလိုပဲ"

"မယုံပါဘူး၊ ဘယ်သူ့မှမယုံဘူး၊ ကျွန်မ အခု အလုပ် ထွက်လိုက်ပြီလေ"

"အမိ ဘာမှမစိုးရိမ်ပါနဲ့၊ တို့က အကူအညီပေးမှာပါ"

"ကားကိုရပ်နော်၊ မှုံး ပြဿနာမရှုပ်ချင်လို့ မအော်တာ၊ နာမည်အပျက်မခံချင်လို့သိလား"

"ခဏလေးပါ မှုံးရယ်၊ တို့က အေးအေးဆေးဆေး စကား ပြောချင်နေလို့ပါ"

ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် သူက လုပ်ချင်တာလုပ်တော့ ဆိုတာ မှုံး သိလိုက်လေသည်။ ဘာပဲဖြစ်ဖြစ် မှုံးလည်း လုပ်ရမှန်းမသိ ဖြစ်နေခဲ့တာပါပဲ။

"ကိုယ့်ကိုယုံပါ မှုံး၊ တို့မှာ ပြောစရာတွေရှိနေလို့ပါ ပြောတာကို မှုံး ခဏလေးပဲ နားထောင်ပေးပါ"

ဘာတွေလဲ။ ဦးမိုးအေဝါကလည်း သူ့အကြောင်းတွေကို ထောင်စေချင်နေလေသည်။ အံ့ဩစရာကောင်းစွာဖြင့် ဦးပြော



www.burmeseclassic.com

www.burmeseclassic.com

မယ့်စကားတွေကိုတော့ မိုး နားထောင်ချင်နေ၏။

ကားလေးက လူရှင်းတဲ့တစ်နေရာတွင် ရပ်သွားလေသည်။ မိုး မျက်နှာလေးက တင်းမာနေ၏။

"မိုး"

"ဘာလဲ ပြော"

"မိုး အလုပ်တစ်ခုခုရဖို့ အရေးတကြီးလိုအပ်နေတာ မဟုတ်လား"

"အဲဒါ အထင်ကရနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"တို့အသိတစ်ယောက်ရဲ့ ကုမ္ပဏီမှာ သွင်းပေးနိုင်ပါတယ် မိုးရာ"

"နေပါစေတော့ ကျေးဇူးပြုပြီးတော့ မိုးကို ဘာမှမကူညီကြပါနဲ့တော့၊ မိုးကိစ္စပါ၊ မိုးကိုယ်တိုင်ပဲ ဖြေရှင်းပါရစေ"

မျက်နှာလေးတင်းတင်းနှင့် စူစူဆောင့်ဆောင့်လေး ပြောနေတဲ့ မိုးကို အထင်ကရ ခပ်စူးစူးလေးကြည့်မိနေလေသည်၊၊ ဒီမိန်းကလေးအား အထင်ကရ ချစ်နေမိ၏။ ချယ်မိုးထင်ရဲ့ လိုအပ်ချက်တွေ





[illegible]လုံး အထင်ကရ ဖြည့်စွမ်းပေးချင်နေသည်။

"မိုး"

"မိုး ပြန်ချင်ပြီ"

"တို့စေတနာတွေကို မိုး လက်ခံပါ၊ တို့ မိုးကို စတွေ့[illegible]တွေ့ချင်းပဲ ခင်မင်မြတ်နိုးသွားခဲ့ရတာပါကွာ"

"ဘာ"

"မိုးကိုချစ်တယ်"

"ဟင်"

"တို့မှာ ဖေဖေပဲရှိတယ်၊ တို့ဖေဖေ့ကလည်း အဆင့်[illegible]အတန်းတွေ မခွဲခြားတတ်ဘူး၊ တို့ဘဝတစ်သက်တာ လက်တွဲဖော်[illegible] တို့ဆန္ဒအတိုင်းပဲ ရွေးချယ်ခွင့်ပေးထားတယ်၊ မိုး မယုံရင် [illegible]ဖေဖေနဲ့ တွေ့မလား"

"မတွေ့ချင်ပါဘူး၊ အထင်ကရနော် မိုးကို အရှုပ်လို့[illegible]ောင်နဲ့နော်၊ အဲဒီလိုမျိုး မိုး ဆန္ဒမပါဘဲ ထင်ရာစိုင်းတာမျိုး မိုး [illegible]နှန်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မှုံးကို ဦးမိုးဒေဝါနောက် ပါသွားမှာ တို့ အရမ်းစိုးရိမ်တယ်၊ မှုံးဘဝလေး ဖြူစင်နေစေချင်လို့ပါကွာ၊ တို့က တစ်ဦးတည်းသောသားဖြစ်လို့ ဖေဖေက အရမ်းအလိုလိုက်တယ်၊ တို့ဆန္ဒဖြည့်စွမ်းပေးပြီးသားပဲ၊ တို့လိုချင်တာကို မရမက ယူဆောင်ပေးတယ်လေ၊ တို့ အခုအလိုအပ်ဆုံးက မှုံးပဲလေ"

"အထင်ကရကိုတော့ မှုံး တိတိကျကျပြောထားမယ်နော်၊ တို့က သက်မဲ့အရာဝတ္ထုမဟုတ်ဘူး၊ ရှင်လိုချင်တိုင်း ရမယ်မထင်ပါနဲ့၊ မှုံးကိုလည်း ဘယ်လိုအရာနဲ့မှ မြှူဆွယ်ဖြားယောင်းလို့ရမှာမဟုတ်ဘူးနော်"

"မှုံး"

"ပြန်မယ်"

"တို့ကတော့ မှုံးကို မရရအောင် ယူမှာနော်၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ်ပေါ့၊ မင်းကို တိတိကျကျပြောလိုက်မယ်နော် မှုံးကိုရအောင်ယူမယ်"

မှုံးကို တမင် အရှင်းလင်းဆုံးပဲ အထင်ကရ ပြောလိုက်





လေသည်။ ဦးမိုးဒေဝါက မိန်းကလေးတွေ နှစ်သက်မြတ်နိုးပြီး အားကိုးတကြီး သံယောဇဉ်တွယ်ငြိသွားနိုင်တဲ့ လူကြီးတစ်ယောက်ပဲ။ အထင်ကရလည်း ချယ်မှုံးထင်ကို စွဲလမ်းနှစ်သက်နေပြီလေ။ ဦးမိုးဒေဝါက လူကြီးလူကောင်းတစ်ယောက် ဖြစ်ပေမယ့် အနိုတိသော်တာက အရမ်းကြမ်းတယ်၊ လုပ်ချင်တာတွေလုပ်လို့ဝတော့ ယောကျ်ားအနား ပြန်ကပ်ပြီး ဂုဏ်သိက္ခာတွေကို ပြန်ဆယ်ဖို့ ကြိုးစားနေတယ်။

"တို့က မှုံးနဲ့ အလိုက်ဖက်ဆုံးပါပဲကွာ၊ တို့ဖေဖေက သက်ခံမှာပဲ၊ တို့ တစ်ဦးတည်းသောသားနော်၊ မှုံးကို မြတ်မြတ်နိုးနိုးနဲ့ ချစ်မှာ"

မှုံးကိုတော့ ဘယ်သူ့လက်ထဲမှ အပါမခံနိုင်ပါဘူးကွာ။ တို့ အရမ်းချစ်သွားပြီ။ ပိုင်ဆိုင်ချင်တယ်။ မှုံးရဲ့ဘဝအတွက် အတင့်တယ်ဆုံးက တို့ပဲလေ။ မှုံးကို တို့ပဲပိုင်ရမယ်။ တို့ မှုံးကို ရွေးချယ်လိုက်ပြီ။ ဖေဖေက တို့သဘောပဲ။

"မှုံး"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ်"

"အဲဒီလိုတင်းမာနေရင် တို့တစ်ခါတည်း ခိုးပြေးသွားမှာ နော် မှုံး"

"အထင်ကရနော် တို့ကိုပြန်ပို့ပါ၊ တို့က အရမ်းဆင်းရဲပြီး ဒုက္ခအခက်အခဲတွေနဲ့ ရင်ဆိုင်ဖြေရှင်းနေရတာပါနော်၊ အထင်ကရ ဖေဖေကလည်း တို့လိုလူမျိုးနဲ့ သဘောတူမှာမဟုတ်ပါဘူး၊ စိတ်ထဲ မယဉ်ပါနဲ့ အထင်ကရ"

"တို့ကို ကတိတစ်ခုတော့ပေးပါ မှုံးရယ်၊ ဦးမိုးဒေဝနဲ့ မပတ်သက်ပါဘူးလို့"

"အဲဒါက မှုံးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပဲ အထင်ကရ တို့ကို အိမ်ပြန်မပို့ရင် တို့ လိုင်းကားစီးပြီး ပြန်မှာနော်"

အထင်ကရက မှုံးအနား တိုးကပ်သွားပြီး အားမလိုအားမရ နိုင်စွာဖြင့် မှုံးကိုယ်လေးကို ပွေ့ဖက်ကာ နှုတ်ခမ်းလေးအား နမ်း ကြိုးစားလိုက်သည်။

"အထင်ကရနော် အဲဒီလိုမလုပ်နဲ့၊ လွှတ်နော် မှုံး လုံး





ကြိုက်ဘူး၊ အထင်သေးပြီး မှုံးကို စော်ကားတာလား"

မှုံး ကိုယ်လုံးလေးကို လွှတ်ပေးလိုက်ပြီး ကားစက်နိုးကာ မောင်းထွက်လာခဲ့လေသည်။ မှုံး မျက်နှာလေး ငိုမဲ့မဲ့ဖြစ်နေတာကို အထင်ကရ မကြည့်ရက်ပေ။ မှုံးဘက်မှ အေးစက်နေတာ အားမလို အားမရနှင့် ကားတင်ပြီးသာ ဖွတ်အတင်း ရယူပိုင်ဆိုင်ပစ်လိုက်ချင် မိလေသည်။ မှုံး အမိကိုတော့ အထင်ကရပဲ ပိုင်ဆိုင်စေရမယ်။ ချယ်မှုံးထင်က သူ့စေတနာတွေကို နားမလည်တာပဲ အထင်ကရ တော့မနေပ် ဖြစ်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

အထင်ကရကိုတော့ မှူး ဘယ်လိုနည်းနှင့်မှ ခံစားကြည့်လို့မရတာတော့ အမှန်ပဲဖြစ်လေသည်။ ပြည့်စုံချမ်းသာသော အထင်ကရက မှူးနှင့်ရွယ်တူ မိန်းကလေးတစ်ယောက် မက်မောလောက်တဲ့ အခြေအနေရှိနေပေမယ့် မှူး မိတ်ဆွေသူငယ်ချင်း သဘောလောက်ပဲ ခင်မင်ချင်နေလေသည်။

ဦးမိုးဒေဝါကိုတော့ မှူး ဘာဖြစ်လို့များ တမ်းတမ်းတတဖြစ်နေရတာလဲ။ ကျွန်မနှင့်လာပြီး မပတ်သက်ပါနဲ့ဟု ပြောဆိုမိတာဝင် မှူး နောင်တရနေမိသလိုပင်။ ဝေနှင်းကတော့ အထင်ကရကိုပဲ ရွေးချယ်သင့်သည်တဲ့။ အထင်ကရလို လူတစ်ယောက်က ဒီဘ



www.burmeseclassic.com

www.burmeseclassic.com



နဲ့တွေ့ပေးပြီး တင့်တယ်စွာ လက်ထပ်ဖို့တောင်းဆိုခဲ့တာတောင် မှုံး ဘာဖြစ်လို့ လက်မခံနိုင်ရတာလဲ။

မှုံး မှားနေပြီ။ လမ်းမှားပေါ် လျှောက်လှမ်းဖို့ မှုံး ခြေလှမ်းတွေ အစပျိုးနေပြီထင်တာပဲ။ အသိတရားတွေနဲ့ ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေစဉ်မှာ ဦးမိုးဒေဝါအား သတိတရ တွေ့ချင်နေ၏။

အထင်ကရက သွားချင်တဲ့နေရာ လိုက်ပို့ပေးမယ်ဆိုတာတောင် မှုံး လက်မခံဘဲ မြို့ထဲမှာပဲ ဆင်းလိုက်သည်။

"ချယ်မှုံးထင် အိမ်သိထားဖို့က အိမ်ကို အထင်ကရပဲ ပိုင်ဆိုင်မှာနော်"

"အဟွန်း"

အထင်ကရကို မှုံး မကျေမနပ်နှင့် မျက်စောင်းလေးထိုး ပစ်လိုက်လေသည်။ ဖြူစင်တဲ့ သူငယ်ချင်းသံယောဇဉ်ပဲ ရှိနေတာ မှုံး သိလာရ၏။ မှုံးတစ်ယောက်တည်း ခြေဦးတည့်ရာ လမ်းလျှောက်ရင်း ကုမ္ပဏီတစ်ခုခုမှာ အလုပ်ဝင်လျှောက်ဖို့ ကြံစည်နေလေသည်။

တွေ့သမျှ အရောင်းခန်းမတွေနှင့် ကုမ္ပဏီတွေကို မှုံး





ပေးမောကြည့်ရင်း ဝန်ထမ်းလိုမလို စုံစမ်းနေခဲ့သည်။

"ကိုယ့်ရဲ့အတွင်းရေးမှူးမလေးအဖြစ် ချယ်မှုံးထင် အလုပ်လုပ်ပါ၊ မင်းကို မှည့်တစ်ပေါက်တောင် မစွန်းထင်းစေရပါဘူး ကိုယ်ကတိပေးပါတယ်ကွာ၊ ယုံပါ"

မေ့ပျောက်ဖို့ ကြိုးစားနေသည့်ကြားမှပင် ဦး စကားသံတွေကို ကြားယောင်နေမိလေသည်။ ဦးရဲ့ ကြင်နာတဲ့အကြည့်တွေကို မှုံး မေ့ပျောက်ပစ်လို့မရပေ။ အသိတရားတွေနဲ့ ထိန်းချုပ်ထားပေမယ့် ဦးကို မှုံး မိုက်မဲစွာ သံတိရတမ်းတနေမိနေလေသည်။

"မှုံးမှာ အခက်အခဲတွေ ကြုံတွေ့နေရတယ်မဟုတ်လား၊ ကိုယ့်ကိုယုံပါ၊ မင်း အခက်အခဲတွေအတွက် ကိုယ် ကူညီပါရစေ"

မှုံးရဲ့ ခြေလှမ်းလေးတွေက နှေးကွေးလေးလံနေသည်။ ဦးမိုးဒေဝါရဲ့ ပိုက်ဆံလည်း ပြန်ဆပ်ရမယ်။ မှုံးက ငွေကြေးကြောင့် ဦးမိုးဒေဝါနဲ့ ပတ်သက်တာမျိုး အဖြစ်မခံနိုင်လို့ပါနော်။

"ကိုယ့်အကြောင်းတွေကို မင်းသိအောင် ရှင်းပြပါရစေ၊ မင်းနားထောင်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးဒေဝါရဲ့ အသံတွေက မှုံးကို ဘာဖြစ်လို့များ လွမ်းနေရတာလဲဟင်။ မှုံး မေ့ပစ်ရမယ်။ တော်ပြီ၊ လုံးဝမတွေးတော့ဘူး။ ဆေနှင်းပြောသလိုပဲ အထင်ကရကမှ မှုံးအတွက် သင့်တော်တဲ့ ရွေးချယ်မှုပါပဲလေ။

"မှုံး"

"ဟင်"

မှုံး နာမည်လေးကို ခွေးခွေးမြေ့မြေ့ ခေါ်လိုက်သံကြောင့် လှည့်ကြည့်လိုက်တော့ ဦးမိုးဒေဝါ ဖြစ်နေသည်။ ရင်ထဲမှာ ကျေနပ်ပီတိလေးတွေ အမှတ်မထင် တိုးဝင်ရောက်ရှိသွားရပြီး ထိုအပျော်ရိပ်လေးတွေ မှုံးရဲ့ မျက်ဝန်းတွေဆီ မဖုံးမဖိနိုင် ကူးစက်မလာအောင် သတိနှင့် ထိန်းချုပ်ထားလိုက်သည်။

"လာလေ ကိုယ်တို့တစ်ခုခုစားရင်း စကားနည်းနည်းပြောကြရအောင်"

"ဟို…ကျွန်မ…ကျွန်မ"

"လာပါကွာ"





ဦးမိုးဒေဝါက စိတ်မရှည်နိုင်စွာဖြင့် မှုံးလက်လေးအား ဆတ်ခနဲဆွဲယူပြီး ကားထဲဝင်ထိုင်စေသည်။

"မှုံးကို အဲဒီလို နိုင်ထက်စီးနင်း မလုပ်ပါနဲ့ ဦးမိုးဒေဝါ"

ဒေါသဖြစ်ဖြစ်နှင့် မကျေမနပ်လေး ပြောမိလိုက်လေသည်။ ဘယ်လိုဖြစ်နေကြတာလဲ။ အထင်ကရကလည်း မှုံးအပေါ် ပိုင်စိုးပိုင်နင်း ဆက်ဆံနေတတ်လေ၏။ တွေ့ဆုံကြတာ ဘာမှမကြာသေးဘူး မဟုတ်လား။

လူရှင်းတဲ့ စားသောက်ဆိုင်ထဲ ဝင်လာခဲ့သည်။ မှုံးကတော့ နှေးကွေးတဲ့ ခြေလှမ်းလေးတွေနှင့် အသက်မဲ့သလို လှမ်းလျှောက်လာခဲ့၏။

"ဘာစားမလဲ မှုံး"

"မင်းလည်း မနက်စာ မစားရသေးဘူးမဟုတ်လား"

မှုံးကိုယ်လေး ပူနွေးပြီး တုန်ရီမောဟိုက်ချင်လာနေရသည်။ ဦးရဲ့ အကြည့်တွေအောက်မှာ မှုံးခန္ဓာကိုယ်လေး သေးသိမ်ငုတ်လျှိုးနေပြီး နှလုံးသားတွေလည်း တဆတ်ဆတ်လှုပ်ခါနေသည်မှာ



www.burmeseclassic.com

www.burmeseclassic.com

ထင်မိသည်။

"မိုး"

"ရှင်"

"မင်း ဘာဖြစ်လို့ အလုပ်တာဝန်တွေ လက်မခံရတာလဲ ဆိုတာ ကိုယ်သဘောပေါက်ပါတယ်ကွာ"

မိုးကသာ ဦးလို့ခေါ်နေပေမယ့် ဦးမိုးဒေဝါက အထင်ကရ ထက်ပင် နုပျိုချောမောနေသေးသည်ဟု မိုး တွေးမိနေလေသည်။ ဦးဟာ လူလတ်ပိုင်းတစ်ယောက်ပါပဲလေ။ ဒီလောက်ချောမောနုပျို ပြီး ဒီလောက်ချမ်းသာပြည့်စုံနေတဲ့ ဦးအိမ်ထောင်ရေး ပြိုကွဲပြီး အထီးကျန်နေတယ်ဆိုတာ ဦးရဲ့ချို့ယွင်းချက်တွေကြောင့်ပဲ ဖြစ်မှာပါ လေ။

"ကိုယ် အမှန်အတိုင်းဝန်ခံရရင် ကိုယ့်မှာ အိမ်ထောင်ရှိ တယ်၊ သမီးလေးတစ်ယောက်ရှိတယ်"

"ဟင်"

မိုး သိထားပြီးတဲ့ကိစ္စတွေ ဖြစ်နေပေမယ့် အဖြစ်မှန်တွေ





ပါလားဆိုတာ သိလိုက်ရပြီး တုန်လှုပ်ချောက်ချားရလေသည်။

"ကိုယ့်အိမ်ထောင်ရေးက တရားဝင်ကွာရှင်းပြတ်စဲပြီးသွား ပါပြီ၊ အဲဒါ အမှန်ပါပဲ မိုးရယ်"

"အဲဒါ ကျွန်မနဲ့ ဘာဆိုင်လို့လဲ ဦးမိုးဒေဝါ၊ မိုးက ဘဝ အစ်ခုကို ရိုးသားဖြူစင်ပြီး အရှုပ်အထွေးကင်းကင်းနဲ့ ဖြတ်သန်းချင် တာပါ၊ မိုး ငွေကြေးမချမ်းသာချင်နေပါစေ ဘဝလေးကို ဖြူစင် ချင်ပါတယ်၊ အဲဒါ မိုးရင်ထဲက ခိုင်မာတဲ့ဆန္ဒတွေပါနော်"

အသံတိမ်တိမ်လေးဆွေ ထွက်ပေါ်မလာအောင်တော့ မိုး ကြိုးစားဟန်ဆောင်နေရလေသည်။ ဦးနဲ့ပတ်သက်လာရင်တော့ မိုး အနိုင်ရလိုက်မှောစွာ ခံစားနေတာပါပဲ။

"ကိုယ်လည်း မိုးကို စိတ်ချမ်းသာကိုယ်ချမ်းသာ နေစေ ချင်ပါတယ်ကွာ၊ ဒါပေမယ့် ကိုယ် မေ့ပျောက်ပစ်လို့ မရဘူး၊ မိုး ဒုက္ခအခက်အခဲတွေ ဘယ်လိုဖြေရှင်းနေလဲလို့ တွေးမိနေတယ်"

"မိုးကို မသနားပါနဲ့၊ မိုး အစွမ်းအစနဲ့ ဘဝကို ရင်ဆိုင် နိုင်ပါတယ် ဦး"



www.burmeseclassic.com

www.burmeseclassic.com



ချယ်မှုံးထင်ဆိုတဲ့ ကောင်မလေးရဲ့ မာနတွေကို သူ့စိတ်တွေထဲမှာ အထင်ကြီးလေးစား နှစ်သက်နေမိသည်။ မင်း ဟန်ဆောင်နေတာ မဟုတ်ဘူးဆိုတာလည်း ကိုယ်သိနေပါတယ်။ ကိုယ်တို့လို ချမ်းသာကြွယ်ဝတဲ့ လူတစ်ယောက်ကို ဖြားယောင်းမြှူဆွယ်မှုမရှိတာ ကိုယ်နှစ်သက်တယ်၊ မြတ်နိုးတဲ့အထိ တိုးဝင်စူးနှစ်အောင် ချစ်သွားတာ မင်းတစ်ယောက်တည်းကိုပါပဲ ယုံပါ ချယ်မှုံးထင်။

"ကိုယ့်ဘဝမှာ အိမ်ထောင်ရေးနဲ့ဝတ်သက်ပြီး နာကြည်းကြေကွဲစရာတွေနဲ့ အိမ်ထောင်ရေးဖောက်ပြန်တဲ့ ဇနီးကြောင့် အရှက်သိက္ခာတွေ ကင်းမဲ့ပြီး ဘဝမှာ အထီးကျန်နေခဲ့ရတယ်လေ"

မိုးဒေဝါကတော့ ချယ်မှုံးထင်လို ကောင်မလေးတစ်ယောက်ကို နားလည်သဘောပေါက်အောင် ခဲယဉ်း ရှင်းပြနေမိတာကိုပဲ သူကိုယ်တိုင်ပင် နားမလည်နိုင်ဖြစ်ကာ အံ့သြနေလေသည်။ သော်တာနှင့် ကွာရှင်းပြီး မိန်းကလေးတွေနှင့် အကင်းရှင်းဆုံး နေလာခဲ့မိ၏။ သူ့နှလုံးသားတွေထဲမှာ အချစ်ထက် နာကျင်ကြေကွဲမှုတွေသာ ပြည့်နှက်နေလေသည်။

"မှုံးရယ်…ဦးအနားမှာ နေပေးပါ၊ ကိုယ့်ရဲ့ ရှေ့ဆက်ရမယ့် အချိန်လေးတွေကို အပျော်တွေနဲ့ ကုန်ဆုံးချင်တယ်ကွာ"

"မဖြစ်နိုင်တာပဲ ဦးမိုးဒေဝါ၊ မှုံးကို ဒုက္ခရောက်အောင် ဆောင်ပါနဲ့နော်၊ နောက်ပြီး မှုံး ဝန်ခံစရာတစ်ခုရှိပါတယ်၊ အဲဒါကတော့ မှုံးမှာ ချစ်သူရှိနေတာပါပဲ"

"ဘာကွ"

"မှုံးကို ထပ်ပြီးမပတ်သက်ချင်ပါနဲ့တော့၊ ဦးအနားမှာလည်း မှုံး မနေပေးနိုင်ပါဘူး၊ မှုံးက သက်မဲ့အရုပ် မဟုတ်ပါဘူး၊ လူ့လောကကြီးထဲက လူသားတစ်ယောက်ပဲ"

မှုံးအသံလေးတွေ တုန်ရီလှိုက်ခါနေတာ သူ သတိထားမိလိုက်လေသည်။ မင်း ဟန်ဆောင်နေတာပါ မှုံးရယ်၊ မင်းမျက်ဝန်းလေးတွေက ရီဝေကြေကွဲနေပါတယ်။မင်းမှာ ချစ်သူရှိတာ မဖြစ်နိုင်ပါဘူးကွာ၊ မင်းက အရှမ်းဖြူစင်ပြီး သန့်စင်တဲ့ ပန်းငုံဖူးဖူးလေး အစ်ပွင့်ပါ။







www.burmeseclassic.com

www.burmeseclassic.com

"မင်းကို ကိုယ်က ချစ်သူတစ်ယောက်လို သတ်…
ဆက်ဆံချင်တာ မဟုတ်ပါဘူးကွာ၊ မကြောက်ပါနဲ့၊ မိတ်…
တစ်ယောက်လို အစ်ကိုတစ်ယောက်လိုပါကွ"

ကောင်မလေးရဲ့ မျက်ဝန်းလေးတွေကို သူ ခပ်ပြုံးပြုံး…
စိုက်ကြည့်တော့ ရှက်သွေးလေးတွေ လက်လက်ခါနေသည့် ပါး…
နုနုလေးပေါ်မှာ ပန်းသွေးရောင်က သိသိသာသာ စိုလွှင်နေ…
သည်။

"မင်းမှာ အစ်ကိုရှိလား ချယ်မွှန်းထင်"

"ဟင့်အင်း"

"ကောင်းပြီလေ…ဒါဆို ခုအချိန်ကစပြီး မင်းက ကို…
ညီမလေးပဲ၊ ကိုယ်မွေးစားလိုက်ပြီ၊ ဒါဆိုရပြီလား"

"ဟို…ဟို…မွှန်းလေ မွှန်း"

"မွှန်းကို ဘယ်သူမှ စေ့စေ့တောင် မကြည့်စေရပါဘူး…
ညီမလေးတစ်ယောက်ကို စောင့်ရှောက်သလို ကိုယ် စောင့်ရှော…
ပါရစေနော်"





မွှန်း ဘာဖြစ်လို့များ တိတ်တိတ်ဆိတ်ဆိတ်လေး ငြိမ်သက်
…လိုက်ရတာလဲ။ အပြတ်သားဆုံး ငြင်းဆန်လိုက်ရမှာပါလေ။
…ဆင်ကရ သိသွားရင် ဘာပြောမလဲ။ ငွေမက်ပြီး ဦးမိုးဒေဝါနဲ့
…လို့ မဟုတ်ပါဘူး မွှန်းနှလုံးသားတွေက ဦးမိုးဒေဝါအပေါ်
…သည့်မှုတွေနဲ့ ငြင်းဆန်နိုင်တဲ့အင်အားတွေ မရှိတော့အောင်
…သွားရလို့ပါနော်။

"မွှန်း"

"ဟင်"

"ညီမလေး စားတော့နော်၊ ဒီနေ့ကစပြီး ညီမလေးရဲ့
…အပ်တာမှန်သမျှတွေ အားလုံး ကိုယ်ဖြည့်စွမ်းပေးတော့မယ်"

"ဟို…ဟို ဦး ကျွန်မလေ ဘာမှမလိုအပ်ပါဘူးနော်၊
…ယ်ပါ၊ တကယ်ပဲ ဘာမှမလိုတာပါ"

"မင်းသူငယ်ချင်း ဝေနှင်းက သုံးလလောက် နားရတယ်၊
…လုပ်ကိုင်စ အဆင်မပြေရင် ဘယ်လိုလုပ်မလဲ၊ မင်းအတွက်
…မိတ်ဆွေကုမ္ပဏီမှာ အလုပ်ရအောင်လုပ်ပေးမယ်၊ ကိုယ်က

www.burmeseclassic.com

www.burmeseclassic.com



မင်းကို ခဏလေး ငွေချေးပေးထားတယ်လို့ သဘောထားလိုက်

နော်"

မှုံး ငြင်းဆန်ဖို့ ကြိုးစားလိုက်ပေမယ့် နှုတ်ခမ်းလေး

ဆီမှ အသံတွေက တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ဦးမိုးဒေဝါ

အမိန့်အာဏာတွေကို အလိုလိုနာခံနေမိလျက်သား ဖြစ်နေ

အသက်ကင်းမဲ့နေသလိုပါပဲလေ။ အသိဉာဏ်တွေ ဘယ်ရောက်

ပြီလဲ။ ရင်ထဲမှာတော့ အင်အားတွေ ပြည့်သွားသလို ဖြစ်သွာ

သည်။



## အခန်း (၁၁)

ဦးမိုးဒေဝါနဲ့ မှုံးတို့က ရှေးဘဝက ရေစက်တွေ ရှိနေကြတဲ့ သူတွေလားဟင်။ မှုံး နှလုံးသားတွေက ဦးမိုးဒေဝါအပေါ် ညွတ်စွာ နှစ်သက်မြတ်နိုးနေမိလေသည်။ မှုံးရဲ့ လိုအပ်ချက်တွေကို လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးခဲ့၏။ မှုံးနေဖို့ တိုက်ခန်း ခန်း ပေးအပ်သည်။ လက်ကိုင်ဖုန်းတစ်လုံး ပေးခဲ့၏။ လိုအပ်တဲ့ သုံးအဆောင်ပစ္စည်းတွေအားလုံးရောပါပဲ ပေးနေလေသည်။

"ဝေနှင်းရယ် …ဦးက မှုံးကို စောင့်ရှောက်တာပါဟယ်၊ ချစ်သူတွေမဟုတ်ပါဘူးနော်"

"မှုံး…ဦးမိုးဒေဝါနဲ့ လိုအပ်သလောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါဟာ"

"မှုံး"

"ဟင်"

"ရှင်"

"အထင်ကရက မှုံးကို လက်ထပ်ဖို့တောင်းဆိုနေတယ် ဝေနှင်း"

ဦးမိုးအေဝါနှင့် စိတ်ပူပင်သောက ရောက်နေမည်စိုး၍ အထင်ကရာဘက် လှည့်ပေးထားလိုက်လေသည်။ မှုံး စိတ်မလုံ၍ ဖြင့် ဝေနှင်းအနားမှ ထွက်လာ၏။ ဦးရယ် မှုံး ဘာဖြစ်သွားလဲ မသိတော့ပါဘူး။ အထင်ကရထက် မှုံးက ဦးကို သတိရတမ်းတ နေမိတာပါ။ ဦးရဲ့ဆန္ဒတွေအတိုင်းပဲ မှုံး နေချင်မိလာရတယ်။ ဦးပေး တဲ့ အသုံးအဆောင်တွေကို လက်ခံဖို့ ဝေနှင်းကို ဘယ်လိုပြောရမလဲ ဟင်။ ဝေနှင်းသိသွားရင် လက်မခံမှာတော့ သေချာတယ်။

မှုံး အိပ်ခန်းလေးထဲ ရောက်တော့ မှုံးကိုပေးထားတဲ့ လက်ကိုင်ဖုန်းလေးဆီမှ ဘဲလ်သံလေး မြည်လာလေသည်။ ဝေနှင်း





သွားမလားလို့ စိတ်ပူပြီး ခပ်မြန်မြန်လေး နားထောင်လိုက်ရ၏။

"မှုံး"

"ဟင်...ဦး"

"မနက်ကျရင် မှုံးကို ကိုယ်လာကြိုမယ်နော်၊ မှုံးအတွက် ယ်စီစဉ်ထားတာတွေ ပြမလို့"

"ဟို...ဦး"

"ငြင်းဆန်ဖို့ မကြိုးစားပါနဲ့ မှုံးလေးရယ်၊ ကိုယ် ညီမလေး ယောက်လို စောင့်ရှောက်ပေးတာပါ"

မှုံး စောဒကမတက်နိုင်တော့ဘဲ ငြိမ်သက်တိတ်ဆိတ်သွား သည်။ အင်းလေ...ဦးက အိမ်ထောင်ရှင်ဆိုပေမယ့် တရားဝင် ရှင်းပြတ်စဲထားပြီးသားပဲဟာ သမီးလေးဆိုတာကရော မှုံးကို က်ခံပါ့မလား။ ပြီးတော့ ဦးရဲ့အမေ။ အထင်ကရကို ရွေးချယ်တာ သင့်တော်မယ်ထင်ပါရဲ့နော်။

"တို့ဖေဖေက တို့အိမ်ထောင်ဖက်အတွက် တို့ဆန္ဒတွေ တိုင်းပဲ ရွေးချယ်ပိုင်ခွင့်ပေးထားပါတယ်၊ မှုံးကို တို့ ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပေးမယ်လေ"

မိုး ဘာမှမစဉ်းစားချင်တော့ပါဘူး။ မိုး လျှောက်လှမ်း မယ့် ဘဝလမ်းက ဘာဖြစ်လို့များ ဒီလိုအနှောင့်အယှက် အယှ အတား အဖုအထစ်တွေ ကန့်လန့်ကာဆီးနေရတာလဲဟင်။

"မိုး"

"မိုး"

"ရှင်"

"အသံလေး တိတ်သွားလို့ ကိုယ်အရမ်းလန့်သွားတာ ကွာ၊ ယောကောင်မလေး ဘာတွေစဉ်းစားနေတာလဲ၊ မနက်ဖြ ဦးလာကြိုမယ်နော်၊ အိုကေ"

ဦးမိုးဒေဝါက ဖုန်းချသွားပေမယ့် မိုးကတော့ ဖုန်းပိတ်ခိုင မေ့လျော့ပြီး ငိုင်တွေနေမိလေသည်။ ဝေနှင်းကိုတော့ ပြောပြရမယ် တစ်သက်လုံး ဖုံးကွယ်ထားလို့မှ မရတာပဲ။ မိုးက ဝေနှင်းအတွက် လည်း ထည့်စဉ်းစားတာပဲလေ။

မနက်ဖြန်ဆိုရင် ဦးမိုးဒေဝါ ပေးတာတွေ မိုး လက်ခံ





တော့မယ်။ မိုး စိတ်ဆန္ဒတွေကလည်း မငြင်းဆန်လိုတော့ပေ။ ဦးအပေါ် မိုး သံယောဇဉ်တွယ်ငြိသွားရလေသည်။ ဝေနှင်းကိုတော့ အသိပေးရမယ်။ မိုး ရှောင်နေလို့မဖြစ်ဘူး။ မသိအောင်လည်း လုပ်ချင်ပါဘူး။ ဝေနှင်းကလည်း မိုးအပေါ် သံယောဇဉ်ကြီးလွန်း တာပဲ မဟုတ်လား။ စိတ်ကို တင်းပြီး ဝေနှင်းဆီ ပြန်လာခဲ့သည်။

"ဝေနှင်း အိပ်ပြီလားဟင်"

"ဟင်…မိုး ဘာဖြစ်လို့လဲ၊ မျက်နှာကတစ်မျိုးပဲ၊ ဘာ ပြောစရာရှိလို့လဲ၊ ပြောလေ"

"ကိုယ် ဝန်ခံစရာတစ်ခုရှိတယ် ဝေနှင်း"

"ဩော်"

"ကျုပ် မနက်ဖြန် ဦးမိုးဒေဝါရဲ့ ထောက်ပံ့ကူညီတာတွေ ကို လက်ခံဖို့ ဆုံးဖြတ်လိုက်တယ်လေ"

"ဘာ"

ဝေနှင်း မျက်ဝန်းတွေက ကြောက်စရာကောင်းလောက် အောင် ဝင်းဝင်းတောက်သွားလေသည်။ ဝေနှင်း စိတ်ဆိုးမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ မှုံး တွေးပြီးသားပါလေ။

"ရှင်ရှူးနေလား…အဲဒီဦးမိုးဒေဝါဆိုတဲ့ လူကြီးဆီက အထောက်အပံ့ကို ယူလိုက်ရင် ရှင်ဘာဖြစ်သွားမလဲ သိရဲ့လား၊ ငွေကြေးကြောင့်တော့ ရှင်ဘဝကို မစတေးပါနဲ့မှုံး၊ ဘာလဲ ကျုပ်ကြောင့်လား၊ မလိုဘူးနော် ရှင်ဆုံးဖြတ်တာ ရှင့်အတွက်ပဲဖြစ်မှာပါ၊ ရှင်က အချောင်ချမ်းသာချင်တာ မဟုတ်လား"

ဝေနှင်းစကားတွေက မှုံးရဲ့ နှလုံးသားတွေထဲသို့ စူးနစ်တိုးဝင် နာကျင်မှုတွေ ပြင်းပြစွာ ခံစားလိုက်ရသည်။ ငွေကြေးကြောင့်လည်း မဟုတ်ပါဘူး။ အချောင်ချမ်းသာချင်လို့လည်း မဟုတ်ပါဘူး။ ကျုပ် ဦးမိုးဒေဝါကို ချစ်မိသွားလို့ပါနော်။

"ကျုပ်လက်မခံဘူးနော် မှုံး၊ မရှိရင် တောင်းစားတာက ဂုဏ်ရှိတယ်၊ အဲဒီလို ကိုယ့်သွေးသားနဲ့ ရင်းနှီးပြီး"

"တော်ပါတော့ကွာ"

မှုံး လှည့်ထွက်သွားမည်ဟန် ပြင်လိုက်တော့ ဝေနှင်းက တားလေသည်။





"ခဏနေဦး မှုံး"

"ဘာပြောမလို့လဲ ဝေနှင်း၊ ဘာမှမကြားချင်တော့လို့ပါ"

"ရှင့်ကို အထင်ကရရက် လက်ထပ်ခွင့်တောင်းတယ်ဆိုတာ အမှန်ပဲလား"

"အင်း"

"ဒါဆို"

အထင်ကရလည်း ချမ်းသာတာပဲလို့ ရှင်ပြောမလို့မဟုတ်သား ဝေနှင်း။ အသက်အရွယ်အတူတူချင်း သင့်တော်တာပဲလို့ ပြောမှာမဟုတ်လား။ မမိုက်မဲချင်ပါနဲ့လို့ သတိပေးစကားတွေ ပြောမှာမဟုတ်လား။

"ဦးကို ကျုပ် ချစ်မိသွားလို့ပါ ဝေနှင်းရယ်"

ထိုစကားတွေကလွှဲပြီး ပြောစရာစကား မရှိတော့သလို မှုံး ပြန်လှည့်ထွက်လာခဲ့လေသည်။ မှုံး မငိုဘူး၊ နောင်တလည်း မချင်ပါဘူး။ ရင်ဆိုင်တော့မယ်။ ဘယ်လိုနည်းနဲ့မှ ဦးမိုးဒေဝါကို စွန့်လွှတ်နိုင်တော့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းတော့ ဝေနှင်းက မှူးအား စကားမပြောပေ။ သူမအတွက် မှူး စီစဉ်ပေးတဲ့ မနက်စာကိုလည်း မစားပေ။

"ကျုပ်ကို နားလည်ပေးပါ၊ နားလည်ပေးစမ်းပါ ဝေနှင်းရယ်"

"မင်း ဒီကနေထွက်သွားပါတော့ ချယ်မှူးထင်၊ ကျုပ်လည်း ရှာပြန်နေဦးမယ်၊ ညနေကျရင် ကျုပ်အခေါ် လာခေါ်လိမ့်မယ်၊ လိုက်သွားဖို့ပဲ ဆုံးဖြတ်လိုက်ပြီ"

"ဝေနှင်းရယ်"

အချစ်ဆုံးသူငယ်ချင်းက မှူးကို စွန့်ခွာသွားလေသည်။ အခေါ်ခေါ်တဲ့နောက် ဝေနှင်း လိုက်သွားခဲ့၏။ မှူး ရင်ထဲမှာ စိတ်ထိခိုက်ကြေကွဲမှုတွေက အတိုင်းအဆမရှိတော့။

"မှူး"

"ဟင်"

"ဘာမှအားမငယ်ပါနဲ့ မှူးရယ်၊ ကိုယ့်ကို မှူး ချစ်တယ် မဟုတ်လားကွာ"





"ဦး"

"ဟာကွာ…ဦးလို့မခေါ်စမ်းပါနဲ့၊ ကိုယ်က ဒီလောက်ကြီး အသက်မကြီးသေးပါဘူး"

တကယ်တော့ ဦးမိုးဒေဝါက မှူးရဲ့ အစ်ကိုအကြီးဆုံး အရွယ်လောက်ပါပဲလေ။ ပြောင်းလဲခေါ်ဖို့အတွက် အတော်လေး တွန့်ဆုတ်နေမိလေသည်။

"မှူး ဒီလိုတန်ဖိုးကြီးမားတဲ့ အဆောင်အယောင်ပစ္စည်းတွေကို လက်မခံပါရစေနဲ့နော်၊ ဝေနှင်းနေတဲ့ တိုက်ခန်းလေးကိုပဲ ငှားနေပါ့မယ်၊ ဦးကို မှူး ချစ်မိတာ ငွေကြေးတွေ အဆောင်အယောင်တွေမပါချင်လို့ပါ"

"မှူးရယ်"

မှူးဆိုတဲ့ ကောင်မလေးရဲ့ ရိုးသားဖြူစင်မှုတွေကို သူနှစ်သက်မြတ်နိုးစွာဖြင့် မှူးကိုယ်လုံးလေးအား သူ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ထားမိလေတော့သည်။ သူမက အထိတ်တလန့်နှင့် ရုန်းဖယ်နေလေ၏။ ရုန်းလေ လွတ်ထွက်မသွားစေရန် သူ့လက်တွေက



www.burmeseclassic.com

www.burmeseclassic.com



တင်းကြပ်စွာ ရစ်ပတ်သိုင်းဖက်ထားမိလေ ဖြစ်ရလေသည်။

"ဦး…မုံးကို လွှတ်ပါနော်၊ မုံး ကြောက်တယ်၊ အဲဒီလို မလုပ်ပါနဲ့နော်"

တုန်တုန်ရီရီ လှိုက်လှိုက်ခါခါ အသံလေးတွေနှင့် တောင်းပန်ခယနေလေသည်။ သူကတော့ မလွှတ်ပေ။ လွှတ်ထွက်သွားမှာ စိုးရိမ်စွာ ရင်ခွင်ထဲမှာ တင်းတင်းလေး ပွေ့ဖက်ထားလေသည်။

"မုံး ဘာကိုကြောက်နေရတာလဲကွာ၊ ကိုယ်က လူလွှတ်တစ်ယောက်ပါ၊ ကိုယ့်အမေနဲ့လည်း မိတ်ဆက်ပေးမယ်၊ ကိုယ့်သမီးလေးနဲ့လည်း ရင်းနှီးအောင်တွေ့ပေးမယ်လေ၊ ကိုယ့်မှာ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ပိုင်ခွင့်အပြည့်ရှိတယ်၊ ကိုယ့်အိမ်ထောင်နဲ့ တရားဝင်ကွာရှင်းပြီးသားပါ"

မုံး နားလည်သဘောပေါက်စေရန် သူ တတွတ်တွတ် ရှင်းပြမိလေသည်။ မုံးကို လက်ထပ်ဖို့အတွက် အရာအားလုံးကို ရင်ဆိုင်တော့မယ်။ မုံး စိတ်အားမငယ်စေရပါဘူး။ အရှက်သိက္ခာတွေ မခွဲစေရပါဘူးကွာ။





"ကိုယ့်ကိုယုံစမ်းပါ မုံး၊ မင်းလေးရှေ့ကနေ ကိုယ် မားမားမတ်မတ် ရပ်တည်ပေးမှာပါကွာ၊ မုံးကို ကိုယ် အရမ်းချစ်တယ်၊ မြတ်နိုးတယ်၊ မုံးဟာ ကိုယ် အသေအချာလက်ထပ်မယ့် မိန်းကလေး ပါပဲ"

မုံး ကိုယ်လုံးလေးက အင်အားမဲ့သလို သူ့ရင်ခွင်ထဲ ပြိုလဲကျလာလေသည်။ ပျော့ခွေခွေ ကိုယ်လုံးလေးအား သူ့ရဲ့ သန်မာတဲ့ လက်တွေက တွေးပွေ့ထားၔ။ ကြောက်စိတ်တွေနှင့် တဆတ်ဆတ်တုန်ရီနေတဲ့ နှုတ်ခမ်းလေးတွေပေါ်သို့ အနမ်းပွင့်လေး ကြွေကျသွားရလေသည်။ မုံးလက်လေးတွေကလည်း သူ့အား ရစ်ပတ်ချက်သိုင်းကာ အားကိုးတကြီး ဖက်တွယ်လာရလေသည်။

"မုံး ဘာမှမကြောက်နဲ့လေ၊ စိုးရိမ်စရာအကြောင်းလည်း မရှိပါဘူး၊ မုံးကို လက်ထပ်ဖို့ ကိုယ်အမြန်ဆုံး ကြိုးစားအကောင်အထည်ဖော်ပါ့မယ်ကွာနော်"

ချစ်သူလေးကို အားပေးနှစ်သိမ့်နေမိလေသည်။ သူ့နှလုံးသားတွေထဲမှာ စူးနစ်အောင် ချစ်မိသွားရတဲ့ မိန်းကလေးက ချယ်



www.burmeseclassic.com

www.burmeseclassic.com


မိုးထင်ဆိုတဲ့ မိန်းကလေးတစ်ယောက်ပဲ ရှိနေခဲ့လေသည်။

"ကိုယ့်သမီးလေးအတွက်လည်း ဘာမှမပူနဲ့နော်၊ မိုးတို့ ချစ်သွားမှာပါ၊ ကလေးပဲရှိသေးတော့ မိုးအပေါ် သံယောဇဉ်တွယ် သွားမှာပါပဲလေ"

သူ့ရဲ့အကြင်နာတွေမှာ မိုး နစ်မျောစီးပါသွားကာ အရာ အားလုံး မငြင်းဆန်နိုင်တော့ပေ။ အချစ်ဆိုတာ နှလုံးသားရဲ့ စေညွှန် ရာတစ်ခုပါပဲလေ။ အသိတရားတွေနှင့် ထိန်းချုပ်နိုင်စွမ်း မရှိနိုင် ဘူး ထင်ပါတယ်။ မိုးလေးရယ် ကိုယ်လည်း မိုးလေးကို နှလုံး သားတွေထဲအထိ စူးနစ်ပြီး ချစ်မိသွားတာအမှန်ပါပဲကွာ။ မိုးလေး ကိုယ့်ကြောင့် တစ်စုံတစ်ရာ ထိခိုက်နာကျင်မသွားရလေအောင် ကိုယ် အစွမ်းကုန် အကာအကွယ်ပေးသွားမှာပါ၊ မိုးကိုယ်လေးကို သူ့လက်တွေနှင့် တင်းကြပ်စွာ ရစ်သိုင်းပွေ့ဖက်ထားကာ လှပချော မွတ်ဝင်းဖန့်နေတဲ့ မျက်နှာလေးအနှံ့သို့ ညင်သာဖွဖွရှသော အနမ်းပွင့် ပေါက်လေးတွေ ကြွေကျနေလေသည်။ ဒီမိန်းကလေးရဲ့ ဖြူစင်တဲ့ ဘဝလေးအား သူ ကြမ်းတမ်းရက်စက်စွာ ဖွဲ့ခြွေမပစ်ရက်နိုင်

အဆိုကြီးမားစွာဖြင့် ခမ်းနားကြီးကျယ်သော ဂုဏ်ဒြပ်တွေ ပေးစွမ်း ခဲ့မယ်။ မိုးကို ကိုယ်တင့်တင့်တယ်တယ် လက်ထပ်မယ်။ ကိုယ် ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမယ်။

"ဦး"

"ဟာကွာ…ကိုလို့ပဲခေါ်ပါ၊ ဒါမှမဟုတ် ကိုကိုလို့ခေါ် ပါ။ ကိုယ်နဲ့မိုးက ဦးလေးနဲ့တူမအရွယ်မှ မဟုတ်တာပဲ"

"မိုး မခေါ်ရဲပါဘူး၊ ဦးလို့ပဲခေါ်ရတာ စိတ်လုံပါတယ်၊ ဦး…ဟိုလေ လောလောဆယ်တော့ မိုး ဝေနင်းအခန်းမှာပဲ နေပါရ စေ"

"မရဘူးကွာ…ကိုယ်ဝယ်ပေးထားတဲ့ အခန်းမှာပဲ နေရ မယ်၊ မိုး ဘာမှစိတ်မသန့်စရာမရှိပါဘူးကွာ နေစမ်းပါ၊ ကိုယ် မကြာခင် မိုးကိုလက်ထပ်ဖို့ စီစဉ်မယ်၊ မိုးက ကိုယ့်ကိုချစ်တယ် မဟုတ်လား"

"အင်း"

"မကြာခင် မိုးက ကိုယ့်ရဲ့စည်းစိမ်ဥစ္စာတွေကို တရားဝင်



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ဆိုင်သူတစ်ယောက် ဖြစ်လာတော့မှာပဲဟာ”

“မွှေး ဦးကိုရွေးချယ်တာ အဲဒါကြောင့် မဟုတ်ပါဘူးဖေ”

“ကိုယ်သိပါတယ် မွှေးရယ်”

မွှေးနှင့် အဖော်ရစေရန်အတွက် အိမ်ဖော်အဒေါ်ကြီး တစ်ယောက် ထားလေသည်။ မွှေးအတွက် လိုလေသေးမရှိ စီစဉ် ပေးထား၏။ မွှေးကို မျက်နှာမငယ်စေလိုပေ။ အစစအရာရာ ပြည့်စုံ စေရန် အကောင်းဆုံးတွေပဲ လုပ်ဆောင်ပေးထားခဲ့လေသည်။



## အခန်း (၁၂)

“သားကို မေမေပြောစရာရှိနေတယ်လေ၊ သား အလုပ် ရှုပ်နေလို့ မေမေ မပြောရတာ၊ အခုတော့ မပြောလို့မဖြစ်ဘူး ကွယ်”

“မေမေ့ကိုလည်း ပြောစရာရှိတယ်၊ သားလည်း အေး အေးဆေး တွေ့ချင်နေတာပါ”

“အတော်ပဲပေါ့ကွယ်”

“သမီးလေးရော”

“သူ့အမေခေါ်သွားတယ်လေ”

“မေမေ ဘာဖြစ်လို့ ထည့်လိုက်ရတာလဲ”


www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ သားရဲ့၊ သော်တာက ခေါ်နေကြပဲ
ခင်းတို့ ကွာရှင်းစာချုပ်မှာတောင် သမီးလေးကို နှစ်ယောက်အတူ
အုပ်ထိန်းခွင့် သဘောတူထားရတာပဲ"

သော်တာနှင့် အကင်းရှင်းဆုံးနေထိုင်ဖို့ မိုးဒေဝါ ဆုံး
လိုက်လေသည်။ မှူးကိုပဲ လက်ထပ်မယ်။ ပျော်ရွှင်ချမ်းမြေ့
ကောင်းတဲ့ အိမ်ထောင်ရေးကိုလည်း တည်ဆောက်ရမယ်။ မှူး
ဖြူစင်ရိုးသားတဲ့ မိန်းကလေးကိုပဲ သူ့ဘဝလက်တွဲဖော်အဖြ
ရွေးချယ်ရမယ်။ မေမေကတော့ လူကြီးမိဘတွေ စီစဉ်တဲ့ မိန်း
လေးကို လက်ထပ်ရပြီး အိမ်ထောင်ရေးအဆင်မပြေ ဖြစ်ခဲ့
ဒီတစ်ခါတော့ သားဆန္ဒအတိုင်းပဲ ရွေးချယ်ပါတဲ့။

"သား"

"ပြောပါ မေမေ"

"မေမေပြောချင်တာကတော့ တခြားမဟုတ်ပါဘူး
မြေးလေးမျက်နှာကိုထောက်ထားပြီး သော်တာ့ကို ပြန်ပေါင်းဖို့
ကွယ်"





"ဗျာ"

မြေးမျက်နှာနှင့် မေမေက သော်တာနှင့် ပြန်ပေါင်းစေချင်
ဘာ ကြာပါပြီ။ သူကတော့ လက်မခံနိုင်ပေ။ သူချစ်မြတ်နိုးရတဲ့
မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ထားသည်။

"သော်တာနဲ့ လက်ထပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ပါ
ဘူး မေမေ"

"သော်တာ လိမ္မာနေပါပြီကွယ်၊ မြေးလေးအတွက် မိခင်
အရင်းကပဲ ကောင်းတယ်မဟုတ်လား"

ဒေါ်ခင်ခင်သိုက်ကတော့ ချွေးမသော်တာရဲ့ အမူအကျင့်
တွေကို မနှစ်သက်ပေမယ့် လိမ်လိမ်မာမာနေပါတော့မယ်ဆိုတော့
မြေးမလေးမျက်နှာနဲ့ သားကို ပြန်ပေါင်းစေချင်မိလေသည်။ မြေးမ
လေးဖြစ်၍ မိထွေးနှင့် ဘယ်လိုမှ မသင့်မြတ်နိုင်ဟု ထင်မိသည်။

"သမီးမိန်းကလေးဆိုတာ မိထွေးနဲ့ မသင့်မြတ်နိုင်ဘူး
ကွယ်၊ အမေအရင်းပဲ ကောင်းတယ်သား"

"သား လက်မခံနိုင်ဘူး မေမေ၊ သော်တာ့ကို မပေါင်း

www.burmeseclassic.com



နိုင်တော့ဘူး၊ သား ချစ်မြတ်နိုးတဲ့ မိန်းကလေးတွေ့နေပါပြီ"

"ဟင်"

"ချယ်မှုံးထင်တဲ့၊ အရမ်းရိုးသားဖြူစင်တယ်၊ ချစ်စရာကောင်းတယ်၊ သားကိုလည်း ငွေကြေးစည်းစိမ်ဥစ္စာတွေနဲ့ မပတ်သက်ဘဲ နှလုံးသားတွေထဲက ချစ်တာပါ"

"ကောင်မလေးက သားနဲ့တော့ အသက်အရွယ်ကွာဟထင့်တယ်"

"ဆယ်နှစ်လောက်ပါ မေမေ"

"မဖြစ်ဘူး သား၊ မေမေ သဘောမတူနိုင်ဘူး၊ ငယ်လွန်းတယ်၊ အိမ်ထောင်ရေးကို ဘယ်လိုထိန်းသိမ်းနိုင်မလဲ၊ ဖြီးတော့ မြေးလေးအပေါ်လည်း သည်းခံနိုင်မှာမဟုတ်ဘူး"

"မှုံးကိုတွေ့ပြီးမှ ဆုံးဖြတ်ပါ မေမေ၊ သမီးနဲ့လည်း ရင်းနှီးအောင် တွေ့ပေးချင်တယ်၊ သမီးလေးက ငယ်တော့ မိထွေးထွေးဘာတွေလည်း မသိပါဘူး၊ မှုံးနဲ့ ရင်းနှီးသွားမှာပါ"

"မဖြစ်ပါဘူးသားရယ်၊ ငယ်ရယ်တဲ့မိန်းကလေး





အစ်ယောက်က သားဘဝကို သာယာစိုပြေအောင် လုပ်ပေးနိုင်မှာမဟုတ်ပါဘူး"

"မှုံးကို သားချစ်တယ်၊ မြတ်နိုးတယ်၊ ဒီတစ်ခါတော့ သားကို လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးပါ မေမေ"

သော်တာနှင့် သမီးလေး ပြန်ရောက်လာ၍ ဆွေးနွေးနေသော စကားတွေ ရပ်သွားရလေသည်။

"မောင် ပြန်ရောက်နေပြီပဲ၊ အတော်ပဲကွာ သော်တာတို့ပဲ မိသားစုအပြင်ထွက်ပြီး တစ်ခုခုသွားစားကြရအောင်"

သော်တာက ကွာရှင်းပြတ်စဲပြီးသား ယောကျ်ားအစ်ယောက်အား အရင်ကအတိုင်း ပြောဆိုနေလေသည်။ မင်းအနိုးဆောင်မာယာများနေတာပဲ သော်တာ။ နေချင်တိုင်းနေ၊ ပျော်ချင်တိုင်းပျော်ပြီး ဘာမှမရှိတော့မှ သမီးအနားကပ်တာပါ။ ကိုယ့်ကိုခြေကုပ်ဖို့ ကြိုးစားနေတာပါ။

"ဟုတ်တယ်နော် ဒက်ဒီ၊ သမီးတို့ အပြင်ထွက်ကြမယ်လေ၊ မိသားစု စားကြမယ်၊ ဒက်ဒီနဲ့ မာမီနဲ့ အတူတူအပြင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်''

သမီးက တောင်းဆိုတော့လည်း သူ့အတွက် ခက်နေလေသည်။ သော်တာနှင့် ပြန်ပြီးပတ်သက်လိုခြင်း မရှိတော့ပေ။

''မောင်''

''သော်တာ ကိုယ်''

''သမီးလေး စိတ်အားငယ်သွားပါ့မယ်နော်၊ သော်တာ မှားပါတယ်၊ တောင်းပန်ပါတယ်နော်''

သော်တာကတော့ မောင့်ကို ပြန်၍ချဉ်းကပ်ဖို့ ကြိုးစားရမှာပဲဖြစ်သည်။ လက်လွှတ်မခံနိုင်တော့။ သော်တာ့အတွက် ပြန်၍ အဖတ်ဆယ်နိုင်ရန် မောင့်ကိုပြန်ပေါင်းမှ ဖြစ်မယ်မဟုတ်လား ရုပ်ချော၊ ဥစ္စာပေါ၊ အရည်အချင်းတွေပြည့်နေတဲ့ ယောကျ်ား တစ်ယောက် ဖြစ်နေတော့ သော်တာ မဖြစ်မနေ ပြန်ပေါင်းထုပ် နိုင်ရန် ကြိုးပမ်းရမည်ဖြစ်လေသည်။

''လာပါမောင်ရယ်၊ သော်တာတို့ မိသားစု အရင်ကလိုပဲ ပျော်ပျော်ပါးပါး ပြန်နေကြရအောင်ပါ၊ သမီးလေး မျက်နှာလည်း





ရှိသေးတယ်မဟုတ်လား၊ သော်တာ လိမ္မာပါတော့မယ်''

သော်တာက သူ့လက်မောင်းတွေကို ချိတ်လိုက်တော့ သူ အထိတ်တလန့် တွန်းလှုပ်သွားလေသည်။ မဖြစ်ဘူး၊ သူချစ်ခြတ်နိုးနေမိတာက ချယ်မွှေးထင်ပဲ။ ရိုးသားဖြူစင်လွန်းတဲ့ မွှေးကိုပဲ သူ ထာဝရလက်တွဲဖော်အဖြစ် သတ်မှတ်ထားပြီးပြီ။

''သော်တာ''

''မောင်''

''ကိုယ် မအားသေးဘူး၊ နောက်မှပဲ သွားမယ်နော်၊ သမီးလေး အခု ဒက်ဒီမအားသေးလို့ပါ''

သမီးရှေ့မှာ သော်တာကို ဘာမှမပြောချင်ပေ။ အပြစ်မဲ့တဲ့ သမီးလေး စိတ်တွေကိုလည်း နာကြည်းမှုတွေ မရောက်စေလိုခဲ့။ သော်တာကတော့ အခွင့်အရေးသမားပဲ။ မင်း ငါ့ကို ပြန်ကပ်ဖို့ နည်းမျိုးစုံနဲ့ ကြိုးစားတော့မှာမဟုတ်လား။

''ဒက်ဒီကလည်း မိသားစုသွားချင်ပါတယ်ဆိုမှ မာမီ လည်းအားနေတာပဲဟာ၊ မာမီတော့င် သမီးအလိုကိုလိုက်တယ်''



www.burmeseclassic.com

www.burmeseclassic.com



သော်တာနှင့်ပတ်သက်တဲ့ မကောင်းကြောင်းတွေကို မေမေရော သူပါ မပြောဖြစ်ကြ။ သမီးနှလုံးသား နုနုလေးကို အရောင်မဆိုးချင်ကြ၍ ဖြစ်လေသည်။ ပြောတော့ရော သမီးက ဘာနားလည်မှာလဲ။ အခုတလော သော်တာက သမီးအနားကပ်လွန်းနေ၏။

"သွားမယ် ဒက်ဒီရာ၊ မရဘူး ယုံနေသွားချင်တယ်၊ မိသားစုသုံးယောက် သွားချင်ပါတယ်ဆိုမှ မရဘူး သွားမယ်"

"သမီး"

သူလေသံတွေက တင်းမာသွား၍ မေမေက အထိတ်တလန့်နှင့် မော့ကြည့်သည်။ ချွေးမသဘောထားကို မနှစ်သက်ပေမယ့် မြေးလေးကိုလည်း မိတွေးလက်ထဲ မအပ်လိုပေ။

"ဒက်ဒီမအားဘူး၊ နောက်နေ့မှ ဒက်ဒီလိုက်ပို့မယ်၊ လူကြီးက မသွားဆို မသွားရဘူးပဲ၊ အလိုလိုက်ထားလို့ မဆိုးရဘူး"

သော်တာအား ခပ်ကင်းကင်းနေဖို့ သူဆုံးဖြတ်လိုက်လေသည်။ မွှေးက မိတွေးဆိုပေမယ့် မိခင်ရင်း သော်တာ့လောက်





သမီးအပေါ် မရက်စက်နိုင်ဘူးဟု ထင်မိခဲ့၏။ ရိုးသားပြီး စိတ်သဘောထား နူးညံ့ဖြူစင်တဲ့ မိန်းကလေး။

"ဟင့်…အဟင့် သမီးသွားချင်တာကို မရဘူး၊ သွားမယ်"

သမီးက စွတ်ပြောနေသဖြင့် သူ ဒေါသထွက်သွားရလေသည်။

"သမီးဒက်ဒီ မသွားဘူးလို့ပြောထားပြီးပြီနော်၊ သွားအခန်းထဲဝင်တော့ နောက်တစ်ခါ ထပ်ပြောရင် ဒက်ဒီက ရိုက်မှာနော်"

"အဟင့်…ဟင့်…အီး…အီး"

သမီးလေးငိုယိုပြီး အခန်းထဲ ပြေးဝင်သွားလေသည်။

"မောင်"

"သော်တာ မင်းပြန်ပါတော့၊ အေးချမ်းပျော်ရွှင်စပြုနေတဲ့ ဘဝကို မင်းလာပြီး မုန်တိုင်းတွေ ထန်လာအောင် မလုပ်ပါနဲ့တော့ကွာ တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သော်တာ တောင်းပန်ပါတယ် မောင်ရယ်၊ သမီးလေး ရျက်နှာကို ထောက်ထားပါဦးနော်၊ မိသားစုရော မောင့်ဘဝကိုရော ပျော်ရွှင်ချမ်းမြေ့ဖို့ သော်တာ အစွမ်းကုန်ဖြည့်ဆွမ်းပေးမှာပါ"

"တော်စမ်းပါ သော်တာ၊ မင်းကိုငါ မယုံကြည်တော့ဘူး၊ မင်းနဲ့ပြန်ပေါင်းဖို့ လုံးဝမစဉ်းစားတော့ဘူး၊ မင်းကို အပြတ်သားဆုံး ပြောတာပဲ မင်းပြန်တော့"

သော်တာ ပြန်သွားတော့ မေမေက ချယ်မှုံးထင်နှင့် လက်ထပ်ဖို့ မဖြစ်နိုင်ကြောင်း ဖျောင်းဖျနားချလေသည်။

"သော်တာနဲ့ပဲ ပြန်ပေါင်းပါသားရယ်၊ မြေးလေးအတွက် စဉ်းစားပေးပါ၊ မေမေကတော့ ငယ်ရွယ်တဲ့မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်တာ လက်မခံနိုင်ဘူး၊ အသိအမှတ်လည်း မပြုနိုင်ဘူး"

"သားကို ဒီတစ်ခါတော့ စိတ်ကြိုက်ဆုံးဖြတ်ခွင့်ပြုပါ မေမေရယ်၊ တောင်းပန်ပါတယ်ဗျာ၊ မှုံးက မေမေထင်ထားသလို မှုရှိုးသားတဲ့စိတ် နည်းနည်းလေးတောင် မရှိပါဘူး"

"မင်းဘာသိလို့လဲ မိုးဒေဝါ၊ မင်း မိန်းကလေးတွေ





အကြောင်း သိပ်မသိပါဘူး၊ သော်တာကတော့ မေမေတို့စိစဉ်လို့ ထား၊ အသက်ငယ်ရွယ်တဲ့ မိန်းမတစ်ယောက်ရဲ့ ညှတ်ကွင်းထဲ သား တိုးဝင်မိသွားတာပဲ၊ သမီးလေးအတွက် သော်တာနဲ့ပဲ ပြန်ပေါင်းပါ၊ ဒါပဲ"

"မေမေ"

"မင်းက တစ်သက်လုံး လေသံမာမာနဲ့ မပြောဘူးခဲ့တဲ့ သမီးလေးကိုတောင် မင်း မာမာထန်ထန် ဆက်ဆံနေပြီပဲ၊ အခုထဲက မိထွေးဘက်က ပါချင်နေတယ်"

"မေမေ"

"မိုးဒေဝါ မင်းမငယ်တော့ဘူး၊ မင်းအိမ်ထောင်ဘက် အတွက် မင်းရွေးချယ်တာ မှန်ပေမယ့် ကိုယ်နဲ့ သက်တူရွယ်တူပဲ စဉ်းစားပါ၊ အသင့်တော်ဆုံးကတော့ သော်တာ့ကို ပြန်စဉ်းစားပါ၊ သော်တာက လိမ္မာပါတော့မယ်လို့ ပြောနေပြီပဲ"

မေမေထွက်သွားတော့ သူ စိတ်ပျက်စွာ ကျန်ခဲ့လေသည်။ မှုံးကလွဲပြီး ဘယ်လိုမိန်းကလေးမျိုးကိုမှ သူ နှစ်သက်မြတ်နိုးနိုင်မယ်



www.burmeseclassic.com

www.burmeseclassic.com



မထင်တော့။ သူ့အသက်အရွယ်က ဘယ်လောက်ရှိသေးလို့လဲ။ ကံကြမ္မာတွေက သူ့ဘက်မှာ ဘာဖြစ်လို့များ မရှိရတာလဲ။ သူ့ထ တော့ မှုံးနှင့် လက်ထပ်ဖို့ကိစ္စ လုံးဝမစွန့်လွှတ်ဖို့ ဆုံးဖြတ်ထားလိုက် မိလေသည်။



## အခန်း (၁၃)

"မှုံး မင်းဦးမိုးဒေဝါရဲ့ ထောက်ပံ့ပေးကမ်းတာတွေကို ဘာဖြစ်လို့ လက်ခံရတာလဲ၊ မှုံ့လိုအပ်တာတွေ ကိုဖြည့်စွမ်းပေးမယ် လို့ ပြောထားပြီးပြီပဲဟာ"

အထင်ကရ ရောက်လာတော့ မှုံး နည်းနည်းတော့ တုန်လှုပ်သလို မျက်နှာပူသွားမိသလိုလို ရှက်သွားမိသလိုလို ခံစားချက်တွေကိုတင်းပြီး ရင်ဆိုင်လိုက်လေသည်။

"မှုံး"

"ဟင်"

"ဒီလိုတိုက်ခန်းတွေ၊ ဟမ်းဖုန်းတွေရဖို့များ"



www.burmeseclassic.com

www.burmeseclassic.com

"အထင်ကရနော် ရှင်နဲ့ကျုပ်က အခုမှ မိတ်ဆွေတွေဖြစ်ကြတာနော်၊ ဘာဖြစ်လို့ ကျုပ်ကိစ္စတွေမှာ ဝင်ပါချင်ရတာလဲ"

"ဟုတ်ပါတယ်လေ မင်းက သူငယ်ချင်း ခေနှင်းထိုတောင် အရေးစိုက်ခဲ့တာမှ မဟုတ်တာပဲ"

"အထင်ကရ"

မှုံး ရှုံးသွပ်စွာ အော်ဟစ်ပစ်ချင်လာမိလေသည်။ ညှို့သည်ဆိုပြီး ဝင်လာတာ ဖြစ်၏။ အထင်ကရရဲ့ အပြောတွေက မှုံးအား အထင်သေးနေတာတော့ မဟုတ်ပေ။ ယူကျုံးမရဟန် ကြေကွဲဝမ်းနည်းရိပ်တွေနှင့် ဖြစ်နေ၏။

"ရှင်ပြန်တော့"

"မပြန်ဘူး"

"ရှင်နဲ့ဘာဆိုင်လို့လဲ"

"မှုံး မင်းကို တို့အရမ်းနမြောလို့ပါကွာ၊ ဦးမိုးဒေဝါထံ မိန်းမတွေ မက်မောစရာ ရုပ်ရည်တွေ၊ စည်းစိမ်ဥစ္စာတွေ ရှိပေမယ့် အနိဋ္ဌသော်တာက အရမ်းဆိုးတယ်နော်"





"တော်ပြီ အထင်ကရ သူတို့က တရားဝင်ကွာရှင်းထားပြီးပြီပဲဟာ၊ ကျုပ်စိတ်လုံတယ်"

"မရဘူး"

"ဘာ"

"မင်းကို အခုပဲခေါ်သွားရမယ်၊ မင်း ဒုက္ခရောက်လိမ့်မယ်၊ မင်းဘဝကို ဒီလိုရှုပ်ထွေးပွေလီတဲ့ လမ်းပေါ်မှာ မလျှောက်လှမ်းစေချင်ဘူး၊ မင်း တို့နဲ့လိုက်ခဲ့ရမယ်"

"အထင်ကရ ရှင် ရူးနေလား၊ ရှင်နဲ့ဘာဆိုင်လို့လဲ၊ ပြန်သွားပါတော့၊ မှုံး ဆုံးဖြတ်ပြီးပြီ"

"မရဘူး"

"ဘာ"

မှုံးဆိုတဲ့ မိန်းကလေးကိုတော့ ဦးမိုးဒေဝါ လက်ထဲ မအပ်နိုင်ပေ။ မှုံးက ဖြူစင်ရိုးသားမှု အပြည့်ရှိနေတာ အထင်ကရ အသိဆုံးပဲ။ ဦးမိုးဒေဝါ ခင်ဗျားကြီး မြူဆွယ်ဖြားယောင်းလိုက်တာလဲ။ သက်မခံနိုင်ဘူး။ မှုံး ဒုက္ခရောက်တော့မယ်။ ခင်ဗျားကြီး သတ္တိရှိရင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လက်ထပ်မှာမဟုတ်ပါဘူး။

"မင်းကို ဦးမိုးဒေဝါက သတ္တိရှိရှိ ရင်ဆိုင်ပြီး ပေါ်ပေါ် ထင်ထင် လက်ထပ်ယူမယ်ထင်နေလား ချယ်မွှံးထင်၊ မင်းပဲ အရှက် ကွဲရမှာ၊ မရဘူး တို့နဲ့လိုက်ခဲ့ပါ၊ မင်းဖြစ်ချင်နေတာတွေ တို့ဖြည့်ဆည်း ပေးနိုင်ပါတယ်၊ လိုက်ခဲ့ပါ"

"ရှင်ပြန်တော့၊ မွှံး မလိုက်နိုင်ဘူးလို့ ပြောထားပြီးပြီပဲ မွှံးကို အခုလာပြီး အရှက်ခွဲနေတာလား အထင်ကရ၊ ဆက်ပြောနေ လည်း ဘာမှအကျိုးထူးမှာမဟုတ်ဘူး"

မွှံး မင်းခေါင်းမာနေတာပဲ။ ဦးမိုးဒေဝါ ပေးဆပ်နိုင်တာ တွေ တို့ပေးဆပ်နိုင်တယ်လို့ ပြောထားပြီးပြီပဲ။ မင်း ဘာဖြစ်လို့ လက်မခံချင်ရတာလဲ။ မွှံးကို စေ့စေ့ကြည့်နေမိလေသည်။ အလွန် အမင်း လှပချောမောပြီး ဖြူစင်လွန်းသော မိန်းကလေးတစ်ယောက် ကို ဦးမိုးဒေဝါ မြူဆွယ်ထားတာလား။

"မင်း…မင်းက ငွေမက်တဲ့မိန်းကလေး မဟုတ်ဘူးဆို တာ တို့သိတယ်၊ မင်းနှလုံးသားထဲက အချစ်တွေကြောင့်လား





ဘာကြောင့်လဲ"

"အထင်ကရ ပြန်ပါတော့၊ မွှံး တောင်းပန်ပါတယ်၊ ဘယ်လိုအကြောင်းတွေနဲ့ပဲဖြစ်ဖြစ် ဦးမိုးဒေဝါကိုပဲ မွှံး လက်ထပ် မယ်"

"မွှံး"

"မအော်ပါနဲ့ အထင်ကရ၊ ဒါ မွှံးအခန်းနော်၊ မွှံးကို အရှက်ကွဲမှာစိုးရိမ်တယ်ဆိုပြီး လာအရှက်ခွဲနေတာလား"

ဆုံးဖြတ်ချက်တွေ ခိုင်မာနေတဲ့ မွှံးအား သူ့ဘယ်လိုမှ ဆောင်းဖျလို့မရနိုင်ဘူးဆိုတာ အထင်ကရ သိလိုက်လေသည်။ ရင်ထဲ မှာ နာကျင်သွားရ၏။ မဖြစ်ဘူး။ ဦးမိုးဒေဝါရဲ့ လက်ထဲ အပါမခံ နိုင်ဘူး။

"ဦးမိုးဒေဝါကို မင်း ဘာဖြစ်လို့ လက်ထပ်ဖို့အထိ ဆုံးဖြတ်ရတာလဲ၊ မလွန်ဆန်နိုင်တဲ့ အကြောင်းတွေ ရှိနေလို့လား မွှံး တို့ဖြေရှင်းပေးရမလား ပြောစမ်းပါ"

အထင်ကရစိတ်တွေ ထိန်းချုပ်နိုင်စွမ်း မရှိတော့သလို



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲသွားရပြီး မှုံး ပခုံးလေးကို ဆုပ်ကိုင်ကာ သူ့ရင်ခွင်ထဲ
တင်းကျပ်စွာ ပွေ့ဖက်ထားမိလေသည်။

"အို...ရှင်ဘာလုပ်တာလဲ၊ လွှတ်နော်...ကျုပ်
ရှင်စော်ကားချင်တိုင်း စော်ကားလို့ရမယ့် မိန်းကလေးထင်နေ
လား"

"မှုံးရယ်...မင်းကို တို့သိပ်ချစ်တယ်၊ မြတ်နိုးတယ်
တို့ဖေဖေဆီခေါ်သွားပြီး မင်းကို တင့်တင့်တယ်တယ် တို့လက်
မှာပါ"

မှုံး နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ စေ့ကပ်
မိလေသည်။ တသိမ့်သိမ့်ရှိုက်မငိုမိစေရန် ထိန်းချုပ်ထားနေရ
အထင်ကရရယ် မှုံး ဘာဖြစ်သွားလဲဆိုတာ မှုံးကိုယ်မှုံးတော
မသိတော့ပါဘူး။ ဦးမိုးဒေဝါကို မှုံး အရမ်းချစ်မိနေတယ်။ သူ
တွေကို မှုံး ဘယ်လိုမှ မငြင်းဆန်နိုင်တော့ဘူး။ သူ့ကိုပဲ မှုံ
လက်ထပ်ပါရစေ။ ဘဝမှာ မတင့်တယ်မှန်း မှုံး သိပေမယ့်
နှလုံးသားတွေက သူ့ကိုပဲ မိုက်မဲစွာ ချစ်မြတ်နိုးမိနေလို့ပါ





ဦးမိုးဒေဝါကို မှုံး ရွေးချယ်တာ ငွေကြေးကြောင့်၊ စည်းစိမ်ချမ်းသာ
တွေကြောင့် မဟုတ်ဘူးဆိုတာ ထင်ရှားနေပါတယ်လေ။

"မှုံး တို့ကိုပဲ ရွေးချယ်ပါ၊ မှုံး ပျော်ရွှင်စေရမှာပါ၊ အရာ
အားလုံး ပြည့်စုံစေရမှာပါ၊ တို့က တစ်ဦးတည်းသောသားပါ၊
တို့ဆန္ဒတွေ အလိုချင်ဆုံးအရာတွေကို တို့ဖေဖေက ငြင်းပယ်လေ့မရှိ
ဘဲ ဖြည့်စွမ်းပေးခဲ့တာပါပဲ"

အထင်ကရရဲ့ ရင်ခွင်ထဲမှ မှုံး ရုန်းထွက်လိုက်မိလေသည်။
ဒီဆုံးဖြတ်ချက်တွေကို မှုံး ဘယ်လိုနည်းနဲ့မှ မပြင်နိုင်တော့ကြောင်း
မှုံး သိနေ၏။

"ပြန်ပါ အထင်ကရ၊ မှုံးကို စိတ်အနှောင့်အယှက်ဖြစ်
အောင် ထပ်ပြီးမလုပ်ပါနဲ့တော့၊ ဒီမှာ မှုံး တစ်ယောက်တည်းနေရ
တာပါ၊ ကျေးဇူးပြုပြီးပြန်ပါ"

မှုံး အခန်းထဲလှည့်ဝင်လာခဲ့လေတော့သည်။ အိမ်ဖော်
မိန်းမကြီး ဒေါ်ချိုရဲ့ တောင်းပန်သံတွေနှင့် သူပြန်ထွက်သွားတဲ့
အသံတွေ ကြားနေရလေသည်။ အထင်ကရရဲ့ အပြုအမူတွေက



www.burmeseclassic.com

www.burmeseclassic.com



မှုံး အတွက် ပူပင်သောကတွေနှင့် ဒေါသတွေ ပေါက်ကွဲနေ
မှုံး သိပါတယ်လေ။ မှုံးရဲ့ ဆုံးဖြတ်ချက်တွေကို မပြင်နိုင်တာ
တောင်းပန်ပါတယ် အထင်ကရရယ်။ သူငယ်ချင်းဖြစ်သူ ဝေ
ကလည်း မှုံးကို မှုန်းတီးနာကြည်းနေ၏။

ကံကြမ္မာတွေကြောင့်ပဲလား မသိတော့ပါဘူး အထင်က
ရယ်။ ရှင်ကလည်း ရုပ်ရည်ချောမောပြီး ငယ်ရွယ်နုပျိုနေတဲ့သူ
ပဲ။ ပြီးတော့ ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းက တစ်ဦးတည်း
သောသားပါနော်။ မှုံးဘဝကို တင့်တယ်နိုင်မှာပါပဲ။

"ကိုယ့်ဘဝက မိဘသဘောတူတဲ့ မိန်းမတစ်ယော
ကို အချစ်မပါဘဲ လက်ထပ်လိုက်ရပြီး အဲဒီမိန်းမရဲ့ သစ္စာမဲ့မှု
ကို ခံလိုက်ရတာပါပဲ၊ ကိုယ် အရမ်းကြေကွဲနာကျင်ရပြီး အမြဲ
အထီးကျန်နေရတယ်၊ မှုံးကို တွေ့ဆုံလိုက်ရပြီးမှ ကိုယ့်နှလုံးသား
တွေထဲမှာ အချစ်တွေ စီးဆင်းလာရတယ်၊ မှုံးကို ကိုယ်ချစ်တယ်
ထာဝရပိုင်ဆိုင်ထားချင်တယ်၊ ကိုယ့်ကို ထားခဲ့ပြီး ကိုယ့်ဘဝထဲက
နေ ထွက်ပြေးမသွားပါနဲ့နော် မှုံးရယ်"





မှုံးလည်း ဦးမိုးဒေဝါအပေါ် ကြီးမားတဲ့ သံယောဇဉ်တွေနဲ့
နူးနှင့်စွာချစ်မိနေသည်။ ဦးမိုးဒေဝါရဲ့ ပျော့ပြောင်းချမ်းမြေ့မှုကို မြည်းစမ်း
သေးချင်နေမိ၏။ ဦးမိုးဒေဝါကို ဘာဖြစ်လို့များ ဒီလောက်အထိ
ချစ်မိသွားရလဲဆိုတာ မသိတော့ပါဘူး။ ရှေးဘဝက ရေစက်များ
လားပဲ။

"မင်းကို ဦးမိုးဒေဝါက ပေါ်ပေါ်ထင်ထင် လူသိရှင်ကြား
လက်ထပ်မယ်ထင်လား၊ အန်တီသော်တာက ကြမ်းတယ်၊ မင်း
အရှက်ကွဲရလိမ့်မယ်"

အထင်ကရရယ် မှုံး ဘယ်လိုမှ နောက်ဆုတ်လို့မရတော့
ဘူးထင်တယ်။ ဦးမိုးဒေဝါနဲ့ ပတ်သက်သမျှ ရင်ဆိုင်ဖြတ်သန်းဖို့
သတ္တိတွေ ရှိနေသလိုပါပဲ။ မှုံး မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ
ပြည့်လျှံလာရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

သူ့မလက်ကိုင်ဖုန်းလေးမှ တီးလုံးသံလေး ကြားရတော့ မှုံး အပြေးအလွှား ဖွင့်ကြည့်မိလေသည်။ ဦးမိုးဒေဝါရဲ့ ဖုန်းနံပါတ်ပါပဲ။ မနက်ထဲက မှုံး မျှော်နေမိတာပါလေ။ ဒီနေ့ မှုံး အလုပ်ကစိတ်ရက်ဆိုတော့ အခန်းမှာ မှုံးကိုယ်တိုင် မနက်စာအတွက် ပြင်ဆင်ချက်ပြုတ်ထား၏။ ဦးကို မှုံး အစွမ်းတွေပြချင်နေမိသည်။ ဘာပဲဖြစ်ဖြစ် ဘယ်လောက်ပဲ ချမ်းသာပါစေ မှုံးကတော့ အိမ်ရှင်မ ဝီသချင်နေမိသည်။

"မှုံးလား"

"အင်း...ဦးမိုးဒေဝါရဲ့ဖုန်းကို မှုံး မျှော်နေတာပါနော်"



www.burmeseclassic.com

www.burmeseclassic.com



“ဟာကွာ…တောင်းပန်ပါတယ် မှုံးရယ်၊ ကိုယ် အိပ်ရာထ နောက်ကျသွားလို့ပါ၊ အခုပဲလာတော့မယ်နော်၊ မှုံး ခဏလေးပဲစောင့်”

“အိုကေ”

မှုံး အခန်းလေးကို ပြောင်လက်သပ်ရပ်နေအောင် မှုံး ပြင်ဆင်နေလေသည်။ ဒေါ်ချိုက ကိုယ်တိုင်မလုပ်ပါနဲ့ဆိုတာတောင် လက်မခံဘဲ ကိုယ်တိုင်လုပ်နေခဲ့၏။ မကြာခင် မှုံးက အိမ်ရှင်မလေးဖြစ်တော့မှာပဲဟာ။ ယောကျ်ားတွေက ဘယ်သူပဲဖြစ်ဖြစ် ကိုယ်နဲ့လက်ထပ်လိုက်တဲ့မိန်းကလေး အိမ်ရှင်မ ပီသတာကို သဘောကျနှစ်သက်မှာပဲလေ။ ဦးမိုးဒေဝါက အိမ်ထောင်ရေးသောကတွေ ခံစားခဲ့ရသူမို့ မှုံး အစွမ်းကုန် ပြုစုယုယချင်လေသည်။

“မှုံး အခန်းလေးက တကယ့်ကို သပ်ရပ်လှပနေတာပါလားကွာ၊ ဒေါ်ချို အရမ်းတော်တယ်”

ဦးမိုးဒေဝါ ရောက်လာတော့ အခန်းလေးကို ချီးမွမ်းလေသည်။ မှုံး ပျော်ရွှင်ကျေနပ်သွားရ၏။





“ဒေါ်ချိုလုပ်တာ မဟုတ်ပါဘူးကွယ်၊ မှုံးလေးကိုယ်တိုင်လုပ်တာပါ၊ ပြောလို့လည်း မရဘူး၊ ဟင်းတွေလည်း မှုံးကိုယ်တိုင်စီစဉ်ချက်ပြုတ်ထားတာလေ၊ တကယ့်ကိုတော်တဲ့ မိန်းကလေးပဲ”

ဒေါ်ချိုက ချီးမွမ်းစကားပြောပြီး ထွက်သွားလေသည်။ ဦးမိုးဒေဝါ မှုံး ကိုယ်လုံးလေးအား ရုတ်တရက် ဆွဲယူတာ သူ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ထား၏။

“မှုံးရယ်…မင်းနဲ့ကိုယ် ဘာဖြစ်လို့များ နောက်ကျမှ တွေ့ခဲ့ရတာလဲ၊ ကိုယ်တို့ ဘာဖြစ်လို့များ ဖြူစင်တဲ့ဘဝလေးမှာ မတွေ့ခဲ့ရတာလဲကွာ”

မှုံး ကိုယ်ခန္ဓာလေးက သူ့ရင်ခွင်ထဲမှာ မသိမသာ ရုန်းဖယ်ရင်း လှုပ်လွန့်နေလေသည်။ မင်းကို ကိုယ် ပန်းကောင်းအညွန့်ချိုးလုပ်မှာမဟုတ်ပါဘူး မှုံးရယ်။ မင်းလေးကိုပဲ လက်ထပ်မှာပါ။ ကိုယ် အားလုံးကိုရင်ဆိုင်ကျော်လွှားသွားပါ့မယ်။

“မှုံး”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် တစ်ခုလောက်တောင်းဆိုပါရစေလား"

"နောက်နေပြန်ပါပြီနော်၊ ကျွန်မဆီမှာ ဘာများတောင်းဆိုစရာရှိနေလို့လဲ"

ပြုံးရိပ်လေးတွေ ချိုချိုအီအီလေး တင်နေတဲ့ မှုံးရဲ့ နှုတ်ခမ်းသားလေးပေါ် သူ အားမလိုအားမရစွာ နမ်းရှိုက်မိနေလေသည်။ ဘယ်လိုပဲ ဖြစ်ဖြစ်လေ သူ ဒီအသက်အရွယ်ရောက်တဲ့အထိ ရင်ထဲ စူးနင့်စွာ ချစ်မြတ်နိုးမိရတာက မှုံးပါပဲ။

"ကိုယ့်ကို ဦးမိုးဒေဝါလို့ ခေါ်မယ့်အစား ကိုလို့ပဲ ခေါ်စေချင်လို့ပါကွာ၊ အသက်အရွယ်ချင်းက ဦးတပ်ခေါ်ရလောက်တဲ့အထိ ကွာခြားမှုမရှိသေးဘူးလေ"

"မှုံး နှုတ်ကျိုးနေလို့ပါနော်၊ ဦးမိုးဒေဝါ ပြောင်းခေါ်ရမှာ အရမ်းရှက်တယ်"

ချစ်သူ့မျက်နှာရှက်ရဲရဲလေးအား မြတ်နိုးစွာ သူ့လက်တွေနှင့် ဆွဲယူမော့စေကာ မျက်ဝန်းတောက်တောက်လေးများအား ငေးစိုက်ကြည့်မိလေသည်။ မေမေ ဒီမိန်းကလေးက အရမ်းဖြူစင်





ပါတယ်ဗျာ။ မေမေ သေသေချာချာ မတွေ့ဘူးသေးပဲနဲ့များ ဘာဖြစ်လို့ လက်မခံနိုင်ဘူးလို့ ငြင်းဆန်လိုက်ရတာလဲ။

သူ့စိတ်တွေ ထိန်းချုပ်နိုင်စွမ်းမရှိတော့ဘဲ မှုံး ခန္ဓာကိုယ်လေးအား တင်းကျပ်စွာ သူ့လက်တွေနှင့် ရစ်သိုင်းပွေ့ဖက်ထားမိလေသည်။ သော်တာ၊ သမီးလေး၊ မေမေ အားလုံးကန့်ကွက်ကြမှာပါပဲ။ သူ့စိတ်တွေ မွန်းကြပ်လာရ၏။ ကိုယ် မှုံးကို စွန့်လွှတ်နိုင်တော့ဘူး။ ပိုင်ဆိုင်ချင်တယ်၊ ကိုယ် အစွမ်းကုန် ကြိုးစားမယ်။

"ဦးမိုးဒေဝါရယ် မှုံးကို လွှတ်ပါဦးနော်၊ အသက်ရှူလို့တောင် မရတော့ဘူး"

"မလွှတ်ဘူးကွာ…မင်း ဘာဖြစ်လို့များ ကိုယ့်ကို အဘိုးကြီးတစ်ယောက်လို သဘောထားနေရလား"

"ဟိုလေ…မှုံး…မှုံးက"

"မရဘူး…မှုံး ကိုလို့ပဲခေါ်ပါ၊ ကိုယ့်ကို စိတ်သောကတွေ မရောက်စေချင်ဘူး မဟုတ်လား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"တဲ့…ဒါဆို ကိုလို့ပဲခေါ်"

ဦးမိုးဒေဝါကို မှုံး ကြီးမားတဲ့သံယောဇဉ်တွေနဲ့ ငြိတွယ်ရပြီး ချစ်မြတ်နိုးမိသွားရလေသည်။ မှုံး မသိဘူး။ ဘာကြောင့်လဲ။ ဦးမိုးဒေဝါရဲ့ ရုပ်ရည်ကြောင့်လား။ အကြင်နာအယုယတွေကြောင့်လား။ ရှေးဘဝက ရေစက်တွေပဲလားဟင်။ ငွေကြေးချမ်းသာကြွယ်ဝမှုနဲ့တော့ လုံးဝမဆိုင်ဘူး။ မှုံးရဲ့ နုပျိုတဲ့နှလုံးသားကို ဖမ်းစားချုပ်ကိုင်လိုက်နိုင်တာ အကြောင်းရင်းက မှုံးကို ငယ်ငယ်လေးထဲက ကြင်နာယုယမယ့်သူ ကင်းမဲ့ပြီး အထီးကျန်နေခဲ့ရတော့ ကိုယ်ချင်းစာမိတာလည်း ဖြစ်နိုင်နေသည်။

"ကိုလို့ပဲ ခေါ်ပါကွာနော်၊ ကိုယ့်ကို အင်အားတွေပေးစမ်းပါ၊ နားလည်မှုတွေလည်း အပြည့်အဝပေးစမ်းပါကွာ"

မှုံး ကိုယ်လုံးလေးကို ထပ်မံ၍ ပွေ့ဖက်ထားမိလေသည်။ ကလေးကလားနဲ့ ကြားလေသွေးရင်တောင် ဝေးမှာကြောက်နေမိသလိုပဲ မှုံးရယ်။ ကိုယ်လည်း ခပ်ကြောင်ကြောင်ပြောရရင်တော့ အချစ်ကို စတင်တွေ့ရှိသွားရတာပဲလေ။





"မှုံးကို ကိုယ် အရမ်းချစ်တယ်၊ အရမ်းမြတ်နိုးတယ်၊ အရမ်းလည်း ပိုင်ဆိုင်ချင်တယ်၊ ခေါ်စမ်းပါ၊ ကိုလို့ အရမ်းလည်း ကြားချင်လို့ပါ"

"ကို"

"မှုံးရယ်"

ချစ်မြတ်နိုးမှုတွေက သူ့ရင်ထဲသို့ အတိုင်းအဆမရှိလောက်အောင် တိုးဝင်လာပြီး မှုံး ခန္ဓာကိုယ်လေးအား တင်းတင်းလေးသွေးဖက်ထားကာ အနမ်းလေးတွေ ခြွေမိနေလေသည်။ မင်း ငွေတွေသည်းစိမ်ချမ်းသာတွေ မက်မောတာမဟုတ်ဘူး။ ကိုယ့်ရဲ့အထီးကျန်မှုတွေ ခံစားမိလို့ပဲ။ မှုံးကိုယ်လေး လှုးလွန့်နေလေသည်။ ကိုယ်သည်း မြတ်မြတ်နိုးနိုးနှင့် အကြင်နာအယုအယတွေ ပေးမိနေ၏။ ခင်းလည်း အထီးကျန်နေခဲ့ရတဲ့ မိန်းကလေးပဲမဟုတ်လား။

"ကို"

"ဟင်"

"မှုံးတို့ မနက်စာ စားကြမယ်လေ၊ မှုံး ချက်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ရာတွေနဲ့ ညှိခံမှာနော် ထ"

"မိုး"

"ဟင်"

"ကိုယ်ပြောစရာရှိတယ်"

"ပြောလေ"

"ကိုယ့်သမီးလေးကို မိုးနဲ့ ရင်းနှီးအောင် တွေ့ပေးချင်တယ်"

"အင်းလေ မိုးလည်း တွေ့ချင်ပါတယ်၊ ဒါပေမယ့် သမီးလေးက မိုးကို လက်ခံပါ့မလားဟင်"

ကို့သမီးလေးကိုတော့ မိုး တွေ့ချင်နေမိလေသည်။ ကိုနဲ့လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးပြီ မဟုတ်လား။

"နည်းနည်းတော့ သည်းခံရမယ်နော် မိုး"

"အင်း"

"ဘယ်လိုအခြေအနေပဲ ဖြစ်ဖြစ် မိုးနဲ့ လက်ထပ်မယ် ဖြစ်နိုင်ရင် ကိုယ်တို့နှစ်ဦး သဘောတူလက်ထပ်ထားကြမယ်"





"အို…အဲဒီလောက်ကြီး အလောတကြီး မလုပ်ပါနဲ့ ကိုယ်၊ သမီးလေးရော ကို့မေမေရော ကျေနပ်သဘောတူတာ ကောင်းပါတယ်၊ မိုးကို အထင်သေးသွားစေနိုင်မယ့် အပြုအမူတွေအားလုံး ရှောင်ရှားချင်ပါတယ်"

"မိုးရယ်…မင်း ရိုးသားဖြူစင်လိုက်တာကွာ၊ ကိုယ်ချစ်မြတ်နိုးရဝါတယ်"

"မိုးကို အားလုံးက လက်ခံမှ လက်ထပ်ပါ၊ မိုး စောင့်နိုင်ပါတယ်၊ သမီးလေးနဲ့လည်း ရင်းနှီးကျွမ်းဝင်စေချင်ပါသေးတယ်လေ"

"အိုကေ…ကိုယ် စီစဉ်မယ်၊ ကိုယ်နဲ့ တရားဝင်လက်မထပ်ရသေးဘဲ မိုးဘဝလေးကို သန့်ရှင်းနေစေဖို့ ကိုယ်စောင့်ထိန်းမှာပါ မိုး၊ ကိုယ်တို့ တကယ့်ကို ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံတဲ့ မင်္ဂလာပွဲလေး ကျင်းပကြမယ်၊ မင်္ဂလာဦးညလေးကို တန်ဖိုးထားပြီးနေအောင်နော်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



မှုံးဆိုတဲ့ နုပျိုလန်းဆန်းနေတဲ့ မိန်းမချောလေးကို မှည့်လေး တစ်စက်မျှ မစွန်းထင်းရအောင် ကိုယ်စောင့်ထိန်းမှာပါ၊ မေမေနဲ့ သမီးလေး လက်ခံနိုင်အောင် အချိန်အတိုင်းအတာတစ်ခုအတွင်းမှာ ကြိုးစားမယ်။

"ဘာမှ စိတ်ခတ်မကျပါနဲ့ ကိုရယ်၊ မှုံးတို့ အဆင်ပြေ သွားမှာပါနော်၊ ကိုနဲ့ပတ်သက်တာတွေအားလုံး မှုံး ရင်ဆိုင်နိုင်ပါ တယ်"

"မှုံးရယ်"

ကိုလက်ကိုဆွဲကာ မှုံး မီးဖိုခန်းဆီ ခေါ်ဆောင်လာခဲ့ လေသည်။ မှုံးကိုယ်တိုင် စီစဉ်ချက်ပြုတ်ထားတဲ့ ထမင်းဟင်းတွေ ကို အိမ်ရှင်မတစ်ယောက်လို မှုံး ကျွေးမွေးသည်။

"ကိုယ်လက်ထပ်ချင်တဲ့ မိန်းကလေးက မှုံးလိုမိန်းမမျိုး ပဲ၊ ကိုယ့်ကို ချစ်မြတ်နိုးစွာ ပြုစုယုယမှုပေးမယ့် မိန်းမပဲ"

တကယ့်ကို သာယာစိုပြေသော အိမ်ထောင်စုလေးသဖွယ် သူခံစားမိနေလေသည်။ မှုံးက ငယ်ရွယ်ပေမယ့် မိန်းမပီသလွန်းလှ





သည် မင်းကို ကိုယ်ဘယ်လိုနည်းနဲ့မှ လက်လွှတ်မခံနိုင်တော့ဘူး ချစ်ရယ်။

သူနှင့် လက်ထပ်မယ့် မိန်းကလေးက သာခန့်မိန်းကလေး မဖြစ်နေ၍ ပတ်ဝန်းကျင်မှာတော့ ရင်ဆိုင်ဖြေရှင်းရမှာပဲ ထိုသို့ ရင်ဆိုင်မှာပါ မှုံး၊ မင်းလေး မျက်နှာမငယ်စေရပါဘူး။ မှုံးထ ဘာဝနဲ့ထာဝရ လက်တွဲဖော် ဖြစ်သည်။

"မှုံး"

"ရှင်"

"ပျော့ညံ့မသွားပါနဲ့ အရှုံးပေးမသွားပါနဲ့၊ ကိုယ့်ကို လက်လွှတ်မသွားပါနဲ့၊ ကိုယ်ဘေးနားမှာ ထာဝရနေပေးပါနော်"

မှုံး လက်လေးတွေကို ဆုပ်ကိုင်ဖျစ်ညှစ်ထားကာ ရင်ထဲ က မွန်းကြပ်နေတဲ့စကားတွေ တတွတ်တွတ် ပြောနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

အထင်ကရကတော့ မိုး တစ်စုံတစ်ခုဖြစ်သွားမှာကိုပဲ စိတ်ပူနေမိလေသည်။ ဦးမိုးဒေဝါက မိန်းကလေးတွေ စွဲလမ်းနှစ်သက်နိုင်စေတဲ့ ရုပ်ရည်ရူပကာနှင့် ငွေကြေးချမ်းသာ ပြည့်စုံနေသည့် လုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်နေ၏။ အင်းလေ မိုးက ဦးမိုးဒေဝါကိုပဲ အထင်ကြီးမှာပဲ။

သူကတော့ မိဘအရှိန်အဝါပဲ-ရှိတာမဟုတ်လား။ မိုးခင်နဲ့တို့ ဘာဖြစ်လို့များ ဦးမိုးဒေဝါနဲ့ တွေ့ဆုံပြီးမှ တွေ့ကြရတာလဲ။ သူ မိုးကို မေ့ပစ်လို့မရအောင် ချစ်နေမိသည်။ မရဘူးကွာ မင်း ဦးမိုးဒေဝါလိုလူတစ်ယောက်ရဲ့ ချစ်သူတစ်ယောက် မဖြစ်စေရဘူး။



www.burmeseclassic.com

www.burmeseclassic.com



မွှးကို မေ့ပစ်လို့မရ။ ရင်ထဲမှာ အမြဲတမ်းငြိတွယ်နေ
သတိရတမ်းတမ်းတတ ဖြစ်နေရလေသည်။ အထင်ကရလိုမေး
ကလည်း နာမည်နဲ့လိုက်ဖက်အောင် မိန်းမချောလေးတွေကြား
ထင်ပေါ်ခဲ့တာပါ။ မင်းထက်တောင် ချမ်းသာကြပြီး ရုပ်ချော
လေးတွေပဲ။ အထင်ကရလိုကောင်ကို ဘာဖြစ်လို့ အေးစက်
ဖြစ်နေရတာလဲ။ စိတ်မဝင်စားသလို စိမ်းပြခဲ့ရတာလဲ။ မကျေ
ဘူး။ အဲဒီကိစ္စကို လုံးဝမကျေနပ်ဘူး ချယ်မွှးထင်။ သူ့စိတ်
တင်းကြပ်နေသည်။ မွှးဆိုတဲ့ကောင်မလေးရဲ့လက်ကို ဆွဲပြီး
ဦးမိုးဒေဝါနှင့် အဝေးဆုံးရောက်အောင် ခေါ်ဆောင်သွားချင်မိနေ
သည်။

"ငါ အိပ်လို့မရဘူး၊ မင်းကို အရမ်းသတိရနေတယ်
အဲဒါ ဘာဖြစ်လို့လဲ၊ ငါ့သေးနားမှာ မိန်းမချောလေးတွေ ဝိုင်းနေတာ
ပါကွ"

အမှတ်မထင် ကောင်မချောလေး ချယ်မွှးထင်နှင့် ဆုံတွေ့
ခဲ့မိပြီးတဲ့ အချိန်မှစ၍ ဒီမိန်းကလေးအား အထင်ကရ စွဲလမ်းမ





သက်မိပြီး သံယောဇဉ်တွယ်နေခဲ့သည်။ မေ့ပစ်လို့မရဘူး။ မင်းဘာ
ဖြစ်လို့များ ငါ့ကို ရှုံ့သွပ်အောင် ဖြားယောင်းသွေးဆောင်နိုင်ခဲ့ရ
တာလဲ။

ချယ်မွှးထင် မျက်နှာလေးကို မြင်ယောင်နေမိပြီး မြင်ချင်
တဲ့စိတ်တွေ ပြင်းပြင်းပြပြ ဖြစ်လာရသည်။ နေလို့မရတော့။ အခန်း
ထဲမှာ ဘယ်လိုမှ နေလို့မရဘဲ အပြင်ကိုထွက်လာခဲ့သည်။

"ဘယ်သွားမလို့လဲသား"

အောက်ထပ်ရောက်တော့ အပြင်မှပြန်လာတဲ့ မေမေနဲ့
တိုးလေသည်။ သူ့ပခုံးလေးကို ဖက်ပြီး အပြုံးတွေနှင့် ကြည့်နေ၏။
မေမေ သူ့ကို သိပ်ချစ်တာ အထင်ကရ သိနေ၏။

"တော်တော်ညဉ့်နက်နေပြီသား၊ ဘယ်သွားမလို့လဲကွ"

"မေမေ နောက်ကျလိုက်တာ၊ ညစ်ခံပွဲရှိလို့လား"

"ဟုတ်တယ်သား၊ မောင်မိုးဒေဝါက ညစ်ခံတာလေ"

ကုမ္ပဏီမှာ ဦးမိုးဒေဝါက မန်နေဂျင်းဒါရိုက်တာပဲ မေမေက
ရှယ်ယာဝင်တစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မိုးဒေဝါက ငယ်ပေမယ့် အရမ်းတော်တယ်သား မင်း အတုယူလိုက်တယ်၊ လုပ်ရည်ကိုင်ရည်ရှိတယ်၊ ဦးဆောင်နိုင်တယ်"

အရင်ကတော့ ဦးမိုးဒေဝါက အထင်ကရအတွက် အတုယူလေးစားခဲ့သူတစ်ယောက် ဖြစ်လေသည်။ အခုတော့ မှုံးနှင့်ပတ်သက်ပြီး ဦးမိုးဒေဝါအား အမြင်မကြည်လင်တော့။

"ဒီနေ့ညေ့ခံပွဲကို ကွာရှင်းထားတဲ့မိန်းမ သော်တာလည်းလာတယ်၊ မောင်မိုးဒေဝါကို ပြန်ကပ်ချင်ပုံပဲ"

"ဗျာ"

သူ့အသံတွေက အထိတ်တလန့် ခုန်ထွက်သွား၍ ဖေဖေ့အကြည့်တွေ ဆတ်ခနဲ ရောက်လာသည်။

"ဘာဖြစ်လို့လဲသား"

"ဦးမိုးဒေဝါက သူ့မိန်းမနဲ့ ပြန်ပေါင်းထုတ်တော့မလို့လား"

"အင်း…သော်တာက ကပ်ချင်နေတာထင်တယ်၊ မိန်းမ





ကို ခပ်ပြတ်ပြတ် မဆက်ဆံနိုင်ဘူးထင်တယ်"

မိန်းမယောင်းကို ပြတ်ပြတ်သားသား မဆက်ဆံနိုင်ဘဲ ဘာဖြစ်လို့ မှုံးကို ချစ်နေရတာလဲ။ ဖြားယောင်းသွေးဆောင်ထားရတာလဲ။ ခင်ဗျားကြီးပေါ်တင်လက်ထပ်ရဲလို့လား။ မှုံးဘဝကို အင့်တယ်အောင် ခင်ဗျားကြီး ဖြည့်စွမ်းပေးနိုင်လို့လား။ ဒုက္ခပေးလို့ ဖျက်ဆီးပစ်မှာပဲ။

"သား"

"ဗျာ"

"သား ဘာဖြစ်နေတာလဲ၊ အခုရော ဘယ်သွားမလို့လဲကွ"

"သား အပြင်သွားမလို့ ဖေဖေ"

"သွားလေကွာ နည်းနည်းတော့ ညဥ့်နက်နေပြီကွ၊ ဘာကိစ္စလဲ၊ ဘယ်သွားမှာလဲ"

"စိတ်မပူပါနဲ့ ဖေဖေ၊ သူငယ်ချင်းဆီပါ၊ စောစောက ဖုန်းဆက်ထားလို့ သီချင်းကိစ္စပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး…အေး သွား ဖေဖေလည်း အနားယူလိုက်ဦး မယ်"

ဖေဖေက သူ့ကိုချစ်လှွန်းပြီး အလိုလိုက်ထားလေသည်။ သူ့ကို ယုံကြည်၏။ သီချင်းရေးတာကို ဝါသနာပါသော သူ့အတွက် လိုအပ်တာမှန်သမျှ ဖေဖေက ဖြည့်စွမ်းပေးနေ၏။ သူငယ်ချင်း ကျော်ကျော်နှင့် သီချင်းစာသားတွေ၊ သံစဉ်တွေ ရှာတတ်တာ ဖေဖေ သိသည်။

မှုံး မင်းကို တွေ့မှဖြစ်မယ်။ ဦးမိုးဒေဝါရဲ့ ညှော်ခံပွဲမှာ အနုပညာသော်တာလည်းရှိနေတာ မင်းကို အသိပေးရမယ်။ မဖြစ်ဘူး မင်းကို တို့ ကာကွယ်ပေးချင်တာပါ။

ကားကို ဝေါခနဲ မောင်းထွက်လာခဲ့မိလေသည်။ မှုံးရဲ့ တိုက်ခန်းရှေ့ရောက်တော့ မီးလင်းနေသေး၍ မအိပ်သေးဘူးဆိုတာ သိလိုက်၏။ မှုံးရဲ့လက်ကိုင်ဖုန်းကို ခေါ်လိုက်သည်။ သူ့ဖုန်းနံပါတ် ပေါ်လာတိုင်း မှုံးက ပိတ်ပစ်တတ်၏။ သူ ဒေါကန်ချင်လာရသည်။ မှုံး အခန်းရှေ့သွားပြီး လူခေါ်ဘဲလ်တပ်ထားတဲ့ ကြိုးကို လှုပ်ခါ





လိုက်လေသည်။

"ကရင်…ရင်…ကလင်"

"ကလင်"

ဘဲလ်သံကြောင့် မှုံး စိတ်ပျက်ပျက်နှင့် ဝရန်တာကနေ ထွက်ပြီး အောက်သို့ ငုံ့ကြည့်လိုက်မိသည်။ အထင်ကရပဲ။ ဒီအချိန် ကြီးကြမှ ဘာလာလုပ်ရပြန်တာလဲ။ အောက်သို့ဆင်းလာရန် လက်ဟန်နှင့် ပြောနေသည်။

"ညှော်သည်လား မှုံး၊ မတွေ့ချင်ရင် ဒေါ်လေးချိုး ဆင်းတွေ့လိုက်မယ်"

"နေ…နေ ဒေါ်လေးချိုး မှုံးပဲ ဆင်းတွေ့လိုက်ပါ့မယ်"

"အချိန်မတော်ကွယ်"

"ရပါတယ်၊ ခဏပဲ"

မှုံး ဆင်းမတွေ့မချင်း အထင်ကရ ပြန်မှာမဟုတ်။ စိတ် ရှုပ်ရှုပ်နှင့် အောက်သို့ဆင်းလာခဲ့ရသည်။

"အထင်ကရ ရှင်ဘာလာလုပ်တာလဲ၊ ကျုပ်ကို အနှောင့်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပြန်ပြီလား''

''ဦးမိုးဒေဝါလို လူကြီးတစ်ယောက် ဝယ်ပေးထားတဲ့ တိုက်ခန်းမှာနေကတည်းက မင်း အရှက်မဲ့နေပြီ''

''ဘာ''

''မင်းကို သတိပေးစရာရှိလို့ တို့လာခဲ့တာပါ''

''ဘာဖြစ်လို့လဲ ဘာတွေသတိပေးမှာလဲ၊ မနက်မှပြောလို့ မရဘူးလား အထင်ကရ''

''မပြောနိုင်ဘူး၊ တို့ အိပ်လို့လည်းမရဘူး၊ နေလို့လည်း မရဘူး၊ မင်းကိုတွေ့ချင်နေတယ်၊ မင်းအတွက် စိတ်တွေပူပန်နေမိ တယ်၊ အဲဒါကြောင့်''

''ဒုက္ခပါပဲ အထင်ကရရာ ကျုပ်အတွက် ရှင်ဘာမှပူစရာ မှ မလိုတာပဲ၊ ကျုပ်မှာ စောင့်ရှောက်ပေးမယ့် ချစ်သူရှိတယ်''

''ဘာ''

အထင်ကရ အော်လိုက်၍ မှုံး မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားရလေသည်။ ဒုက္ခပါပဲနော် မှုံးကို ဘာဖြစ်လို့များ လာပြီး





အရှက်ခွဲနေရတာလဲ။

''အထင်ကရ ပြန်ပါ၊ တို့ကို အရှက်ကွဲအောင် လာလုပ် ပါနဲ့၊ တို့ အနေအသွားတော်တောင်းပန်ပါတယ်''

မှုံး ငိုချင်လာမိသည်။ အထင်ကရကို မှုံး မချစ်နိုင်ကြောင်း ပြောထားပြီးပြီပဲဟာ သေချင်တယ်။

''တို့မပြန်နိုင်ဘူး၊ မင်း ဦးမိုးဒေဝါနဲ့ အဆက်ဖြတ်လိုက် ပါ၊ ဦးမိုးဒေဝါက သူ့မိန်းမနဲ့ ပြန်ပေါင်းတော့မယ်''

အထင်ကရရဲ့ ခံစားနာတွေကိုလည်း မှုံး သိနေပါတယ် လေ။ တားဆီးသင့်တာပဲဟာ မှုံးလုပ်ရပ်အတွက် ကန့်ကွက်သင့်ပါ တယ်။ မှုံးကသာ အသိခေါက်ခက်အဝင်နက်နေခဲ့တာပဲ။

''ဒီည ဦးမိုးဒေဝါက ညှော်ခံတဲ့ပွဲမှာ သူ့မိန်းမရော၊ သမီး ရော လာကြတယ်လေ၊ တို့ဖေဖေပြောတာပါ၊ ပြန်ပေါင်းဖို့များတယ် တဲ့''

အထင်ကရအား မျက်လုံးပြူးပြူးလေးများဖြင့် ဆတ်ခနဲ ကြည့်ပြီး အကြည့်ကို ပြန်လွှဲပစ်လိုက်မိလေသည်။ ဘာမှမဖြစ်သလို



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်ပေမယ့် မှုံးရင်ထဲမှာတော့ မီးတောက်လေးတစ်ခု ထတောက်သွားသလို ပူပူလောင်လောင် ရှုးရှူးနင့်နင့် ခံစားလိုက်ရ၏။

"ဦးမိုးဒေဝါကို မင်း အဆက်အသွယ်ဖြတ်ပါ၊ ဒီတိုက်ခန်းမှာလည်း မနေပါနဲ့တော့၊ မင်းလိုအပ်တာတွေ တို့ အားလုံးကူညီမယ်လေ မှုံး"

မှုံး စိတ်တွေကို တင်းပြီး ခပ်ပြတ်ပြတ်ပဲ ခေါင်းလေးဝဲခါယမ်းပြလိုက်မိသည်။ ရင်ထဲမှာ မွန်းကြပ်လာရ၏။ အထင်ကရရှေ့ကနေထွက်သွားဖို့ ပြင်လိုက်သည်။

"မှုံး"

"ဟင်"

"တို့စကားကို နားထောင်ပါ၊ တို့အကူအညီကို လက်ခံပါ"

မှုံး ခေါင်းပဲ ခါယမ်းပြလိုက်မိလေသည်။ အထင်ကရထွက်သွားပါတော့နော်၊ ကိုက မှုံးကိုပဲ လက်ထပ်မှာပါ၊ သမီးလေးနဲ့တောင် ရင်းနှီးအောင် တွေ့ဆုံပေးမယ်လို့ ပြောထားပြီးပြီပဲ





ဟာ။

"တို့ကိစ္စ တို့ကိုယ်တိုင်ပဲ ရှင်းပါရစေ အထင်ကရ၊ တို့ကိုမေ့ပစ်လိုက်ပါ၊ တို့ဆန္ဒရှိတာပဲ လုပ်ပါရစေ"

မှုံး ပခုံးလေးတွေကို အထင်ကရလက်တွေက ဆုပ်ကိုင်လိုက်သည်။ မှုံး အထိတ်တလန့်နှင့် ဖယ်ရှားပစ်လိုက်မိ၏။

"မှုံးကို တို့ချစ်တယ်၊ မြတ်နိုးတယ်၊ တန်ဖိုးထားတယ်၊ မင်းဘဝကို တင့်တယ်အောင်"

"တော်ပြီ အထင်ကရ၊ တို့သွားတော့မယ် ညဦးနက်နေပြီ ပြဿနာ မရှာပါနဲ့တော့၊ တို့ကို စေတနာမေတ္တာရှိသေးတယ်ဆိုရင်ပေါ့"

မှုံးက သူ့လက်တွေကို ဖယ်ရှားပစ်ပြီး ပြန်တက်သွားလာသည်။ မှုံး အရှက်သိက္ခာအတွက် ထပ်ပြီး မနှောင့်ယှက်လိုတော့ပေ၊ မှုံးအခန်းက မီးတွေပိတ်သွားတော့သည်။ အထင်အရမပြန်သေးဘဲ ငေးမောတွေဝေစွာ ကြည့်နေမိ၏။

ဆက်ပြီး ပြဿနာရှာနေရင်လည်း မှုံး အရှက်ကွဲမှာမို



www.burmeseclassic.com

www.burmeseclassic.com



အထင်ကရ ပြန်ဖို့ပဲ ဆုံးဖြတ်လိုက်မိလေသည်။ ကားကို တရကြမ်း မောင်းပြီး ထွက်လာခဲ့၏။ အိမ်ပြန်ရောက်တော့ ဖေဖေက မအိပ်သေးဘဲ သူ့ကိုစောင့်နေ၏။

"ဖေဖေ…မအိပ်သေးဘူးလား"

"အေး…သားကိုစောင့်နေတာ၊ အရင်ကနဲ့မတူဘဲ သား အတွက် ဖေဖေ ရင်လေးနေသလိုပဲ၊ သားသွားတာ သီချင်းကို မဖြစ်နိုင်ဘူး၊ သားဘာတွေဖြစ်နေလို့လဲကွာ"

ဖေဖေ့အနားမှာ သူဝင်ပြီးထိုင်လိုက်လေသည်။ ဖေဖေ သူ့မျက်နှာအား အရိပ်လိုကြည့်နေတတ်သဖြင့် သား စိတ်ထိခိုက် ကြေကွဲနေတာ သိပုံရနေ၏။

"ဖေဖေ"

"ပြောလေ သား"

"သား မိန်းကလေးတစ်ယောက်ကို အရမ်းစွဲလမ်းနှစ် သက်နေတယ်၊ သား ရူးမတတ်ခံစားနေရတယ် ဖေဖေ"

"ဟင်…ဘယ်မိန်းကလေးလဲ သားကိုလက်မခံလို့လား





အဲဒီမိန်းကလေးက ဘယ်လိုမိန်းကလေးမျိုးလဲကွာ"

"ဘယ်လိုမိန်းကလေးမျိုးပဲဖြစ်ဖြစ် ဖေဖေ လက်ခံသဘော တူပေးမှာလား"

"သားကသာ နှစ်သက်သဘောကျတယ်ဆိုရင် ဖေဖေက သား ရွေးချယ်မှုကိုပဲ လက်ခံမှာပဲပေါ့"

"တကယ်လား ဖေဖေ၊ တကယ်ပြောတာလား"

"တကယ်ပေါ့ကွ၊ ဘယ်လိုမိန်းကလေးမျိုးလဲ ဖေဖေ့ကို ပြောပြပါဦးကွာ၊ သားကိုယ်တိုင် စွဲစွဲလမ်းလမ်း ချစ်မြတ်နိုးတဲ့ မိန်းကလေးဆိုတော့ ခပ်ညံ့ညံ့ထဲက မဖြစ်နိုင်ပါဘူး"

အထင်ကရ ကမန်းကတန်းနှင့် မှူးရဲ့လက်ကိုင် ဖုန်းနံပါတ် ကို နှိပ်လိုက်လေသည်။ ဖုန်းက ဝင်သွား၏။

"ဟဲလို"

"မှူး…ခဏလေးနော်၊ တို့ဖေဖေ စကားပြောမလို့၊ ဖေဖေ့ ကိုပြောပေးပါ၊ သားနဲ့မှူးကို တင့်တင့်တယ်တယ် လက်ထပ်ပေးပါ မယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



မိုးရဲ့ဖုန်းကို ဖေဖေ့ထံ လှမ်းပေးလိုက်လေသည်။ ဖေဖေ့ကို မွှတ်အတင်း ပြောခိုင်းလိုက်၏။

"ဟဲလို…သားအထင်ကရရဲ့ သူငယ်ချင်းလား။ အေးကွယ် သားကသာ နှစ်သက်မြတ်နိုးတယ်ဆိုရင် အန်ကယ့်အနေနဲ့က သားနဲ့သမီးတို့ရဲ့ လက်ထပ်ပွဲကို တင့်တင့်တယ်တယ် စီစဉ်ပေးပါ့မယ်၊ အန်ကယ်ရဲ့ တစ်ဦးတည်းသောသားလေး စိတ်ဆန္ဒတွေ အစွမ်းကုန်ဖြည့်စွမ်းပေးမှာပါ"

"ဟုတ်ကဲ့ပါ အန်ကယ်"

"သမီးကို သားက စွဲလမ်းနှစ်သက်နေတယ်၊ အန်ကယ့်ကို ဖွင့်ပြောတယ်၊ စိတ်ချပါကွယ်၊ သားရဲ့ဆန္ဒက ဦးရဲ့ဆန္ဒပါပဲကွယ်"

ဖေဖေက ဖုန်းပိတ်လိုက်သဖြင့် သူ သဘောမကျသလို ဖြစ်သွားရသည်။

"မိုးက ဘာပြောသွားလဲ ဖေဖေ၊ ဘာဖြစ်လို့ ဖုန်းပိတ်လိုက်ရတာလဲ"





"ကောင်မလေးဘက်က စပြီးပိတ်သွားတာပါကွ၊ ဖေဖေ [illegible] စိတ်ဝင်စားလာတယ်၊ သားနှစ်သက်တဲ့ကောင်မလေး [illegible]က ဘယ်သူလဲ၊ ဘာလုပ်လဲ၊ ဘယ်မှာနေလဲ"

"ချယ်မွှေးထင်တဲ့ ဖေဖေ၊ နယ်ကလာတာပါ၊ အလုပ်က [illegible]ထိမှာဝန်ထမ်းပါ"

"အိုကေ…ဖေဖေနဲ့ မိတ်ဆက်ပေးဦး"

သူ ဖေဖေ့အနားကနေ ထွက်လာခဲ့မိလေသည်။ အိပ်ခန်း[illegible]ရောက်တဲ့အထိ စိတ်မသက်မသာ ဖြစ်နေရ၏။

မိုး မင်းကို စိတ်ချမ်းသာစေချင်တယ်။ ပျော်ရွှင်စေချင်[illegible]။ မင်းကို မစွန့်လွှတ်နိုင်တော့ဘူး။ တို့ပိုင်ဆိုင်မှ ဖြစ်မယ်။ [illegible]ပ်ရှုပ်နှင့် မိုးအကြောင်းတွေပဲ စဉ်းစားနေပစ်လိုက်လေသည်။

❀ ▯ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

မိုး ဖုန်းကိုပိတ်လိုက်မိလေသည်။ အထင်ကရကြောင့် ...ပါပဲ။ ဖခင်ကို ဖွင့်ပြောပြီး မိုးနှင့် အဆင်ပြေစေရန် ကြိုးစား ...။ သူ့ အလွယ်တကူ အလျှော့ပေးမှာမဟုတ်။

"ဒီနေ့ညနေ့ခံပွဲမှာ ဦးမိုးဇေဝါတို့မိသားစု လာကြတယ်၊ ...မကေ ပြန်ပေါင်းဖို့ ကြိုးစားနေတယ် မိုး"

ဒီကိစ္စက ခပ်ပေါ့ပေါ့လေး စဉ်းစားလို့မဖြစ်ပါဘူးဟု မိုး ...နေလေသည်။ ကို့မိန်းမက ကို့ကို အလွယ်တကူ လက်လွှတ် ...လား။ မိုး ဘာလုပ်ရမလဲဟင်။ သမီးကရော မိုး တွေးရင်း ...တွေကျဉ်းကြပ်လာရသည်။ မေမေရယ် မိုး မှားနေပြီလား။



www.burmeseclassic.com

www.burmeseclassic.com



မွန်းလေ ဦးမိုးအေဝါကို ရွေးချယ်တာ ငွေကြေးကြောင့်တော့ မဟုတ်
ပါဘူးနော်။ မွန်းကို စတင်တွေ့ဆုံပြီး အကူအညီပေးခဲ့တာရော
အထီးကျန်ဆန်လွန်းနေလို့ သံယောဇဉ်တွယ်မိတာပါ။ မွန်း စိတ်
ကို့အပေါ်ပဲ မိုက်မဲစွာ ယိမ်းယိုင်နေတယ်။ မွန်း ဘယ်လို ဆုံးဖြတ်
မှာလဲ။ အထင်ဏရကိုပဲ ရွေးချယ်လိုက်ရမလားဟင်။

မေမေက ဖေဖေ့အပေါ် သစ္စာမဲ့ခဲ့တယ်။ အိမ်ရှင်မကောင်း
မပီသခဲ့ဘူး။ အချစ်လည်း မပေးခဲ့ဘူး။ လုပ်ချင်တာလုပ် နေ
သလိုနေခဲ့ပြီး ဖေဖေစိတ်ဒုက္ခတွေရောက်ပြီး နှလုံးရောဂါနဲ့ ကွယ်လွန်
သွားခဲ့ရတယ်လေ။ ဖေဖေကွယ်လွန်မှ မေမေက သမီးအနား
တာပါ။ ပြန်ပြီး စောင့်ရှောက်တာပါ။ ဒါတောင် အခု သမီး
မငဲ့ကွက်ဘဲ နောက်အိမ်ထောင်ပြုခဲ့တယ်မဟုတ်လား။

အဲဒါကြောင့်ပါ ကို့ကို မွန်း သနားကြင်နာနေမိတယ်
ဖေဖေနဲ့ နှိုင်းယှဉ်ပြီးတော့ပေါ့။ ဖေဖေ အထီးကျန်နေခဲ့တာ
အိမ်ထောင်ရေးသောကတွေနဲ့ အရက်သမားကြီးဖြစ်ခဲ့တာတွေ
မေ့ပစ်လို့မရခဲ့ဘူး။ ကို့ကိုလည်း မွန်း ကိုယ်ချင်းစာနာပြီး ဖေဖေ





ညီခဲ့ရတာပါ။ ပြီးတော့လည်း မွန်း နှလုံးသားထဲမှာ ကို့ကိုပဲ နှစ်သက်
မြတ်နိုးနေရတယ်လေ။

"မွန်း"

"ရှင်"

"ကော်ဖီသောက်မလားကွယ်၊ ဒေါ်ချို ဘာလုပ်ပေးရဦး
မလဲ"

မွန်း ဘဝအကြောင်း သိတော့ ဒေါ်ချိုက သနားနေလေ
သည်။ မေးမကူညီခဲ့၏။ နားလည်မှုအပြည့် ပေးခဲ့သည်။

"မွန်းလေး"

"ရှင်"

"ဟိုကောင်လေးက"

"ဒေါ်ချို"

"ပြောလေ"

"ကို့ကိုလက်ထပ်ဖို့ ဆုံးဖြတ်မိတာ မွန်းမှားနေလားဟင်"

"ဟိုကောင်လေးက မွန်းကို အရမ်းချစ်တဲ့ပုံပဲကွယ်၊ လူ



www.burmeseclassic.com

www.burmeseclassic.com



လှလွှတ်၊ မိဘကလည်း ချမ်းသာတယ်၊ သဘောလည်းတူတယ်ဆို တော့ ကလေးမ ရွေးချယ်သင့်တာပေါ့လေ၊ ဒါပေမယ့် မှုံးလေးရဲ့ နှလုံးသားက လက်ခံထားနိုင်တဲ့သူဆိုတော့"

"ဟုတ်တယ်…မှုံးလေ ကို့ကိုပဲ ချစ်နေမိတယ် မှုံး မှားနေတာပါ၊ ပြီးတော့ မှုံး ဘယ့်လိုပဲ စိတ်ကိုတင်းထားပါစေ မလုံဘူး၊ ကို့ကို မှုံး မရွေးချယ်သင့်ဘူးထင်တယ်"

"အင်းလေ… အခြေအနေကိုတော့ စောင့်ကြည့်သင့် တယ်ကွယ်၊ မောင်မိုးဒေဝါကလည်း သနားစရာပါပဲ"

ကော်ဖီဗန်းလေး ချထားခဲ့ပြီး ဒေါ်ချို ပြန်ထွက်သွားသည်။ မှုံး စိတ်တွေ ချောက်ချားနေရ၏။ မှုံးဘဝမှာ ပထမဆုံးချစ်သူ ယောကျာ်းလေးက ကိုပါပဲလေ။ မှုံး အချစ်ဦးပဲ။

"ဦးမိုးဒေဝါကို ရှင်ရွေးချယ်တာ ကျုပ်လက်မခံဘူးနော် မှုံး၊ ရှင်ဆုံးဖြတ်လိုက်ပြီဆိုရင်တော့ ကျုပ်နဲ့မပတ်သက်နဲ့"

ဝေနှင်းပြောတဲ့စကားတွေကို မှုံး ပြန်၍ကြားယောင်လာ လေသည်။ ဝေနှင်းရော ကျုပ်ကို မုန်းတီးနေတယ်။ ရှင် အချစ်ဆို





တာကို သိရဲ့လား၊ ခံစားဘူးရဲ့လား ကို့ကိုရွေးချယ်လိုက်တာ မှားတယ်လို့ ပြောရင် ရပေမယ့် ကျုပ်ကတော့ ကို့ကိုချစ်တယ်။

"အနိကယ်သားရဲ့ဆန္ဒက အနိကယ့်ဆန္ဒပါပဲ၊ မင်းတို့ အတ်ထပ်ပွဲကို တင့်တင့်တယ်တယ် စီစဉ်ပေးပါမယ်"

အထင်ကရရဲ့ ဖေဖေ့စကားတွေက မှုံးစိတ်တွေကို ပြောင်း လဲဝစ်နိုင်မှာ မဟုတ်ပါဘူး။

"ဖေဖေကံဆိုးတယ် သမီး၊ အိမ်ရှင်မမရှိသတဲ့ မိန်းမ တစ်ယောက်ကို လိုလားခဲ့တာ လက်ထပ်မိတာ မှားတာပဲ"

ဖေဖေ့ရဲ့ခံစားချက်တွေ ပွင့်အန်ထွက်လာတိုင်း မှုံး နာကျင် စွာ နားထောင်နေခဲ့ရလေသည်။ ကြေကွဲရင်း ဖေဖေ့ကို ဘယ်လို ချောင်းဖျအားပေးနှစ်သိမ့်မှုတွေ ပေးရမှန်းပင် မသိခဲ့။ အရက်တွေ အလွန်အကျွံသောက်ပြီး ဘဝပျက်ခဲ့သည်။ ကိုယ့်ကို မှုံး ရွေးချယ် ဆိုတ်မိတာ ဖေဖေ့ဘဝနဲ့ တူလွန်းနေတာ ဘယ်သူမှမသိကြပေ။

မှုံး အိပ်ရာကနိုးတော့ ကိုက ရောက်နေလေသည်။ အလှ အပြင်ပြီး မနက်စာ သွားစားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကို"

"ဟင်"

"သမီးလေးနဲ့ ဆုံပေးမယ်ဆို"

"မှုံ့အကြောင်းတွေ ကိုယ် မပြောပြရသေးဘူးလေ ဖြည်းဖြည်းပေါ့ ကွာနော်"

မှုံ့က သမီးလေးရောဟု မေးလိုက်သဖြင့် မိုးအေ နည်းနည်းတော့ တုန်လှုပ်သွားရလေသည်။ အိမ်မှာ အဆင်မပြေ မေမေက သော်တာနဲ့ပဲ ပြန်ပေါင်းစေချင်နေ၏။ သမီးကလည်း အမေမှ အမေ။

"မင်းက ကိုယ့်ထက်ငယ်တဲ့ မိန်းကလေးကို လက်ထပ် ပြီး မင်းအသိုင်းအဝိုင်းမှာ တိုးဝင်ရဲလို့လား၊ သော်တာက လိမ္မာ တော့မယ်လို့ပြောနေပြီပဲ၊ အဲဒါပဲ ပြန်စဉ်းစား"

မေမေတို့ထင်နေသလို မှုံ့က စည်းစိမ်ဥစ္စာတွေကြောင့် မဟုတ်ပါဘူး။ ဘယ်လိုရှင်းပြရမလဲ။ သူကတော့ မှုံ့ကိုပဲ ချစ်မြတ် နိုးမိသည်။ လက်ထပ်ဖို့ ကြိုးစားရမယ်။





"ကို"

"ဟင်"

"မှုံ့ကို လက်ထပ်မှာလားဟင်"

"လက်ထပ်မှာပေါ့၊ လောလောဆယ် ကိုယ့်မှာ အခက် အခဲနည်းနည်းရှိလို့ပါ"

"မှုံ့ စိတ်ပူတယ်၊ ရင်ထဲမှာ လေးနေသလိုပဲ၊ မှုံ့တို့ နောက်ဆုတ်ကြရင် ကောင်းမလားပဲ"

"မှုံ့ မင်းဘာတွေပြောနေတာလဲ၊ ဘာမှ စိတ်ပူစရာမရှိပါ ဘူး၊ ကိုယ်ကတော့ မှုံ့ကလွဲပြီး ဘယ်သူ့မှ လက်မထပ်ဘူး၊ မှုံ့က အားလုံးကို ရင်ဆိုင်ပြီး ကိုယ့်ကို ပြုစုယုယမယ်ဆို"

မှုံ့လက်လေးကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး ကိုက တယု တယလေး ပြောနေတော့ မှုံ့ စိတ်သက်သာသွားရလေသည်။ မှုံ့ နောက်ဆုတ်ချင်တယ်။ ကိုနဲ့ကင်းအောင် နေပစ်ချင်တယ်။

"မှုံ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှစိတ်မပူနဲ့၊ ကိုယ့်အနားကနေ ထွက်သွားဖို့တော့ ဘယ်လိုနည်းနဲ့မှ မကြိုးစားနဲ့နော်"

မွှံး လက်လေးအား ဆုပ်ကိုင်ဖျစ်ညှစ်ပြီး ပြောလေသည်။ သီးသန့်အခန်းထဲမှာဖြစ်၍ မွှံးနဲ့ကိုပဲ ရှိနေ၏။ ကို့အကြည့်တွေက မွှံး မျက်နှာလေးဆီ စူးနစ်စွာကြည့်နေ၏။

"မွှံး...မင်းက ကိုယ်ချစ်မြတ်နိုးရတဲ့ မိန်းကလေးပဲ၊ မင်းကို ဘယ်လိုနည်းနဲ့မှ ကိုယ် အဆုံးရှုံးမခံနိုင်ဘူး၊ ကိုယ် မင်းကို ပိုင်ဆိုင်မှဖြစ်မယ်"

သူ့လက်တွေက မွှံး ကိုယ်လုံးလေးအား ရစ်ပတ်သိုင်းလိုက်ပြီး ရင်ခွင်ထဲမှာ အပ်ထားမိလေသည်။ မွှံးရယ် မင်းကိုယ့်ရင်ခွင်ထဲကနေ ထွက်မသွားပါနဲ့ကွာ။ ကိုယ်အဆုံးရှုံးမခံနိုင်လို့ပါ။ မွှံး မျက်နှာလေးအား နမ်းရှိုက်မိလေသည်။ လွတ်ထွက်မသွားစေရန် သူ့လက်တွေက ခပ်တင်းတင်းလေး ဖက်ထားလိုက်သည်။

"မွှံး ကြောက်တယ်၊ အရှက်တကွဲဖြစ်မှာလေ၊ ကို့မေမေနဲ့ တွေ့ပေးပါ၊ မွှံးက ကို့ကို စည်းစိမ်ဥစ္စာတွေကြောင့် မဟုတ်ပါ





ဘူးလို့ နှလုံးသားထဲက စူးနစ်တဲ့အချစ်တွေနဲ့ ချစ်မိသွားတာပါလို့"

မွှံး နှုတ်ခမ်းသားလေးကို သူ့နှုတ်ခမ်းသားလေးတွေနှင့် ထိကပ်ပိတ်ထားလိုက်လေသည်။ မွှံးရဲ့ စိုးရိမ်ကြောင့်ကြသံလေးကို မကြားလို၍ဖြစ်၏။ မင်းက ချစ်တတ်တဲ့ ကောင်မလေးပဲ။ ရိုးသားဖြူစင်ပါတယ်။ ကိုယ် အသိဆုံးပါပဲ မွှံးရယ်။

"မွှံးစိတ်တွေ မလုံဘူး၊ လူကြီးမိဘတွေ သဘောတူမှ မွှံး စိတ်လုံမှာပါ၊ မွှံးကို အားမနာပါနဲ့နော်၊ နောက်ဆုတ်ဝါဆိုရင်လည်း မွှံး နောက်ဆုတ်လိုက်ပါ့မယ်"

"မွှံး"

ကိုယ် မစွန့်လွှတ်နိုင်ဘူး။ မင်းကို အရမ်းချစ်တယ်။

"ကိုရယ်...ကျွန်မကို လွှတ်ပါဦးနော်၊ မွန်းကြပ်လာလို့ပါ"

မျက်ဝန်းတောက်တောက်လေးတွေက စိုလဲ့နေ၏။ နှုတ်ခမ်းနီမဆိုးတတ်တဲ့ မွှံးရဲ့ သဘာဝနှုတ်ခမ်းသားလေးကဖန်းသွေးရောင်သမ်းနေ၏။ မင်းအရမ်းလှတာပဲ မွှံး။



www.burmeseclassic.com

www.burmeseclassic.com



"မိုး"

"ဟင်"

"ထ…ကိုယ်တို့သွားကြမယ်၊ မိုး ကားမောင်းသင်ရမယ်နော်၊ ကိုယ်ကားတစ်စီး ဝယ်ပေးမလို့လေ"

"ဟို…မိုး မလိုချင်ပါဘူး မလိုအပ်ပါဘူး ကို၊ မိုး မလိုချင်ဘူး၊ တိုက်ခန်းနဲ့ဖုန်းတောင် လိုအပ်နေလို့ပါ၊ ကားမလိုချင်ဘူး"

ကိုက ကားဝယ်ပေးမယ်ဆိုလိုက်သဖြင့် မိုး ကပျာကယာ ငြင်းဆန်ပစ်လိုက်မိလေသည်။

"မိုးတို့ လက်မထပ်ရသေးဘဲ ကို့ဆီက တန်ဖိုးကြီးကြီးမားမားတွေ လက်မခံပါရစေနဲ့"

မိုး အိုက်တင်ခံတာမဟုတ်ပါဘူးနော်။ တကယ်ပဲ လက်မခံနိုင်လို့ပါ။ ကို့ဆီက ဘာမှထပ်မလိုချင်တော့ပါဘူး။ လက်မခံပါရစေနဲ့။

"မိုးက ကိုယ်နဲ့လက်ထပ်ခွင့်ပဲ လိုအပ်တာပါ၊ ကိုယ့်





အနားမှာ အိမ်ရှင်မတစ်ယောက်အနေနဲ့ပဲ ပြုစုပေးချင်တာပါ"

"မိုးဆန္ဒတွေ ပြည့်ဝတော့မှာပါ၊ ကိုယ်ကြိုးစားနေတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် မိုးကို လက်ထပ်မယ်"

"သမီးက လက်ခံပါ့မလား၊ မိုးက အရမ်းငယ်နေမလားဲ"

"လက်ခံမှာပါ၊ သမီးမှာ သူ့အမေရှိတာပဲ၊ မိုး ဘာမှမစူးစိုက်ပါနဲ့ကွာ၊ ကိုယ် ဆုံးဖြတ်ပြီးသားပါ"

မနက်စာ စားသောက်ပြီး သီးသန့်အခန်းလေးထဲမှ ထွက်လာချိန်တွင် သော်တာနှင့် တိုးလေသည်။ ဆုပ်ကိုင်ထားတဲ့ မိုး လက်လေးကို အထိတ်တလန့် လွှတ်လိုက်၏။

"ကို ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ပါဘူး၊ မိုး သွားကြမယ်"

မတတ်နိုင်တော့၊ မိုးနှင့်အတူပဲ ကားမောင်းထွက်လာခဲ့လေသည်။ သော်တာအကြည့်တွေက သူ့ကားဆီ သမင်လည်ပြန် လိုက်ကြည့်နေ၏။ မင်းဘာဖြစ်လို့ တုန်လှုပ်နေရတာလဲ မိုးဒေဝါ၊ ဒီမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တရားဝင်ကွာရှင်းပြတ်စဲပြီးသားပဲ။ ဘက်ကြည့်မှန်ထဲမှ သော်တာ့ကားလေး လိုက်လာတာ တွေ့နေရလေသည်။



## အခန်း (၁၇)

"မောင်က သော်တာကို ပြန်ပြီးမပေါင်းနိုင်တဲ့အကြောင်းက ဒီကောင်မလေးကြောင့်လား"

"ဟုတ်တယ် သော်တာ၊ မင်းကို အပြတ်သားဆုံးပြောမယ်၊ ကိုယ် ဒီမိန်းကလေးနဲ့ လက်ထပ်မှာ၊ ကိုယ့် ချစ်မြတ်နိုးတဲ့ မိန်းကလေးပဲ၊ မင်းသဘောဆန္ဒအရ မင်းလိုအပ်တာတွေ ပေးပြီး မင်းနဲ့ တရားဝင်ကွာရှင်းခဲ့တာနော်"

သော်တာ အံကြိတ်ထားမိလေသည်။ အဖြစ်အပျက်တွေ အားလုံး သော်တာ့ဘက်မှ မှားယွင်းခဲ့တာပါ။ ဒါပေမယ့် သော်တာ ကတော့ မောင်နဲ့ ပြန်ပေါင်းထုတ်ဖို့ ကြိုးပမ်းရမှာပဲလေ။ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com

လက်ထဲမှ အပါမခံနိုင်ပါဘူး။ မောင့်လို အဘက်ဘက်ကနေ ပြောစရာမရှိအောင် ပြည့်စုံနေတဲ့ယောကျ်ားကို သော်တာ လက်လွှတ်ခံရမလား။

"သော်တာ"

"မောင်"

"ကိုယ်တောင်းပန်ပါတယ်၊ ကိုယ်တို့ကို မနှောင့်ယှက်ပါနဲ့၊ အခု ကိုယ်လက်ထပ်မယ့် မိန်းကလေးက အိမ်ရှင်မပီသတယ်၊ ကိုယ့်ကိုလည်း ချစ်ခင်မြတ်နိုးတယ်၊ သမီးအတွက်လည်း သင့်တော်တယ်"

"မောင့်ထက်ငယ်တယ်လေ၊ ပြီးတော့ အရမ်းချောတယ်၊ မောင် စဉ်းစားပါဦး၊ အသက်အရွယ်ကြီးတဲ့ ယောကျ်ားတစ်ယောက်ကို ဒီကောင်မလေးက နှလုံးသားနဲ့ ချစ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ သမီးနဲ့လည်း မသင့်မြတ်နိုင်ဘူး၊ မောင် စဉ်းစားပါဦး၊ သော်တာ တောင်းပန်နေပြီပဲ၊ နောက်ထပ် မမှားစေရပါဘူး၊ မောင့်စိတ်ဆန္ဒတွေအတိုင်းပဲ နေမှာပါ"





ရှင်ဒီလိုလုပ်လို့ မရဘူးနော် မိုးဒေဝါ။ သော်တာဆိုတဲ့ မေက ရှင့်ကို အလွယ်တကူနဲ့ မစွန့်လွှတ်နိုင်ဘူး။ ဒီလောက်ရုပ်ချောပြီး စည်းစိမ်ချမ်းသာတွေနဲ့ ပြည့်စုံနေတဲ့ ယောကျ်ားတစ်ယောက်ကို သော်တာ အရပြန်ယူရမှာပဲ။

ချယ်မှုံးထင်တဲ့ ညည်းက ဘာကောင်မလဲ။ ကျုပ်ယောကျ်ားကို ဘယ်လို ဖျားယောင်းသွေးဆောင်ထားလဲ။ ကျုပ်ကို ဘာကျောလို့ ရမယ်မထင်နဲ့နော်။

"သော်တာကို ခွင့်လွှတ်ပါနော်၊ သမီးအတွက်ပဲ၊ ...ခင့်အတွက် အိမ်ရှင်မပီသချင်သလို သမီးရဲ့မိခင်အဖြစ်လည်း ...သော်တာ ပြုစုယုယပေးပါရစေ"

မောင်က ဒီကောင်မလေး ချောချောကိုပဲ ချစ်နေပြီဆိုတာ ...သော်တာရိပ်မိလိုက်သည်။ ရင်ထဲမှာ မနာလိုဝန်တိုစွာဖြင့် ဒေါသ ...ဒွ ပေါက်ကွဲချင်နေ၏။

"မောင့် ညနေစာကို သော်တာ ပြင်ဆင်ပေးမယ်နော်၊ ...ရလည်း နေလို့သိပ်မကောင်းဘူး၊ သော်တာ ပြုစုရမယ်၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှက်နှာလေးနွမ်းနေတယ်၊ သော်တာ နေဦးမှဖြစ်မှာပါလေ"

"မင်းသွားပါ သော်တာ၊ ကိုယ်နဲ့ပတ်သက်တာတွေ မင်း ခေါင်းထဲက ထုတ်ပစ်လိုက်တော့၊ မင်းကိုတော့ ကိုယ့်ဇနီးအဖြစ် ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်တော့ဘူး"

"မင်းတစ်ယောက်တည်း လက်မခံလို့မဖြစ်ဘူးနော် မိုးဒေ ဝါ၊ ငါနဲ့မြေး ရှိသေးတယ်၊ ဟိုကောင်မလေးနဲ့တော့ လုံးဝလက်ခံ နိုင်ဘူး၊ သော်တာမပြန်နဲ့တော့၊ မေမေလည်း နေမကောင်းဘူး မြေးကိုလည်း စောင့်ရှောက်ရမယ်၊ အဖေက ရက်စက်တော့မယ် လေ"

မေမေ ရောက်လာ၍ သူစိတ်ညစ်သွားရလေသည်။ သော်တာနှင့်ပဲ အဆင်ပြေစေချင်နေ၏။

"မိုးကို မေမေတွေ့ကြည့်ပါဦး၊ မေမေ အရမ်းချစ်သွားမှာ ပါ"

"မချစ်ပါဘူး၊ မင်းရဲ့အထောက်အပံ့တွေကို လက်ခံပြီး နေတာ မဖြူစင်နိုင်ဘူး၊ မင်းသမီးအတွက် မင်း မစဉ်းစားတော့ဘူး





လား မိုးဒေဝါ၊ မင်းရက်စက်တော့မှာလား၊ မရဘူး မိသားစုပြန် ပေါင်းဆုံဖို့ပဲ ကြိုးစား၊ ဒါမှမဟုတ် မင်းက ဒီကောင်မလေးကိုပဲ လက်ထပ်မယ်ဆိုရင်တော့ မင်းကုမ္ပဏီရော၊ သမီးကိုရော ငါ့ကို ရော စွန့်လွှတ်ပါ၊ ဒါပဲ"

မေမေရော သော်တာပါ ပြန်ထွက်သွားတော့ သူ တစ်ယောက်တည်း စိတ်ညစ်ပြီး ကျန်ခဲ့ရသည်။ သော်တာ လိမ္မာ ပြနေ၍ မေမေက အဟုတ်ထင်နေ၏။ သမီးကလည်း သူ့ကို ကြောက်ရွံ့တုန်လှုပ်နေသလို စိမ်းသွား၏။

မိုးကိုတော့ သူ စွန့်လွှတ်ဖို့ မဖြစ်နိုင်ပေ။ မိုးဘက်မှ နေ့သားဖြူစင်မှုတွေကို သူအသိဆုံးပင်ဖြစ်သည်။ မိုးကိုတော့ ကိုယ် မစွန့်လွှတ်နိုင်ဘူးကွာ။ ကိုယ်ဘာဆက်လုပ်ရမလဲ သော်တာနဲ့တော့ ပြန်ပေါင်းနိုင်ဘူး။ သူ စိတ်ရှုပ်ထွေးစွာ ထိုင်နေမိလေသည်။

မိုးဆီ ဖုန်းဆက်ရမလား။ သွားတွေ့ရမလား။ မေမေက သော်တာ့ကိုပဲ သံယောဇဉ်ရှိသူပါ။ မိုးရယ် ကိုယ်ဘာလုပ်ရမလဲ။

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ညစာစားကြရအောင်နော်"

"ကိုယ်မစားဘူး"

"သမီးလေးစောင့်နေတယ်"

"သော်တာ မင်းဘာဖြစ်လို့ ကိုယ့်ကို သမီးနဲ့ကိုင်ပေါ
နေရတာလဲ၊ ကိုယ် မင်းနဲ့ ဘယ်လိုနည်းနဲ့မှ ပြန်ပြီးမပေါင်းနိုင်
အဲဒါ ကိုယ့်ဆုံးဖြတ်ချက်ပဲ"

"ရှင် ဒီလိုတစ်ဖက်သတ် ဆုံးဖြတ်ချက်ချလို့ မရဘူး
ကိုမိုးဒေဝါ၊ မေမေနဲ့ သမီးလေးက ရှိသေးတယ်လေ၊ အဟက်
သော်တာက သမီးအတွက်ပါ"

"တောက်"

"ချယ်မှုံးထင်ဆိုတဲ့ ကောင်မလေးက အရမ်းချော
ကိုး၊ ရှင် စွဲလမ်းနှစ်သက်နေမှာပဲပေါ့၊ ရှင့်ကောင်မလေး
လောက်ပဲရှိးသားပါစေ ပတ်ဝန်းကျင်မှာတော့ ပိုင်းလုံးမတစ်ယော
လို့ပဲ ဖြစ်မှာနော်"





"သော်တာ မင်း ထွက်သွားစမ်း"

"အဟက်…ရှင့်ကို စဉ်းစားဖို့ပြောပြတာပါ၊ အခုတောင်
ရှင် ဒီကောင်မလေးကို ရှင်လက်ထပ်မယ့် မိန်းကလေးပါလို့ ရှင့်
အသိုင်းအဝိုင်းမှာ ပြရဲလို့လား"

မိုးကို သူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲ ပေါ်ပေါ်တင်တင်
ထုတ်ပြဖို့ သူ အခုထိ တွန့်ဆုတ်နေဆဲပင် ဖြစ်နေသေးသည်။

မေမေနှင့်သမီးကတောင် လက်မခံသေးဘူး။ အခုတလော
မေမေ့ အရှိန်အဝါနှင့် သူ့ညည်ခံပွဲတွေကို သော်တာပါ လိုက်တက်နေ
၏။ သူ့အသိုင်းအဝိုင်းတွေက သော်တာနှင့်ပဲ ပြန်ပေါင်းထုတ်မယ်
လို့ ထင်ထားကြလေသည်။

"ပတ်ဝန်းကျင်က လက်ခံရင်တောင် မေမေနဲ့သမီးက
လုံးဝလက်ခံမှာမဟုတ်ဘူးနော်၊ ဖြစ်သင့်တာကိုပဲ စဉ်းစားစမ်းပါ
အောင်ရယ်၊ ကဲ လာပါ မိသားစုထမင်းလက်ဆုံစားကြရအောင်ပါ၊
မေမေ ခေါ်နိုင်းတာနော်"

သူ ထလာခဲ့ရလေသည်။ မလွဲသာမရှောင်သာသော



www.burmeseclassic.com

www.burmeseclassic.com



ထမင်းပွဲရောက်တော့ မေမေနှင့် သမီးက စောင့်နေ၏။ သမီးအနား ဝင်ထိုင်တော့ သမီးကိုယ်လေး ကျုံ့သွားသည်။ ဖေဖေ့ကို ကြောက်နေတာလား သမီးလေးရယ်။

"သမီး"

သမီးမျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေ ပြည့်နေတော့ သူ စိတ်မကောင်းဖြစ်ရသည်။

"ထမင်းစားပြီးရင် ဒက်ဒီနဲ့ ကာတွန်းကားကြည့်မလား ဟင်"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"မေမေနဲ့ကြည့်မလို့ သမီးအနားမှာ မာမီရှိနေတာကိုပဲ ကြိုက်တယ်၊ မာမီနဲ့ပဲ ကြည့်မယ်"

သူ့ရင်ထဲမှာ မွန်းကြပ်သွားရလေသည်။ သမီးကိုလည်း သော်တာ စည်းရုံးသိမ်းသွင်းထား၏။ မေမေပါ သော်တာ့ဘက်မှာ ဖြစ်နေ၏။ သူဘာဖြစ်လို့များ အိမ်ထောင်ရေးကံခေနေရတာလဲ





အိမ်ထောင်ရေးဖောက်ပြန်ခဲ့တဲ့ မိန်းတစ်ယောက်နဲ့ သူပြန်ပေါင်းရ တော့မှာလား။

"မြေးလေး...ဘွားဘွားရော ဒက်ဒီရော မာမီရော အတူတူ ကာတွန်းကားကြည့်ကြမယ်၊ ကြောင်နဲ့ကြွက်လေ၊ မကောင်းဘူး လား"

"ကောင်းတယ်...အရမ်းကောင်းတာပဲ၊ သမီးက မိသားစုကြည့်ချင်တာပါ နော် ဒက်ဒီ"

"အေးပါကွယ်...သမီးလေးသဘောပါပဲလေ"

မတတ်နိုင်တော့ သမီးဆန္ဒတွေအတိုင်းပဲ လိုက်လျော လိုက်ရလေသည်။ နောက်မှ သမီးကို ဖျောင်းဖျနားသွင်းရမယ်။ မှုံနဲ့ ကိုယ့်ကြားမှာ ဘယ်လိုအတားအဆီးတွေပဲ ရှိရှိ ကိုယ်ကျော် လွှားမယ်။ လက်ထပ်ကြမယ်။

သူ့ဟမ်းဖုန်းမှ အသံလေး မြည်လာသဖြင့် ဖွင့်ကြည့်လိုက် တော့ မှုံး ဖြစ်နေလေသည်။ သူ အပြင်ထွက်ပြီး စကားပြောရ၏။

"ကို"



www.burmeseclassic.com

www.burmeseclassic.com



"မှူး"

"ကိုကိုပြောစရာရှိနေလို့ အခုပဲ မှူးဆီကို လာခဲ့ပါလား ဟင်"

"ကောင်းပြီလေ…ကိုယ်လာခဲ့မယ်၊ မှူး ဘာကိစ္စရှိလို့လဲ ပြောစရာစကားက အရေးကြီးလို့လား"

"အင်း"

"အိုကေ…ကိုယ်အခုပဲလာခဲ့မယ်"

ဖုန်းပိတ်ပြီး အပြင်ထွက်ဖို့ ပြင်လိုက်စဉ် မေမေက တားဆီးပိတ်ကာရပ်နေသည်။

"မင်းမသွားရဘူး မိုးဒေဝါ"

"မေမေ"

"မိသားစုစည်းစည်းလုံးလုံး ရှိနေတဲ့အချိန်မှာ မင်းထွက်သွားဖို့မသင့်ဘူး"

"ခဏလေးပါ မေမေ၊ သားပြန်လာမှာပါ"

"မသွားရဘူး"





"မေမေ"

သမီးကလည်း ပြေးထွက်လာပြီး သူ့လက်ကိုဆွဲကာ အခန်းထဲပြန်ခေါ်နေလေသည်။ သော်တာ မင်းစနက်တွေ မဟုတ်လား။ သမီးကို မင်းသွေးထိုးပေးနေတာပဲ။

"ဒက်ဒီ ဘယ်မှမသွားရဘူး၊ သမီးအနားမှာပဲနေပါနော်၊ ဟိုမိထွေးဆီ မသွားပါနဲ့"

"ဘာ…ဘာပြောတယ် သမီး"

"သမီး မိထွေးမလိုချင်ဘူး၊ မိထွေးဆီ ဒက်ဒီမသွားပါနဲ့"

"သမီး"

"အီး…ဟီး…ဟီး"

မှူး သူ့ကိုစောင့်နေတော့မှာပဲဖြစ်သည်။ မှူး ဘာတွေဖြစ်နေရလဲ၊ အရေးကြီးတဲ့စကားတွေ ပြောမှာဆိုတော့ ဘာတွေလဲ။ သမီးငိုသံတွေက သူ့နှလုံးသားတွေကို ဖျစ်ညှစ်ဆုပ်ကိုင်ထားသလို မွန်းကြပ်နာကျင်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမသွားရဘူး၊ ငါ့မြေး စိတ်ဆင်းရဲအောင် မင်းမလုပ်ပါနဲ့၊ သော်တာနဲ့ ပြန်မပေါင်းချင်ရင်တောင် မင်းနဲ့ သက်တူရွယ်တူ အရည်အချင်းပြည့်ဝတဲ့ မိန်းကလေးတစ်ယောက်ကိုပဲ စဉ်းစားပါ၊ မေမေ ဒီလောက်တောင်းပန်နေတာတောင် မင်းသွားမယ်ဆိုရင် မင်းလုံးဝပြန်မလာပါနဲ့တော့"

"အီး...ဟီး...ဟီး..ဒက်ဒီမသွားရဘူး"

သူ့စိတ်ကို ဒုံးဒုံးချပြီး အခန်းထဲ ပြန်ဝင်လာခဲ့လေသည်။ မှုံးကတော့ သူ့ကိုစောင့်နေမှာပဲ၊ မတတ်နိုင်ဘူး မှုံးရေ၊ ကိုယ်က မေမေ့စကားကိုပဲ အမြဲတမ်း မြေဝယ်မကျနားထောင်တတ်တဲ့ သူပါ။ သားလိမ္မာပါ၊ သမီးလေးလည်း အရမ်းငိုကျွေးနေပြီ။ မိတွေးဆိုတဲ့ စကားလုံးကို သော်တာပဲ သမီးလေးအသိတွေဆီ ထည့်သွင်းပေးလိုက်တာပဲ။ မင်း တော်တော်ယုတ်မာကောက်ကျစ်တဲ့ မိန်းမပဲ သော်တာ။ သူ စိတ်ရှုပ်ထွေးညစ်ညူးစွာဖြင့် အရက်တွေပဲ သောက်နေမိလေသည်။

❦ ❦



## အခန်း (၁၈)

ကိုဘာဖြစ်လို့များ မလာရတာလဲ။ မှုံး ဖုန်းထပ်ဆက်တော့ ဖုန်းကပိတ်ထားလေသည်။ မှုံးဆီကို ဘာဖြစ်လို့များ မလာရတာလဲ။ ကိုကို မှုံး စွန့်လွှတ်တော့မယ့်အကြောင်း ပြောမလို့ပါပဲ။ မနက်အထိ ကိုဆီမှ ဘာအဆက်အသွယ်မှ မရခဲ့။

မှုံး စိတ်မသက်မသာနှင့် ကုမ္ပဏီကို ထွက်လာခဲ့လေသည်။ မှုံး မှားနေပြီ။ ဦးမိုးဒေဝါအပေါ် စိတ်တိမ်းညွှတ်သွားတာကို က မှုံးရဲ့မှားယွင်းမှုပဲ။ မှုံးနှလုံးသားတွေက ဦးမိုးဒေဝါအပေါ် ဖေဖေနှင့် နှိုင်းယှဉ်ပြီး ချစ်မိသွားရသည်။

"မှုံး...ဦးမိုးဒေဝါနဲ့ အန်တီသော်တာက ပြန်ပေါင်းတော့



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ကြိုးစားနေကြတာ၊ မင်းအရက်ကွဲလိမ့်မယ်''

အထင်ကရရော မှုံးကို နာကြည်းရွံရှာသွားပြီလား။ ဦးမိုးဒေဝါလို လူတစ်ယောက်ကို မှုံး ရွေးချယ်ခဲ့တာ။ ဘယ်သူက မှုံးရဲ့ သန့်ရှင်းစင်ကြယ်မှုတွေအပေါ် လက်ခံယုံကြည်မှာတဲ့လဲ။ အတွေးတွေ ရှုပ်ထွေးစွာဖြင့် မှုံး ခြေလှမ်းတွေက နှေးကွေးနေလေသည်။

''မှုံး မင်းကိုတွေ့ချင်လို့ ဧည့်သည်တစ်ယောက် ရောက်နေတယ်''

သူမစားပွဲမှာ အမျိုးသမီးချောချောတစ်ယောက် ထိုင်နေလေသည်။ အသေအချာကြည့်တော့ မှုံး အသိထဲကမဟုတ်။ စိတ်ထဲမှာတော့ ထိတ်ခနဲဖြစ်သွားရ၏။ ဦးမိုးဒေဝါရဲ့ ဇနီးများလား။

''ဟို…ကျွန်မ ချယ်မှုံးထင်ပါ မမက''

''ငါကတော့ ဦးမိုးဒေဝါရဲ့ ဇနီးသော်တာပဲ''

''ရှင်''

''ဪ…ညည်းလေးက အရမ်းချောတာပဲကိုး၊ ငါ့





ယောကျ်ား လူရိုးလူအေးကြီးကို မြူဆွယ်ဖြားယောင်းထားနိုင်မှာပေါ့လေ''

''ရှင်…ဟို…ဟို…ကျွန်မ…ကျွန်မ''

''ငါ့ယောကျ်ားကို ညည်း ဘာသဘောနဲ့ မြူဆွယ်ထားရတာလဲ၊ အခု ညည်းကို တိုက်ခန်းတစ်ခန်းနဲ့ ဟမ်းဖုန်းအောင်ထောက်ပံ့ပေးကမ်းထားတယ်ဆို''

''ဟို…ဟို''

မှုံး ဘယ်လိုဖြေရှင်းရမှန်းပင် မသိတော့လောက်အောင် ရှုပ်ထွေးသွားရသည်။ အန်တီသော်တာက ကြမ်းတယ်ဆိုတဲ့ အထင်ကရရဲ့ သတိပေးတာကို ပြန်၍ကြားယောင်ကာ ထိတ်လန့်တုန်လှုပ်သွားရ၏။ အသံကျယ်ကျယ်နှင့် ဖြစ်၍ ဝန်ထမ်းတွေရဲ့ အကြည့်တွေက မှုံးဆီ စုပြုံကျရောက်လာတော့သည်။

''ညည်းမှာ သက်တူရွယ်တူ ကြိုက်မယ့်သူရော မရှိလို့လား၊ ငါ့ယောကျ်ားမှာ သမီးလေးရှိသေးတယ်၊ သမီးက မိထွေးဆို လုံးဝလက်မခံဘူး၊ မောင့်မေမေကလည်း ညည်းကို လက်မခံ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငါ့ကိုလာပြောခိုင်းတာလေ"

မောင် စွဲမက်မယ်ဆိုရင်လည်း စွဲမက်ဖွယ်ကောင်းလောက်အောင် ချယ်မှုံးထင်က လှပချောမောလွန်းနေလေသည်။ သော်တာမနောလိုဝန့်တိုလာရ၏။ ဒီမိန်းကလေးနှင့် ယှဉ်ပြိုင်ပြီး မောင့်ကိုလုဖို့ဆိုတာ မလွယ်ပေ။ ဒါကြောင့်လည်း ကောင်မလေးဘက်က အရုက်တကွဲ ဖြစ်ပြီး နောက်ဆုတ်သွားအောင် လုပ်ပစ်ရမည်ဖြစ်သည်။

"ချယ်မှုံးထင်"

"ရှင်"

"ညည်းတိုက်ခန်းနဲ့ ဟမ်းဖုန်းနဲ့ပဲ ကျေနပ်ပါတော့အေ။ သူများယောကျ်ားကို မမြူဆွယ်ပါနဲ့"

"ကျွန်မ…ကျွန်မ"

"ညည်းကို နောက်ဆုံးသတိပေးတာနော် ချယ်မှုံးထင်၊ ငါ့ယောကျ်ားနဲ့ မပတ်သက်ပါနဲ့၊ ညည်းမှာ ယောကျ်ားဒီလောက်ရှားရလားအေ့"

မှုံး ရှက်လို့သေရပါတော့မယ်။ ဒေါ်သော်တာ့စကားလုံး





တွေက မှုံးရဲ့ ကိုယ်ကျင့်သိက္ခာတွေအားလုံး အဖတ်ဆယ်လို့မရအောင် ပုတ်ခတ်ပြောဆိုနေတော့သည်။

ဆောက်တည်ရာမရအောင် ထူပူပြီး မှုံး အပြင်သို့ ပြေးထွက်လာခဲ့မိလေသည်။ အပြင်ရောက်တော့ မှုံး ဘယ်တိုသတ်သွားရမှန်းမသိအောင် ယောင်ချာချာဖြစ်နေရ၏။

"အရှက်မရှိတဲ့မိန်းမ၊ သူများမိသားစုကို ဖြိုခွဲချင်တယ်၊ ငါ့ယောကျ်ားကို အမိဖမ်းတယ်"

ဒေါ်သော်တာ့ အသံတွေက သူမပြေးထွက်သွားရာနောက်သို့ ကပ်ပါလာရသည်။ မှုံးတစ်ကိုယ်လုံး ထူပူပြီး အသိမဲ့သလိုဖြစ်နေ၏။ ယောင်ချာချာနှင့် လမ်းမပေါ်မှာ ရပ်နေမိသည်။

"မှုံး …လာ ကားပေါ်တက်"

"ဟင်"

"လာ"

သူမလက်ကိုဆွဲပြီး ကားပေါ်ထိုင်လိုက်စေတော့မှ အသိဝင်လာကာ မော့ကြည့်လိုက်သည်။ အထင်ကရ။



www.burmeseclassic.com

www.burmeseclassic.com



"မှုံး"

"ဟင်"

"မင်းဘာဖြစ်လာတာလဲ၊ ကုမ္ပဏီမှာ ဘာဖြစ်လို့လဲ"

အမြဲတမ်း စိုးရိမ်ပူပန်နေလေ့ရှိသော အထင်က

မြင်လိုက်ရတော့ မှုံး အားတက်သွားရသည်။

"ကားကို ဒီနေရာနဲ့ အဝေးဆုံးရောက်အောင် မောင်း

ပါ အထင်ကရ၊ မှုံးကို အကာအကွယ်ပေးစမ်းပါ၊ မှုံး ရပ်တည်

မရတော့လို့ပါ"

မှုံး ပါးပြင်လေးပေါ်သို့ မျက်ရည်တွေ တစ်ပေါက်ပေါ

လိမ့်ဆင်းကျလာရသည်။ သူမ နှုတ်ခမ်းသားတွေ တဆတ်ဆ

တုန်နေ၏။ ဒီလောက်ရက်စရာကောင်းလွန်းသော အဖြစ်အပျက်

မှုံး ရူးသွပ်သွားတော့မတတ် တုန်လှုပ်နေရ၏။

"မှုံး"

"ဟင်"

"ဘာမှအားမငယ်ပါနဲ့၊ တို့ရှိပါတယ်၊ မှုံးကို ကာကွ





အောင့်ရှောက်ပေးမှာပါ"

ကားကို အရှိန်မြှင့်ပြီး မောင်းပေးနေမိသည်။ မှုံး တစ်နေ့

ဒီလိုဖြစ်မယ်ဆိုတာ ကိုယ်သိတယ်၊ အန်တီသော်တာ ပြဿနာလာ

ရှာတာ မဟုတ်လား။ မှုံး မျက်နှာလေးက တုန်လှုပ်ချောက်ချားနေ

ဖြစ်သည်။

မြို့ပြင်ရောက်တော့ လမ်းဘေးတစ်နေရာတွင် ကားကို

ရပ်လိုက်သည်။ မှုံး ပါးပြင်လေးပေါ်မှာ မျက်ရည်တွေ စိုရွဲ

ကျနေ၏။ ပါးပြင်လေးက ပန်းသွေးရောင်ထနေသည်။

"မှုံး မင်းငိုပါ၊ အားရအောင် ငိုလိုက်ပါ၊ တို့ ကြိုတင်

တိပေးထားတာပဲကွာ၊ အန်တီသော်တာ ဘာတွေလာပြောလဲ"

မှုံး ခေါင်းလေးငုံ့ပြီး ကြေကွဲနေဆဲပင် ဖြစ်သည်။ ဦးမိုး

ခေါ်ကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ထားပြီးပါပြီလေ။

"အန်ကယ်မိုးဒေဝါကို တို့ခေါ်ပေးရမလား"

"ဟင့်အင်း အထင်ကရ၊ တို့ဆုံးဖြတ်ပြီးပါပြီ၊ ဦးမိုးဒေဝါ

တ်သက်တဲ့ တိုက်ခန်းကိုတောင် တို့မသွားတော့ပါဘူး၊ မှုံး



www.burmeseclassic.com

www.burmeseclassic.com



ဘာဆက်လုပ်ရမလဲဟင်”

“တို့ကူညီမယ် မှုံး၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်သဲ ပြော”

“ဟင့်အင်း…မှုံး ဘာမှမဖြစ်ချင်ပါဘူး၊ အထင်ကရေ ကလည်း ဘာအကူအညီမှ မလိုပါဘူး”

မှုံး ဘယ်သူ့ဆီကမှ အကူအညီမယူတော့ပါဘူး။ မှုံး ဘ၀ကို မှုံး တည်ဆောက်ရမှာပါ။ ဦးမိုးဒေ၀ါအပေါ် မှုံး တိမ်းညွတ် ယစ်မူးသွားမိတာ ဘ၀မှာ ပြင်လို့မရအောင် ထင်ကျန်ရစ်ခဲ့ အမည်းစက်ကြီးတစ်ခုပါပဲ။

“မှုံး”

“ဟင်”

“တို့အဖေပိုင်တဲ့ တိုက်ခန်းတွေရှိတယ်၊ မှုံး နေလို့ရပါ တယ်၊ ငွေကြေးရော”

“မှုံး မလိုချင်ပါဘူး၊ တော်ပါတော့ အထင်ကရရယ် မှုံး ဘယ်သူ့အထောက်အပံ့မှ လက်မခံပါရစေနဲ့တော့၊ မှုံး အစွမ်း





အစနဲ့ပဲ ဘ၀ကို ထူထောင်နိုင်အောင် ကြိုးစားတော့မယ်”

“မှုံး”

အထင်ကရ လက်တွေက မှုံးလက်လေးကို ဆုပ်ကိုင်လိုက် လေသည်။ အေးစက်နေတဲ့ လက်လေးက မှုံးရဲ့ အတွင်းသဘောကို ဖော်ပြနေ၏။ မှုံး အရမ်းကြောက်နေတာပဲ။

“မှုံးတို့နှစ်ယောက် လက်ထပ်ကြရအောင်နော်၊ မှုံး ဘာဖြစ် ချင်လဲ၊ တို့ အရာအားလုံး ဖြည့်စွမ်းပေးမှာပါ တို့ဖေဖေကလဲ”

“မှုံး ပြန်ပါရစေ အထင်ကရ၊ လောလောဆယ် ဝေနင်း ဆီပဲ သွားချင်တယ်၊ မှုံး တောင်းပန်မယ်၊ တို့ကို မနှောင့်ယှက်ပါ နဲ့တော့”

မှုံးဆန္ဒတွေကိုပဲ သူဖြည့်စွမ်းပေးချင်မိသည်။ အခုချိန်မှာ မှုံး ဖြစ်ချင်တာ ဖြစ်စေရပါ့မယ်။

“ကောင်းပြီလေ…မှုံး သွားချင်တဲ့နေရာကိုပဲ ပြောပါ၊ ကိုယ်လိုက်ပို့မယ်”

“ဝေနင်းဆီပဲ မှုံး သွားမယ်၊ တောင်းပန်မယ်၊ မှုံးဘ၀ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ကပဲပြန်စတော့မယ် အထင်ကရ"

"ကောင်းပြီ မိုး၊ ကိုယ်လိုက်ပို့မယ်နော်၊ မိုး တို့ ညီ မိတ်ဆွေတစ်ယောက်လိုပဲ အသိအမှတ်ပြုပေးရင် တော်ပါပြီ"

အထင်ကရကိုတော့ မိုး မိတ်ဆွေတစ်ယောက်အဖြစ်သာ လက်ခံနိုင်မည်ဖြစ်လေသည်။ မိုးနှလုံးသားတွေထဲမှာ ဦးမိုးအောင်အား ချစ်မြတ်နိုးနေဆဲဖြစ်နေ၏။ မိုးကိုယ်မိုး ဒေါသတွေဖြစ်နေသည်။

"ပြန်မယ်နော် မိုး"

"အင်း"

ကားစက်နှိုးတော့ မနိုး၍ အထင်ကရ စိတ်ပူသွားရသည်။ အခုအချိန်မှာ မိုးအပေါ် ရီးသားဖြူစင်စွာပဲ အကူအညီပေးချင်နေ၏။ မိုး အားငယ်ကြေကွဲနေသောအချိန်တွင် သူ အစွမ်းကုန် ကူညီချင်သည်။

"ဘာဖြစ်လို့လဲ အထင်ကရ၊ စက်ဘာဖြစ်လို့လဲ"

"နိုးလို့မရဘူးဖြစ်နေတယ် မိုး၊ တို့ကိုယ့်ပါ၊ တကယ်ပဲ





တော်က နိုးလို့မရတော့ဘူး"

"လုပ်ပါဦး အထင်ကရရယ်၊ လူပြတ်တဲ့လမ်းမကြီးမှာ"

အထင်ကရ မဟုတ်တာမလုပ်ဘူးဆိုတာတော့ မိုးသိနေသည်။ လူပြတ်တဲ့ လမ်းမကြီးပေါ်မှာ ကားပျက်နေတာမျိုး မဖြစ်စေလိုပေ။ အထင်ကရကို ကြည့်လိုက်တော့ ကားပြင်နေဆဲဖြစ်သည်။

"ဒုက္ခပါပဲ မိုးရာ၊ ကားက ဘာဖြစ်တာလဲမသိတော့ဘူး၊ ကိုယ်တကယ်ပဲ ကားပျက်နေတာပါ၊ မိုးကို အကောက်ကြံတာ မဟုတ်ဘူးနော်"

မိုး မျက်နှာလေးက စိတ်ရှုပ်ထွေးစွာ မှုန်ကုပ်ကုပ်လေး ဖြစ်နေသည်။

"မိုး စိတ်ညစ်လို့ တို့ကားနဲ့လိုက်ခဲ့ကာမှ စိတ်ညစ်စရာတွေ ပိုတွေ့နေရပြီထင်တယ်၊ တို့ ဘာလုပ်ပေးရမလဲ၊ အငှားကားနဲ့ ပြန်နော်၊ မိုး တို့ ကားစောင့်ပြင်ရဦးမယ်"

"မိုး ကြောက်တယ်၊ တစ်ယောက်တည်း မပြန်ရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကားကို ဆက်ပြင်သည် မရပေ။ တခြားကားဆေး တားတော့လည်း ပြင်တတ်တဲ့သူကမရှိ။

"မှုံး"

"ဟင်"

"တို့ကားကို ဒီမှာပဲထားခဲ့မယ်၊ နောက်မှ ကားပြင်ဆရာ ပါခေါ်ပြီး ကိုယ်ပြန်လာယူမယ်"

"ရှင့်ကားကြီးက အဖိုးတန်ကြီးမဟုတ်လား"

"ရပါတယ်၊ မှုံးထက် တန်ဖိုးထားစရာ ဘာမှတို့မှာ မရှိပါဘူး"

"မဖြစ်ပါဘူး အထင်ကရ ကားပြင်ဖို့ပဲ စဉ်းစားပါဦး ကားကြီး တစ်ခုခုဖြစ်သွားရင် မှုံး စိတ်မကောင်းဖြစ်လိမ့်မယ်"

"အရေးကြီးတာက မှုံး စိတ်တွေ လုံခြုံဖို့ပဲ ပတ်ဝန်းကျင် မှာ မှုံး ဂုဏ်သိက္ခာမကျဖို့ပဲ"

"အထင်ကရရယ်"

မှုံးအပေါ် တန်ဖိုးထားလွန်းသော အထင်ကရရဲ့ နှလုံး





သားတွေကို မှုံး မြင်တွေ့လိုက်ရလေသည်။

"အထင်ကရကို ရှင် လျှော့မတွက်နဲ့နော် မှုံး၊ ရှင့်ကို စစ်မှန်တဲ့ မေတ္တာတွေနဲ့ ချစ်ချင်ချစ်နေမှာ၊ လူပျိုလူလွတ်တစ်ယောက် ကို ဘာဖြစ်လို့ မရွေးချယ်ချင်ရတာလဲ"

စနေင်းရဲ့ အပြစ်တင်စကားတွေကို ကြားယောင်လာရလေ သည်။ မတတ်နိုင်တော့ဘူး။ ကားကောင်းမှပဲ အတူတူပြန်တော့ မယ်။ ကားအကောင်းစားကြီးကို မထားခဲ့နိုင်ပေ။

"ကိုယ် ကားငှားဖို့"

"အထင်ကရ"

"ပြောလေ"

"ကားကောင်းသွားမှပဲ နှစ်ယောက်အတူတူ သွားကြ မယ်"

"မှုံး ကားကောင်းဖို့ဆိုတာ မလွယ်ဘူး၊ အငှားကားနဲ့ပဲ ပြန်ကြမယ်၊ တို့ကားက ကိစ္စမရှိပါဘူး၊ ထားခဲ့မယ်"

"ဟင့်အင်း...ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



မှူး အဲဒီလို တစ်ကိုယ်ကောင်းမဆန်ချင်ဘူး။ ကားကို နှစ်ယောက်အတူတူ စောင့်ကြမယ်"

"မှူး"

မှူး မျက်ဝန်းတောက်တောက်လေးတွေက ဝင်းလဲ့နေလေသည်။ စောစောကလို သောကရိပ်တွေ ကင်းမဲ့နေ၏။ သူ့အပေါ် မှူး သံယောဇဉ်လေး ငြိတွယ်သွားတာလားဟု မှူး မျက်ဝန်းလေးကို ကမန်းကတန်း စူးစူးစိုက်စိုက်လေး ကြည့်မိနေလေသည်။



## အခန်း (၁၉)

မိုးကတဖွဲဖွဲရွာစပြုလာသည်။ ကားအပြင်မှာ ရပ်နေ၍ မဖြစ်တော့သဖြင့် နှစ်ယောက်သား ကားထဲဝင်ထိုင်လိုက်ရ၏။ မိုးသည်းလာ၏။ တော်တော်ဆိုးတဲ့မိုးပဲ။ မထင်မှတ်ဘဲ ရုတ်တရက် ရွာချလိုက်တာပါ။

"ကားပြင်တတ်တဲ့လူလည်း မတွေ့ဘူး မှူး၊ တို့အငှားကားနဲ့ပဲ ပြန်ကြမယ်၊ ကားကို နောက်မှ တို့လာယူပါ့မယ်၊ ပြန်ကြရအောင်နော် မှူး"

မိုးက သည်းသည်းမည်းမည်း ရွာနေသဖြင့် မှူး ကိုယ်လေး ချမ်းစိမ့်စိမ့်ဖြစ်လာရလေသည်။ အခုတလော ဦးမိုးနော်



www.burmeseclassic.com

www.burmeseclassic.com



အတွက် မှုံး အိပ်ရေးပျက်တဲ့ညတွေ များနေ၏။ အတွေးတွေ ရှုပ်ထွေးပြီး ဦးမိုးဒေဝါတို့ အိမ်ထောင်ရေး ပြန်ပေါင်းထုတ်တော့မယ် ဆိုတဲ့သတင်းတွေ အဆက်မပြတ်ကြားနေရသည်။ မှုံး အမှုထမ်းနေ တဲ့ ကုမ္ပဏီက ဦးမိုးဒေဝါနဲ့ ပတ်သက်နေတာပဲ ဒီကိစ္စတွေ ရှင်း လင်းဖို့အတွက် ဦးမိုးဒေဝါနှင့် တွေ့ဆုံရန် ကြိုးစားပေမယ့် ရောက် မလာပဲ ရှောင်နေလေသည်။

"မှုံး"

"ဟင်"

"ချမ်းလို့လား"

"အင်း…နည်းနည်းစိမ့်လာသလိုပဲ၊ ရပါတယ်၊ ဘာမှ မဖြစ်ပါဘူး"

မှုံး နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ် တုန်ရီချင်လာ ရသည်။ လက်လေးတွေကို ပိုက်ပြီး ထိုင်နေပေမယ့် အသားက တုန်ရီချင်နေ၏။ မှုံး ဖျားချင်လာတာလားမသိပါဘူး။ အအိပ်ရေး ပျက်၊ အစားတွေပျက်နဲ့ မှုံး အားနည်းနေသလိုပဲ။





"ချမ်းရင် တို့အင်္ကျီလက်ရှည်ဝတ်ထားလိုက်နော် မှုံး"

"မဝတ်ပါဘူး၊ ရပါတယ် အထင်ကရ၊ ရှင့်အင်္ကျီယူဝတ် တော့ ရှင်က ကိုယ်တုံးလုံးဖြစ်နေမှာလေ"

"ဘာဖြစ်လဲ…ကိုယ်က ယောကျ်ားပဲ၊ ပြီးတော့ တို့ မချမ်းတတ်ဘူး၊ အဲယားကွန်းဖွင့်ရင်လည်း အရမ်းအေးစက်နေမှ သဘောကျတာလေ"

"မှုံးအပေါ် ဘာဖြစ်လို့ ကောင်းနေရတာလဲ၊ ဘာဖြစ်လို့ ညှာတာထောက်ထားနေရတာလဲ"

"ချစ်လို့"

"ဟင်"

"တို့ မှုံးကို အရမ်းမြတ်နိုးလို့ပါ၊ ဒါပေမယ့် မှုံး ရွေးချယ် မှုက အဓိကပါပဲ၊ တို့က မှုံးကို စိတ်ချမ်းသာစေချင်တယ်"

မှုံး ရွေးချယ်မှုက မှားယွင်းနေတာပဲ မဟုတ်လား။ မှုံး နှလုံးသားတွေကို အရမ်းမုန်းလိုက်တာ။ ဦးမိုးဒေဝါလို လူတစ်ယောက်ကိုမှ ဘာဖြစ်လို့ ရွေးချယ်ခဲ့ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"အငှားကားနဲ့ပဲ ပြန်ကြရအောင်၊ မှုံး အရမ်းချမ်းနေပြီ၊ နေမကောင်းဘူးထင်တယ်၊ လက်တွေပူနေပါလား"

"အင်း"

မှုံး ဟန်မဆောင်နိုင်လောက်အောင် ဖြစ်နေသည်။ အာခေါင်တွေခြောက်လာ၏။ ခေါင်းတွေထဲမှာလည်း ရီဝေမူးနောက်နေသည်။ ချမ်းတယ်။ အရမ်းချမ်းတာပဲ။

"အထင်ကရ တို့ တောင်းပန်ပါတယ်၊ တို့ မှားတာပါ၊ တို့ အရမ်းမှားသွားတယ်၊ ဦးမိုးဒေဝါကို တို့ ဘာဖြစ်လို့ ချစ်သွားခဲ့ရတာလဲဟင်"

မှုံး ကယောင်ကတမ်းတွေ ပြောနေလေသည်။ မဖြစ်ဘူး၊ ကားငှားမှဖြစ်မယ်။ မှုံးကို ဆေးခန်းအမြန်ပြရမယ်။ သူ ကားငှား တော့မရပေ။ လမ်းမှာလည်း အဆက်ပြတ်နေသည်။ သူမလက်ကိုင် ဖုန်းမှ မြည်လာချိန်တွင် မှုံး သတိဝင်လာသည်။ ဖုန်းကို ဖွင့်ပြီး နားထောင်နေ၏။

"ဟဲလို"





"ကိုပါ"

"ဟင်...ဦးမိုးဒေဝါ"

မှုံး အသံလေးက တက်ကြွရွှင်လန်းနေသည်။ နှုတ်ခမ်းလေးတွေက ပြုံးယောင်သန်းနေ၏။ မင်းရဲ့နှလုံးသားခံစားမှုတွေက ဦးမိုးဒေဝါဆီမှာပဲ ရှိနေဆဲပါလား မှုံးရယ်။

"မှုံးဆီ လာခဲ့ပါ၊ မှုံး အရမ်းနေမကောင်းဖြစ်နေတယ်၊ မှုံးတို့ကားက ရန်ကုန်မန္တလေး အဝေးပြေးကားလမ်းမကြီးပေါ်မှာ"

ဦးမိုးဒေဝါအား ခေါ်လိုက်ပြီဖြစ်၏။ အထင်ကရ ရင်ထဲမှာ မောပန်းနွမ်းလျသွားရလေသည်။ အင်အားတွေ မဲ့သွားရ၏။ သူနှင့်ဦးမိုးဒေဝါက သိနေသည်။ ခင်ဗျားကြီးအကြောင်းတွေ ကျုပ်ပြောတာမဟုတ်ဘူးနော်။ ဒါပေမယ့် မှုံးဘက်ကနေ ဖြတ်ပြတ်သား သား ရပ်တည်ပေးဖို့တော့ ပြောရမယ်။

"ကိုလာခဲ့ဝါ၊ မှုံးရင်ထဲမှာ ပြောစရာစကားတွေ အများကြီးပဲ၊ မှုံး နေမကောင်းဘူး၊ ကားကပျက်နေတယ်၊ မိုးကလည်း အရမ်းသည်းနေတယ်၊ အရမ်းလည်းချမ်းတာပဲ၊ ကိုလာပြီး ခေါ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံးလာခဲ့ပါနော်"

မှုံး အဝတ်လေးအားယူပြီး စကားတွေပြောနေမိလေသည်။ ခေါင်းထဲမှာ ရီဝေမူးနောက်အုံ့ခဲနေ၏။ ကိုနဲ့မှုံး အပြတ်ခွေးနွေးချင်တယ်။ အကူအညီမဲ့နေတဲ့ အချိန်မှာ ကို့အသံကို ကြားရတာ မှုံးအင်အားတွေ ပြည့်ဝသွားသလိုလိုပါပဲ။

"အထင်ကရ"

"ပြောပါ မှုံး"

"မှုံး တောင်းပန်ပါတယ်နော်၊ မှုံး ရင်ထဲမှာ ကိုပဲရှိနေလို့ပါ၊ ကိုနဲ့တွေ့မှ ဖြစ်မှာမို့လို့ပါ"

"မှုံးဆန္ဒပါပဲ၊ ကိုယ်က မိတ်ဆွေကောင်းပီသစွာ အကူအညီပေးမှာပါ"

မိုးကလည်း သဲသဲမဲမဲရွာနေလေသည်။ ကားကလည်း ငှားမရ။ ဦးမိုးဒေဝါ ရောက်လာမယ်ဆိုတော့လည်း ကောင်းပါတယ်လေ။ ဦးမိုးဒေဝါ ရောက်သင့်နေပြီပဲ။

"ဟင်း...ဟင်း"





"မှုံး"

"ဟင်း...ဟင်း"

ညီးညျူသံလေးပဲ ကြားနေရလေသည်။ မှုံး တစ်ခုခုဖြစ်...မှာ စိုးရိမ်နေ၏။ အကူအညီရှာနေမိသည်။ ဦးမိုးဒေဝါ ရောက်...ဒ်ပါလျှက်နှင့် မရောက်လာခဲ့ပေ။ ခင်ဗျားကြီး ဘာလုပ်တာလဲ။ ...အစုကို မလွန်ဆန်နိုင်ဘဲနဲ့ မှုံးဆိုတဲ့ မိန်းကလေးအပေါ် ချစ်ဖို့...ပြီးစားခဲ့ရတာပဲ။ ဒေါသတွေ ပေါက်ကွဲနေမိသည်။

"ဟင်း...ဟင်း"

"မှုံး သတိရပါဦး၊ မှုံး"

မှုံးကတော့ သူ့ရင်ခွင်ထဲမှာ မိန်းမောနေသည်။ စိတ်ပူနေ... ဦးမိုးဒေဝါဆီ ဖုန်းဆက်တော့ ဖုန်းက ပိတ်ထားသည်။ ဘာ...လုပ်ရမှန်းမသိ စိတ်တွေ လေးလေးနှင့် မှုံး အချမ်းပြေစေရန် ...ကိုယ်လေးအား ဖက်ထားမိ၏။ စိုရဲရဲ ထူအမ်းအမ်း နှုတ်ခမ်း...လေးတွေက တဆတ်ဆတ် တုန်ရီနေသည်။

"တို့စိတ်တွေကို မထိန်းချုပ်နိုင်တော့ဘူး မှုံးရယ်၊ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



အရမ်းချစ်တယ်၊ အရမ်းမြတ်နိုးတယ်၊ မင်းကို အနားလည်ဆုံးပါ မှုံးရယ်''

''ကိုယ်ရောက်လာပြီလား၊ မှုံး အရမ်းချမ်းတယ်၊ အိမ်ပြန် ချင်တယ်၊ အို…အိမ်ပြန်လို့မဖြစ်ဘူးထင်တယ်နော်၊ မှုံးတို့ အ ကြီးကို ထွက်သွားကြရအောင်၊ ကို ဘာမှယူမလာခဲ့နဲ့နော် နှစ်ယောက်အတူ ဘဝကို ရှန်းကန်တည်ဆောက်ကြမယ်''

မှုံး မျက်ဝန်းလေးတွေက မိန်းမောနေပြီး နှုတ်ခမ်းလေး ဆီမှ သူမရင်ထဲမှ ဆန္ဒတွေကိုပဲ တတွတ်တွတ်ပြောနေလေသည်။ မှုံး စကားတွေက သူ့နှလုံးသားတွေထဲသို့ ချွန်ထက်သော အ ထိုးနက်လိုက်သလို နာကျင်ခဲ့ရ၏။

မှုံး ချစ်မြတ်နိုးနေတာက ဦးမိုးဒေဝါပဲ။

''ကို အထီးကျန်နေတာ မှုံး မကြည့်ရက်ဘူး၊ မှုံး လည်း ကိုလိုပဲ ခံစားခဲ့ရတာပါပဲ''

သူ့ကို မိုးဒေဝါဟု မှုံး ထင်မှတ်ကာ ကယောင်က တွေ ပြောနေသည်။





''မှုံးကို ဖက်ထားစမ်းပါနော်၊ အရမ်းချမ်းတယ်၊ ဟင်း… ဟင်း…ဟီး…ဟီး''

''မှုံး''

ဦးမိုးဒေဝါ ခင်ဗျားကြီး မလာတော့ဘူး မဟုတ်လား။ ရိုးသားဖြူစင်တဲ့ မိန်းကလေးကိုမှ နှလုံးသားဒဏ်ရာရအောင် ဘာဖြစ်လို့ လုပ်ရတာလဲဗျာ။

ခဏကြာတော့ မှုံး ငြိမ်သက်သွားလေသည်။ မိုးလေပြင်း ထန်နေ၍ ဖုန်းအဆက်အသွယ် ပြတ်တောက်နေ၏။ ဖေဖေ့ဆီလည်း အဆက်အသွယ်မရပေ။

''မှုံးရယ်…သတိထားပါဦး၊ မင်း အရမ်းဖျားနေပြီ၊ ကိုယ် စိတ်ပူလိုက်တာ''

မှုံးကိုယ်လေး ချစ်ချစ်တောက် ပူနေ၍ သူစိတ်ပူပြီး ဘာ လုပ်ရမလဲလို့ စဉ်းစားရင်း ကားဒက်ဘုတ်ထဲမှာ ရှိနေတဲ့ ဆေးကို သတိရသွားသည်။ ဟုတ်သားပဲ။ လူဖျားတုန်းက ဆေးကဒ်က ကားဒက်ဘုတ်ထဲမှာ ရှိနေသေး၏။ သတိရပြီး ဆေးကိုယူလိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



မှုံအား အတင်းနှိုးပြီး တိုက်ရသည်။

"မှုံး"

"ဟင်"

"ဒီဆေးလေးသောက်လိုက်နော်၊ သတိထားစမ်းပါ မှုံး ရယ်၊ တို့အရမ်းစိတ်ပူနေပြီ၊ မှုံး ဆေးသောက်ရအောင်နော်"

"အင်း"

မှုံးက ဆေးကိုယူသောက်လိုက်ပြီး ပြန်၍မှိန်းနေလေသည်။ အချိန်တွေက တဖြည်းဖြည်းနှင့် ညအမှောင်ဘက်သို့ သန်းလာနေ၏။ မှုံးကိုစိတ်ပူပြီး ဆောက်တည်ရာမရအောင် ဖြစ်နေမိသည်။ ဒီအဝေးပြေး ကားလမ်းမကြီးပေါ်မှာ သူနှင့်မှုံး နှစ်ယောက်ထဲနေ လို့မဖြစ်ဘူး။မှုံးအတွက်ပဲ စိတ်ပူသည်။ ထို့ကြောင့်ပင် ဖေဖေ့ဆီ ထပ်ပြီး အဆက်အသွယ်လုပ်ကြည့်သည်။ ကံကောင်းစွာဖြင့် ဖေဖေ့ဖုန်းနှင့် အဆက်အသွယ်ရ၏။

"ဖေဖေ သားပါ၊ ရန်ကုန်မန္တလေး အဝေးပြေးလမ်းမကြီး ပေါ်မှာ ကားပျက်နေလို့ ဖေဖေ ချက်ချင်းလိုက်လာခဲ့ပါနော်"





"ကောင်းပြီ သား၊ ဖေဖေ အခုပဲလိုက်လာခဲ့မယ်"

ဖေဖေနှင့် အဆက်အသွယ်ရတော့ သူ့ စိတ်နည်းနည်းအေးသွားရသည်။ မိုးက တိတ်သွားပြီး ဖွဲဖွဲလေးသာ ကျနေ၏။ မှုံးကို ကြည့်လိုက်တော့ ကိုယ်ပူရှိန်က စောစောကလောက် ပူချစ်မနေတော့ဘဲ ခပ်နွေးနွေးလေး ဖြစ်သွားသည်။

"မှုံး"

"ဟင်"

မှုံး အသိဝင်လာပြီး မျက်ဝန်းလေးတွေ ဖျတ်ခနဲ ပွင့်လာသည်။ သူ့ရင်ခွင်ထဲမှာဆိုတာသိတော့ ဆတ်ခနဲ ရုန်းထွက်လိုက်၏။

"အထင်ကရ ကားက ပြန်မကောင်းသေးဘူးလားဟင်"

"မကောင်းသေးဘူး မှုံး၊ တို့ဖေဖေဆီ ဖုန်းဆက်ထားတယ်၊ လာခဲ့မယ်တဲ့၊ စောစောက မှုံး အရမ်းအဖျားတွေ တက်နေတာ ကိုယ်ဆေးတိုက်ထားလို့ အခုအဖျားကျသွားတယ်"

"ကိုရော ရောက်မလာဘူးလားဟင်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



မွှေး အသိတွေ ကောင်းကောင်းဝင်လာသည်။ ကို ဘာဖြစ်လို့ ရောက်မလာရတာလဲ။ ရှင့်မိသားစုတွေက တားဆီးထားလို့ မဟုတ်လား။ နည်းနည်းမှောင်လာသည်။ အထင်ကရရဲ့ အဖြေလာမယ်ဆို၍ စိတ်အေးသွားရ၏။ ဒီလိုအနေအထားမျိုးနှင့် မွှေးကိုတွေ့ရလျှင် အထင်သေးသွားမလားပဲ။

"အထင်ကရ"

"ပြောလေ မွှေး"

"ရှင့်ဖေဖေက မွှေးကို ဒီလိုအနေအထားနဲ့"

"ဘာမှကြောက်စရာ မလိုဘူးနော် မွှေး ကိုယ်ချစ်မြတ်နိုးတဲ့ မိန်းကလေးဆိုရင် ဖေဖေကလည်း အရမ်းကိုချစ်မှာပဲ၊ ဖေဖေက တို့ကိုယုံတယ်၊ တို့ရွေးချယ်တဲ့ မိန်းကလေးကလည်း ခပ်ညံ့ညံ့ထဲက မဟုတ်ဘူးဆိုတာ ဖေဖေ ယုံကြည်တယ်"

"အထင်ကရနော်"

အထင်ကရရဲ့ စိတ်ဓာတ်တွေကို မွှေး အထင်ကြီးလေးစားသွားရလေသည်။ ဒီလိုအချိန်မှာ အခွင့်အရေးမယူဘဲ မွှေးကို စောင့်ရှောက်ပေးနေခဲ့တာမဟုတ်လား။

"မွှေး"

"ဟင်"

"သက်သာရဲ့လား၊ တို့ဖေဖေလာတော့မှာပါ၊ မွှေး စိတ်အားမငယ်ပါနဲ့၊ မွှေးဖြစ်ချင်နေတာတွေ တို့အားလုံး ဖြည့်ဆည်းပေးမယ်"

ကားမီးရောင်မြင်ရတော့ ဖေဖေလာနေပြီဆိုတာ အထင်ကရ သိလိုက်လေသည်။

"တို့ဖေဖေ လာနေပြီ၊ မွှေး ဘာမှအားနာရှက်ရွံ့မနေနဲ့နော်၊ တို့ဖေဖေကို တို့ပိုင်ပါတယ်"

မွှေးလက်လေးကို သူ ဆုပ်ကိုင်လိုက်တော့ စိုးရိမ်စိတ်တွေနှင့် မွှေးလက်လေး အေးစက်နေလေသည်။ ဖေဖေ့ကားက သူတို့အနားမှာ ရပ်သွား၏။ ကားပေါ်တွင် စက်ပြင်ဆရာတွေလည်း ပါလာသည်။

"ဖေဖေ...ဒီမှာလေ မွှေးကို သား ကားတင်ပြေးလာတာ






www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ ကားပျက်သွားလို့ လမ်းတစ်ဝက်တစ်ပျက်နဲ့ ဒုက္ခရောက်သွားတယ်”

“သားရယ်…ဖေဖေက သဘောတူထားပြီးပြီပဲကွာ”

“သူကငြင်းနေလို့လေ၊ သားကို အခုအထိ ချစ်သူအဖြစ် အသိအမှတ်မပြုသေးလို့”

“ဟာကွာ…အင်းလေး သမီးလေးကလည်း အရမ်းရှ တာပဲကိုး၊ ဒီကောင် ဇွဲလမ်းနှစ်သက်နေပြီဆိုထဲက သိလိုက်ပါတယ် ကောင်းတယ်ဟေ့၊ ကဲ သားက ဖေဖေ့ကားကိုပဲ မောင်းပြီး သမီး လေးကို ပြန်ပို့လိုက်တော့၊ ဖေဖေနဲ့ ဒီစက်ပြင်ဆရာတွေ ကားပြင်ပြီး ပြန်လာခဲ့မယ်”

“ဟုတ်ကဲ့ ဖေဖေ”

“သမီးလေးက အရမ်းကြောက်နေတယ်ထင်တယ် သားချစ်သူကို အိမ်ပဲပြန်ပို့ပေးလိုက်နော်၊ သားဆန္ဒတွေ ပြည့်ဝအောင် ဖေဖေ တာဝန်ယူပါတယ်ကွာ”

အထင်ကရက မှုံးကို ကြည့်လိုက်၍ မှုံး ရှက်ရှက်





ပြုံးပြလိုက်ရသည်။ ကားလေးက ဝေါခနဲ မောင်းထွက်လာမှ မှုံး စိတ်သက်သာရာ ရသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"မင်း ဒီကောင်မလေးဆီ မသွားရတော့ဘူး၊ သေဆုံးသွားတာ အရှက်သွားခဲ့တာ မေမေခိုင်းတာပဲ၊ မြေးလေးကို မိထွေးငယ်ငယ် ရွယ်ရွယ်လက်ထဲ မထည့်နိုင်ပါဘူး၊ မေမေသေမှ မင်းယူပါ"

မှုံး နေမကောင်းဖြစ်နေတယ်တဲ့။ သူငယ်ချင်းအထောင်တော နဲ့တဲ့။ မင်းဘာသွားလုပ်တာလဲ။ အထင်ကရဆိုတဲ့ နာမည်ကို အခုမှ ကြားဘူးတာပါ။ အထင်ကရ၊ ဒီနာမည် သူနဲ့ရင်းနှီးနေသလိုပဲ။ သူ့ဒါရိုက်တာအဖွဲ့ဝင် ဦးထင်အောင်ရဲ့သားများလား။

"ဒီလိုငယ်ငယ်ရွယ်ရွယ် မိန်းကလေးကို မင်းဘယ်လို ထိန်းချုပ်မလဲ၊ သမီးကတစ်မျိုး၊ ဇနီးငယ်ငယ်လေးကတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



မင်း အိမ်ထောင်ရေးသောကတွေ ထပ်ပြီးခံစားရလိမ့်မယ်၊ ပျော်ရွှင်စရာမရှိနိုင်ဘူး၊ သက်တူရွယ်တူ ယောက်ျားလေးတွေနဲ့ တွေ့သွားရင် မင်းကိုထားခဲ့မှာပဲ"

အထင်ကရဆိုတဲ့ ကောင်လေးနဲ့ရော ဘယ်အတိုင်းအတာအထိ ရောက်နေကြလဲ။ သူငယ်ချင်းအဆင့်မှ ဟုတ်ရဲ့လား၊ သော်တာ အရှက်သွားခဲ့လို့ မှုံး ရှက်ပြီး ကုမ္ပဏီကနေ ထွက်သွားတာတော့ သူသိထားလေသည်။

ဒီကိစ္စ သူ့ကိုဆက်သွယ်မှာပါ။ အထင်ကရဆိုတဲ့ ကောင်လေးနှင့် မြို့ပြင်အထိ သွားစရာလိုလို့လား။ သူ့စိတ်ထဲမှာ သံသယတွေ ဝင်နေသည်။

"သမီးလေးကို မိတွေးငယ်ငယ်လေးနဲ့တော့ မထားပါနဲ့ သော်တာနဲ့ ပြန်မပေါင်းချင်ရင်တောင်မှ သက်တူရွယ်တူ မိန်းကလေးကိုရှာဝါ၊ မင်းအိမ်ထောင်ရေးက ဘယ်တော့မှ အဆင်မပြေနိုင်ဘူးလို့ ပြောထားတာပဲ"

ဗေဒင်ဆရာက သူ့နှလုံးသားလမ်းကြောင်းမှာ ကျွန်းတွေ





ခံနေ၍ အချစ်ရေးတစ်သက်တာ ကံမကောင်းနိုင်ဘူးဟု ဟောပြောထားသည်။ ရင်ထဲမှာ နာကျင်မွန်းကြပ်နေခဲ့၏။

"မင်းကို ဒီကောင်မလေး ရွေးချယ်တာ မဖြစ်စင်နိုင်ပါဘူးကွယ်၊ မေမေ့စကားကို နားထောင်ပါ၊ ဒီကောင်မလေးအတွက် နစ်နာကြေးအဖြစ် သုံ့နေတဲ့တိုက်ခန်းကို ပေးလိုက်ပါ"

မှုံးထံသို့သွားဖို့ ဆက်သွယ်ပြီးမှ မသွားဖြစ်တော့ မေမေ့စကားတွေကိုပဲ လက်ခံလိုက်မိသည်။ အထင်ကရဆိုတဲ့ ကောင်လေးက ဦးထင်အောင်ရဲ့သားဆိုလျှင် မှုံးကို မလုသင့်ပေ။ သူပဲ အရှက်သိက္ခာကျဆင်းရမည်ဖြစ်၏။ တစ်ညလုံး မှုံးဆိုတဲ့ ကောင်မလေးကိုပဲ သတိရနေမိသည်။ မေ့ပစ်နိုင်အောင် ကြိုးစားရမယ်။ မဖြစ်ပါဘူး။ သူ့အိမ်ထောင်ရေး ကံမှမကောင်းနိုင်တာပဲ။ နောက်နေ့ ကုမ္ပဏီရောက်တော့ ဦးထင်အောင်က မမေးရဘဲနှင့် ညက သူ့ချွေးမလောင်းနှင့် သူ့သားအဖြစ်ကို ရယ်မောစရာအဖြစ် ပြောပြလေသည်။

"ကျုပ် ချွေးမလောင်းက အရမ်းချောတယ်နော်၊ တော်



www.burmeseclassic.com

www.burmeseclassic.com



သားတောင် အရမ်းချစ်မြတ်နိုးတာပဲ၊ ညကကားတင်ပြေးတာလေ၊ ကံကောင်းလို့ကောင်မလေးက လက်မခံဘူးဗျ''

သူ့မျက်နှာ ဘယ်သွားထားရမှန်းမသိအောင်ပင် ထူပူသွားရလေသည်။ ချယ်မှုံးထင် ဒီကိစ္စမျိုးတွေ ကိုယ့်ကို အသိမပေးဘဲ ဘာဖြစ်လို့ လျှို့ဝှက်ထားရတာလဲ။ ဦးထင်အောင်သားနဲ့ ကိုယ့် မိန်းကလေးတစ်ယောက်ကို ယှဉ်ပြိုင်လုရတာ ကိုယ့်အသိုင်းအဝိုင်းကသိရင်။ ချယ်မှုံးထင်အား စွန့်လွှတ်ရန် သူ ဆုံးဖြတ်လိုက်တော့လေသည်။

မှုံး နေထိုင်တဲ့ တိုက်ခန်းကိုပင်မသွားတော့။ သူ့ထံ မှုံးက ဆက်သွယ်လာလေသည်။

''ကို့ကို ကျွန်မပြောစရာတွေ ရှိနေပါတယ်၊ ကို ကျွန်မကိုလာတွေ့ပါနော်''

''မင်းနေတဲ့တိုက်ခန်းကို အပိုင်ယူလိုက်တော့ ချယ်မှုံးထင်၊ မင်းကိုပေးထားတဲ့ အဆောင်အယောင်တွေ အားလုံးကိုရောပဲ ကိုယ်ပေးတယ်၊ ကိုယ်တို့ဇာတ်လမ်း ဒီမှာပဲ ရပ်လိုက်ကြရအောင်''





''ရှင်''

''ကိုယ်တွေဝေသွားတာပါ၊ မဖြစ်နိုင်တာတွေက အများကြီးပဲ၊ ချယ်မှုံးထင်၊ စမ်းချောင်းလေးအတွင်း စီးဆင်းမျောပါလာတဲ့ ပန်းကလေးတစ်ပွင့်ကို ကိုယ် ငေးမောကြည့်မိလိုက်တယ်လို့ပဲ သဘောထားလိုက်ပါတော့မယ်လေ''

''ဦးမိုးဒေဝါ အဲဒီလို ဘာဖြစ်လို့ပြောရတာလဲ၊ ကျွန်မနဲ့ လာဖြေရှင်းပါ၊ ကျွန်မ''

''တော်ပြီ ချယ်မှုံးထင်၊ ကိုယ့်ဆီ ထပ်မဆက်သွယ်ပါနဲ့တော့၊ ကိုယ့်မှာ သမီးရှိတယ်၊ မိန်းမနဲ့လည်း ပြန်ပေါင်းချင်ပေါင်းမှာပါ''

ဦးမိုးဒေဝါက ဖုန်းပိတ်ပစ်လိုက်လေသည်။ နောက်ထပ်လည်း ဒီဖုန်းနံပါတ်ကို မြင်တွေ့တိုင်း ဖုန်းပိတ်ပစ်မှာပါပဲ။ မှုံးကို သူကတောင် ငွေကြေးဥစ္စာတွေ မက်မောတယ်လို့ သတ်မှတ်လိုက်တာပဲပေါ့။ ဦးမိုးဒေဝါရဲ့ စကားတွေက သူမကိုယ်ကျင့်တရားတွေကို အကြီးအကျယ် စော်ကားပစ်လိုက်တာပဲ ဖြစ်သည်။ မှုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



မာနတွေနဲ့ပါ။ နယ်ကနေ တက်လာခဲ့တာ ဘဝတက်လမ်းရှာဖို့ ဖြစ်ပေမယ့် မှုံး နာမည်ပျက်တာပဲ အဖတ်တင်ခဲ့လို့မဖြစ်ပါဘူး။

"ဒေါ်ချို…ကျွန်မ ဘာပစ္စည်းမှမယူဘဲ ဒီကနေထွက်သွားပါပြီ၊ ဦးမိုးဒေဝါဆီ အားလုံးပြန်အပ်ပေးပါနော်"

အလုပ်သမားအဘေါ်ကြီးအား ပစ္စည်းတွေအပ်ပြီး မှုံး ကျောနိုင်းထွက်ခွာလာခဲ့လေသည်။ ဝေနင်းကတော့ ကောင်းသည်ဟုဝမ်းသာအားရပြောနေ၏။

"ဘာမှအားငယ်စရာမလိုဘူး၊ ဘဝကို တစ်ကပြန်စကြမယ်၊ ကျုပ်ခြေထောက်လည်း ကောင်းသွားပြီပဲ၊ အလုပ်လုပ်နိုင်ပါပြီဟယ်"

ဦးမိုးဒေဝါအား နာကြည်းနေပေမယ့် မေ့ပစ်နိုင်ဖို့ အတော်လေး ကြိုးစားနေရလေသည်။ မှုံး ရှက်လွန်း၍ အပြင်ပင်မထွက်ချင်လောက်အောင် ဖြစ်နေ၏။

"ရှင့်ကို ကျုပ်ပြောသားပဲ၊ တစ်နေ့ ဒီလိုပဲ ဖာတ်သိမ်းမယ်ဆိုတာ"





မှုံး စိတ်အလိုလိုက်ပြီး ဦးမိုးဒေဝါနှင့် ပတ်သက်ခြင်း သာသာသွားမိတာ ကြီးမားတဲ့ မှားယွင်းမှုပါပဲ။ နောင်တတွေ ရနေမိ လောလောဆယ် အလုပ်မရှာသေးဘဲ အိမ်တွင်းအောင်းနေမိသည်။ အိမ်တွင်းအောင်းနေသော သူမထံသို့ အထင်ကရ ရောက်လာ၏။

"မှုံး မင်းဘာဖြစ်လို့ ဘဝကို အရှုံးပေးချင်ရတာလဲ၊ မင်း မမှားပါဘူး၊ ဦးမိုးဒေဝါက သတ္တိကြောင်တာပါ"

"အထင်ကရ မှုံးကို လာမတွေ့ပါနဲ့တော့၊ ရှင့်ဆီက ဘာအကူအညီမှ ယူမှာမဟုတ်ဘူးနော်၊ မှုံး ဘယ်ယောကျ်ားနဲ့ မပတ်သက်ချင်တော့လို့ပါ"

ကိုယ့်အစွမ်းအစနဲ့ ကိုယ်ပဲ ဘဝကို ထူထောင်ဖို့ ဆုံးဖြတ်ထားလေသည်။ အထင်ကရဆီကလည်း အကူအညီတွေ မယူချင်တော့ပါဘူး။ ကင်းကင်းရှင်းရှင်းပဲ နေချင်မိသည်။

"မှုံးကို ဒီလိုပုံစံမျိုးနဲ့ မမြင်ရက်ပါဘူးကွာ၊ ဦးမိုးဒေဝါ မင်းချစ်နေတုန်းပဲလား၊ ဒါဆို ကိုယ်သွားတောင်းပန်မယ်၊ ရှင်းပြ မင်းရဲ့နှလုံးသားခံစားချက်တွေကို တို့ နားလည်ပါတယ်မှုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…ဦးမိုးဒေဝါနဲ့လည်း မပတ်သက်တော့ဘူး မှူးဘဝကို မှူး အစွမ်းအစနဲ့ပဲ ထူထောင်ပါရစေ၊ မှူးကို ထပ်ပြီး မနှောင့်ယှက်ပါနဲ့တော့နော် အထင်ကရရယ်"

မှူးကို မသနားစမ်းပါနဲ့ အထင်ကရရယ်။ ဦးမိုးဒေဝါလို ယောက်ျားတစ်ယောက်ကို မိုက်မဲစွာ ရွေးချယ်မိခဲ့တဲ့အတွက် မှူးကိုယ် မှူး နာကြည်းခါးသီးနေမိပါတယ်။ မှူးကိုယ်မှူး ဒဏ်ခတ်ရမယ်။ မှူး ဦးမိုးဒေဝါနှင့် ပတ်သက်မှုတွေကို အထင်ကရဖေဖေလည်း အချိန်မရွေးသိသွားနိုင်တာပဲ။ မှူး လိမ်ညာကောက်ကျစ်ပြီး အကျင့် ပျက်မတစ်ယောက်လို့ ထပ်ပြီး အစွပ်စွဲမခံနိုင်တော့ပါဘူး အထင် ကရ။

"မင်းဘယ်လောက်ဖြူစင်တယ်ဆိုတာ တို့အသိဆုံးပဲ မှူးရယ်၊ တို့အချစ်ကို လက်ခံပါ၊ တို့ကိုလက်ထပ်ပါ၊ ဖေဖေ လည်း လက်ခံတာပဲဟာ"

"မဖြစ်နိုင်ပါဘူးလေ၊ မှူး ဘယ်နည်းနဲ့မှ လက်မခံနိုင်ပါ၊ အရင်က မက်ခဲ့တဲ့ အိပ်မက်ဆိုးတွေကိုတောင် မေ့ပစ်ဖို့ အခြေ

ကြိုးစားနေရတာပါ၊ နောက်ထပ်ပြီး"

"မှူး"

စကားဆက်ပြောခွင့် မပေးဘဲ မှူးနှုတ်ခမ်းလေးကို ပိတ်ပစ် ကြိုးစားနေ၏။ မှူး လက်မခံဘဲ ရုန်းကန်ဖယ်ရှားနေမိ၏။

"အထင်ကရ အဲဒီလိုမလုပ်ပါနဲ့၊ မှူး မကြိုက်ဘူး၊ တော်နော်၊ လွှတ်၊ ရှင့်ကို မချစ်ဘူး၊ ရှင့်ကို အရမ်းမုန်းပစ်လိုက်မှာ နော်"

"မုန်းကွာ…မုန်း၊ မင်းဘယ်လောက်မုန်းမလဲ၊ တို့ကတော့ ဘယ်လိုနည်းနဲ့မှ အလျှော့ပေးမှာမဟုတ်ဘူး၊ မင်းကို ချစ်နေမှာပဲ၊ ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမှာပဲ"

"အထင်ကရနော် ရှင် မစော်ကားနဲ့၊ မယုတ်မာနဲ့၊ လွှတ်"

မှူးရယ်…မင်း တို့ရင်ခွင်ထဲကနေ လွတ်ထွက်သွားမှာ စိုးရိမ်တာပဲကွာ။ မဖြစ်ဘူး။ မင်းကို တို့ပိုင်ဆိုင်မှဖြစ်မယ်။ ဘယ်ရားတဲ့နည်းလမ်းနဲ့ပဲဖြစ်ပါစေ မင်းကို ရယူဖို့ တို့ကြိုးစားရမှာ ပဲ။







www.burmeseclassic.com

www.burmeseclassic.com



အထင်ကရစိတ်တွေ လွတ်ထွက်နေလေသည်။ ရင်ထဲ
ပေါက်ကွဲနေရ၏။ မှုံးရဲ့ ခါးခါးသီးသီး ငြင်းဆန်နေမှုတွေ
လက်မခံနိုင်ဘဲ သူ့နှလုံးသားတွေထဲမှာ စူးနင့်နာကျင်နေရ၏။ မှုံး
လက်လွှတ်လိုက်ဖို့ သူ့နှလုံးသားတွေက လက်မခံနိုင် ပေါက်
နေရသည်။

"မှုံးကို ချစ်တယ်ကွာ၊ တို့ ဘယ်လိုမှ မစွန့်လွှတ်နိုင်ဘူး
မှုံး မင်းငြင်းပယ်လိုက်ရင် ကိုယ်သေသွားနိုင်တယ်နော်"

"သေချင်သေလေ...မှုံးကို ထပ်မနှောင့်ယှက်
တောင်းပန်ပါရစေ၊ ရှင်ကြိုးစားနေလည်း အလကားပဲနော်၊ ကျွန်
လုံးဝလက်မခံဘူး"

"မရဘူးကွာ...မင်းလက်မခံလို့ မရဘူး၊ တို့ရင်ခွင်
မှာ ထွေးပွေ့ထားပြီး မင်းကို အေးချမ်းပျော်ရွှင်စေချင်တာပါ"

"လွှတ်နော် အထင်ကရ"

"မလွှတ်ဘူးကွာ"

အထင်ကရရဲ့ စိတ်တွေ ပိုကြမ်းလာရပြီး မှုံး ကိုယ်





ားကို သူ့လက်တွေနှင့် တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားသော
နမ်းမိုးလေးတွေ ခြွေချဖို့ ကြိုးစားနေမိလေသည်။ မှုံးကို မရရတဲ့
နည်းလမ်းနဲ့ အရယူရမှာပဲ။ တို့နောက်မဆုတ်နိုင်ဘူး။ လုံးဝနောက်မ
ဆုတ်နိုင်ဘူး။

"မှုံးကိုလွှတ်စမ်းပါ အထင်ကရ၊ ကျုပ်နဲ့ ဦးမိုးဒေဝါ
ချိုက်ခဲ့တာတွေ ရှင့်အဖေသိသွားရင် လက်ခံမလား၊ ကျုပ်ကို
ပ်ပြီး စွပ်စွဲပုတ်ခတ် အရှက်ခွဲကြမှာပဲမဟုတ်လား၊ လွှတ်ပါ၊
မှုံးကို လွှတ်နော်"

မှုံး ဆက်ပြီး သည်းမခံနိုင်တော့ဘဲ အထင်ကရရဲ့ ပါးကို
င်းခနဲ ရိုက်ချပစ်လိုက်လေသည်။ အထင်ကရကြောင်ပြီး လက်တွေ
ကို ဖြေလျှော့ပေးလိုက်ပြီး မှုံးကို စူးစိုက်ကြည့်နေ၏။

"မှုံး မင်းဘယ်လိုပဲငြင်းငြင်း ငါ နောက်မဆုတ်ဘူး၊
မင်းကို ငါပဲ ပိုင်ဆိုင်စေရမယ်"

သူမကိုဖက်ဖို့ ရှေ့ဆက်တိုးလာတဲ့ အထင်ကရအား
စိတ်တွေပေါက်ကွဲပြီး အားနှင့်ဆောင့်တွန်းပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



''အား''

''ခွပ်''

''ဟင်''

မထင်မှတ်ဘဲ အတွန်းခံလိုက်ရသဖြင့် အထင်ကရ ထော်လက်လန်ကျသွားပြီး နံရံနှင့် သူ့ခေါင်း ထိခိုက်သံ ပေါ်ထွက်လာလေသည်။

''ဟင်...အထင်ကရ၊ ရှင်ဘာဖြစ်သွားတာလဲ၊ သွေးတွေ အမလေး...အထင်ကရ ခေါင်းကွဲသွားပြီ''

အထင်ကရ ခေါင်းမှ သွေးတွေစီးကျလာ၍ မှုံး ထိတ်လန့်တုန်လှုပ်သွားရသည်။

''အထင်ကရ''

မလှုပ်တော့။ အထင်ကရ သေသွားပြီလားဟု တွေးမိပြီး မှုံး စိုးရိမ်ကြောက်ရွံ့သွားရသည်။

''အထင်ကရ...အထင်ကရ ဒုက္ခပါပဲ၊ ခေါ်လို့လည်း မရတော့ဘူး၊ လာကြပါဦး ဒီမှာ ခေါင်းထိသွားလို့ လာကြပါဦး''





မှုံး အရှက်သိက္ခာတွေ ငဲ့ကွက်မနေနိုင်တော့ဘဲ ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းမိလေသည်။ ပတ်ဝန်းကျင်မှ လူတွေရောက်လာပြီး အထင်ကရရဲ့ ကားနှင့်ပင် ဆေးရုံသို့ ဖို့ပေးကြ၏။ ဝေနှင်းလည်း ရောက်လာသည်။

''မှုံးရယ်..ဘယ်လိုဖြစ်ရတာလဲ၊ ရှင့်ဟာက ကျော်မကောင်းကြားမကောင်းပဲ''

''သူ...သူ မှုံးကို''

''တော်ပြီ ဆက်မပြောနဲ့တော့၊ တော်ကြာ ပတ်ဝန်းကျင်က တစ်မျိုးထင်ပြီး အထင်ကရပါ အမှုပတ်နေပါဦးမယ်''

မှုံး နှုတ်ပိတ်သွားလေသည်။ ဝေနှင်း ခေါင်းဆောင်ပြီး အထင်ကရအား ဆေးရုံပို့လိုက်၍ မှုံးကတော့ လိုက်မသွားတော့ပေ။ ကြောက်ရွံ့တုန်လှုပ်စိတ်တွေနှင့် အင်အားတွေ ချိနဲ့စွာ အခန်းထဲမှာ ထိုင်နေမိသည်။

''အထင်ကရ...သတိပြန်ရပါစေ၊ ဘာမှမဖြစ်ပါစေနဲ့၊ ရှင်တစ်ခုခု ဖြစ်သွားလို့ မဖြစ်ပါဘူး၊ မှုံး အပြစ်ဒဏ်ခံမှာ မကြောက်



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး၊ အထင်ကရရဲ့ ရှင့်ကို အဆုံးရှုံးမခံနိုင်လို့ပါနော်"

အထင်ကရ ဘာမှမဖြစ်ဘဲ သတိပြန်ရပါစေဟု မိုး တတွတ်တွတ် ဆုတောင်းနေမိလေသည်။ မိုးရင်ထဲမှာ စိုးရိမ်ပူပန်မှုတွေကြောင့် မီးတောက်မတတ် ပူလောင်နေရ၏။ ရှင်က လူငယ် ပေမယ့် စိတ်နှလုံးပြည့်ဝပါတယ်။ မိုးကိုလည်း ချစ်လွန်းတာ မိုး သိပါပြီ။ ဒါပေမယ့် အထင်ကရရဲ့ ကျွန်မကတော့ ရှင့်အနမ်းလေးတွေကိုပဲ ထာဝရသိမ်းဆည်းထားပါရစေတော့နော်။ အထင်ကရဆိုတဲ့ လူတစ်ယောက် သူမနှလုံးသားတွေထဲ အဝင်မခံဘဲ ငြင်းဆန်နေမိပေမယ့် မိုး နှလုံးတွေထဲမှာ နေရာလေးဝင်ယူလိုက်နိုင်ပြီ ဖြစ်တာကြောင့် မိုး သိရှိနေရပြီ ဖြစ်လေသည်။



## အခန်း (၂၁)

အထင်ကရ သတိပြန်ရလာပြီး ခေါင်းပဲချုပ်လိုက်ရကာ ဘာမှမဖြစ်တော့ဘူးဟု ဝေနှင်းထံမှ သတင်းကြားရလေသည်။ မိုး စိတ်သက်သာသွားရ၏။

"ရှင် အထင်ကရကို သွားတွေ့သင့်ပါတယ်၊ သူသတိရပြီး ခေါင်းကွဲတဲ့နေရာကို ချုပ်နေတဲ့အချိန်မှာ ရှင့်နာမည်ကိုလည်း အတွတ်တွတ် တမ်းတနေတယ်၊ မင်းကို ဆုံးရှုံးလိုက်ရရင် သူသေမှာပဲ"

"ထားလိုက်ပါတော့ ဝေနှင်းရယ်၊ မိုး အားလုံးကို မေ့ပစ်ချင်ပါတယ်၊ သူ့ မိုးကို တစ်နေ့မေ့ပျောက်သွားမှာပါ"


www.burmeseclassic.com

www.burmeseclassic.com



"ဦးမိုးဒေဝါ သူ့သမီးကိုခေါ်ပြီး နိုင်ငံခြားမှာ အပြီးအပိုင် နေဖို့ ထွက်သွားပြီ၊ ရှင်သိလား"

"မှူး အားလုံးကို ပယ်ပစ်လိုက်နိုင်ပါပြီ၊ အထူး သဖြင့် ဦးမိုးဒေဝါကို မေ့ပစ်နိုင်ပါပြီ၊ တစ်ဒင်္ဂတွေဝေသွားရတာပါ၊ ကိုယ့် ဖေဖေရဲ့ ခံစားချက်တွေနဲ့ တူနေလို့ ကျူပ်စိတ်တွေ ခဏတာ ယိမ်း ယိုင်သွားတာပါပဲလေ"

ဦးမိုးဒေဝါက မှူးရင်ထဲမှာ လုံးဝမရှိတော့ပါဘူး။ အထင် ကရကို စွန့်လွှတ်နိုင်ဖို့ပဲ မှူး စိတ်စွဲနေရတာပါနော်၊ ဒါဝေမယ့် သူ့ကိုလည်း မှူး မေ့ပစ်နိုင်အောင် ကြိုးစားမယ်။

"ဦးမိုးဒေဝါကို ရှင်က မေ့ပစ်နိုင်ပြီဆိုတော့ အထင်ကရ ကိုရော့ယာင်"

ဝေနှင်းမေးခွန်းကို သူမ ဖြေချင်တဲ့ဆန္ဒတွေ မရှိတော့ အမှန်အတိုင်းဝန်ခံရရင်တော့ သူမနှလုံးသားတွေထဲမှာ သူက နေရာ ဝင်ယူထားပါတယ်။

"အထင်ကရကို သွားတွေ့လိုက်ပါဟယ်၊ အားပေးနှစ်





သိမ့်မှု ပေးရုံလေးပဲ"

"ဟင့်အင်း"

မှူး ခေါင်းမာစွာဖြင့် ငြင်းဆန်လိုက်လေသည်။ ဝေနှင်းအား ရှောင်ထွက်ဖို့ လုပ်နေစဉ် မှူးတို့အခန်းဝတွင် အထင်ကရ ဖေဖေက ရောက်လာ၏။

"အခန်းထဲဝင်မယ်နော်၊ သမီး မှူး"

"ဟုတ်ကဲ့"

သားစွဲမက်လောက်အောင် လှပချောမောပြီး ရိုးသားဖြူစင် သော မိန်းကလေးပဲဟု ဦးထင်အောင် တွေးနေမိလေသည်။ ညှိနှိုင်း မှာထိုင်မိတော့ ဘာအခေါင်အယောင်မှ မရှိသော ချယ်မှုံးထင်က သားကို ငြင်းဆန်နေတာ သိရ၍ အထင်ကြီးလေးစားမိရ၏။

"သမီး...သားကို လက်ခံပေးပါလား၊ အခု သား အရမ်း ခံစားနေရပြီ၊ မအိပ်မစားဘဲ ဖြစ်နေတယ်၊ ဘယ်တုန်းကမှ မသောက် ဘူးတဲ့ အရက်တွေတောင် သောက်နေတယ်၊ ခေါင်းကဒဏ်ရာက လည်း သိပ်မသက်သာသေးဘူး၊ အန်ကယ် အရမ်းစိတ်ပူနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သားကို သမီး ဘာကြောင့် ငြင်းဆန်နေရတာလဲ"

"ကျွန်မရဲ့အတိတ်က အမှားအယွင်းတွေကြောင့်ပါပဲ အန်ကယ်၊ မိုး အားလုံးကိုမေ့ပျောက်ပြီး ဘဝသစ်ပြန်စရမယ်၊ အထင်ကရကို လက်မခံပါရစေနဲ့နော်"

"သမီး အတိတ်က ဘာတွေများ မှားယွင်းခဲ့လို့လည်းကွယ်၊ ပြောပါ၊ ပွင့်ပွင့်လင်းလင်းပဲ ပြောပါ"

ဦးမိုးဒေဝနှင့် ပတ်သက်ခဲ့တဲ့ အကြောင်းတွေကို ပြောပြလိုက်လေသည်။ မိုးရင်ထဲမှာ ပေါ့ပါးသလို ခံစားလိုက်ရ၏။

"အဲဒီအမှားအယွင်းကို ပြန်လည်ပေးဆပ်ဖို့အတွက် မိုး့ကိုယ့်အစွမ်းအစနဲ့ပဲ ဘဝရပ်တည်နိုင်ဖို့ ကြိုးစားချင်လို့ပါ အန်ကယ်ရယ်"

အထင်ကရ ဖေဖေက အထင်သေးတဲ့မျက်ဝန်းတွေနဲ့ မကြည့်ဘဲ သနားကြင်နာတဲ့ အကြည့်တွေနှင့် ကြည့်နေလေသည်။

မိုးကို ဒေါသတွေပေါက်ကွဲပြီး ခါးခါးသီးသီး ငြင်းဆန်မယ်ထင်မိတာ လုံးဝဆန့်ကျင်ဘက်ဖြစ်နေ၏။





"ဦးမိုးဒေဝါနဲ့ ပတ်သက်တဲ့အိမ်[illegible] [illegible] ဒါနဲ့ သမီးဖေဖေနဲ့ မေမေနာမည်တွေက ဘယ်လိုခေါ်သလဲ [illegible] ဘယ်မြို့ကလာတာလဲကွာ"

မိုး ဖေဖေနဲ့ မေမေနာမည်တွေ ပြောပြတော့ ဦးထင်အောင် တအံ့တသြ ဖြစ်သွားလေသည်။

"မင်းက ထင်မော်သမီးပဲ၊ အန်ကယ်က ထင်အောင်၊ သူက ထင်မော်၊ တစ်ချိန်က ကျောင်းနေဘက်အချစ်ဆုံး သူငယ်ချင်းတွေပဲ"

"ရှင်"

"အန်ကယ်တို့ စက်မှုတက္ကသိုလ်မှာ တက်ကြတော့ သူငယ်ချင်းတွေလေ၊ မင်းအမေက ဝိဇ္ဇာသိပ္ပံက ကွင်းဝဲ"

"ဖေဖေနဲ့ မေမေ့ကို အန်ကယ်သိတယ်လား"

"သိတာပေါ့၊ အချစ်ဆုံးအတွဲဆုံး သူငယ်ချင်းတွေပဲလေ၊ သမီးဖေဖေ ထင်မော်ရဲ့ အချစ်ရေးတွေ၊ အိမ်ထောင်ရေး မသာယာမှုတွေ သိခဲ့တာပဲ၊ လူချင်းမတွေ့ဖြစ်ကြပေမယ့် ဖုန်းနဲ့တော့ အဆက်အသွယ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ရင်ဖွင့်ကြတာပဲ၊ မင်းအဖေဘဝပျက်တဲ့အထိ ခံစားခဲ့ရတယ်လေ၊ အန်ကယ်ဆီ မဆုံးခင်တောင် ရင်ဖွင့်သွားသေးတယ်၊ အန်ကယ့်ဆီ လာနေဖို့ပြောတော့ သမီးလေးရှိသေးလို့ မလာနိုင်သေးဘူးတဲ့လေ"

မှုံး အံ့သြဝမ်းသာသွားရပြီး ဖေဖေပြောပြောနေတဲ့ သူငယ်ချင်း ဦးထင်အောင်အကြောင်းတွေ ပြန်၍အမှတ်ရ လာမိလေသည်။

"ကဲပါ…ထင်မော့သမီးလေးမို့ အန်ကယ်စောင့်ရှောက်ရမယ်လေ၊ မင်း အတိတ်ကပြစ်မှုတွေက ခွင့်လွှတ်နိုင်စရာပါ၊ မောင်မိုးဒေဝါကလည်း နိုင်ငံခြားမထွက်ခင် မင်းရိုးသားဖြူစင်ကြောင်း၊ အပြစ်မရှိကြောင်း၊ အန်ကယ့်ကို ပြောပြသွားပါတယ်လေ"

မောင်မိုးဒေဝါက နိုင်ငံခြားမထွက်ခင် သူနှင့်ပတ်သက်ခဲ့တဲ့ မိန်းကလေးအား နာမည်ထုတ်ဖော်မပြောဘဲ ရိုးသားဖြူစင်ကြောင်း လာရောက်ပြောပြသွားခဲ့သည်။

"သမီး"

"ရှင်"





"အားလုံးကို မေ့ပစ်လိုက်ပြီး သမီးကို တွေ့ချင်တဲ့မျှော်တွေ ပြင်းပြနေတဲ့ သားဆန္ဒတွေကို ဖြည့်စွမ်းပေးပါကွယ်၊ သာ…သာပါ၊ အန်ကယ်သားလေးကို စိတ်ချမ်းသာပျော်ရွှင်အောင် သမီးပဲ တာဝန်ယူနိုင်မှာနော်"

မှုံးလည်း စိတ်ထဲမှာ ပေါ့ပါးလွတ်လပ်သွားရပြီး အထင်ကရအား တွေ့မြင်ချင်တဲ့စိတ်ဆန္ဒတွေ ပြင်းပြလာရလေသည်။ မှုံး မာန်ဆောင်နေရပေမယ့် ရှင့်အတွက် စိတ်ပူပြီး ရူးမတတ် ဖြစ်နေရတာပါနော်။

အထင်ကရဆီ သွားရတဲ့ အချိန်တွေမှာ မှုံး လွတ်လပ်ပေါ့ပါးစွာ ပျော်ရွှင်ချမ်းမြေ့နေလေသည်။ မှုံး နှလုံးသားတွေ တဆတ်ဆတ် တုန်ခါနေတာ ရှင်သိရဲ့လား အထင်ကရ။

အန်ကယ် ဦးထင်အောင်က အိမ်ရောက်တော့ အထင်ကရ ရှိနေတဲ့ အခန်းရှေ့အထိ လိုက်ပို့ပေးပြီး ပြန်ထွက်သွားတော့သည်။ မှုံး အခန်းတံခါးလေး တွန်းဖွင့်ဝင်သွားတော့ အထင်ကရ မျက်ဝန်းလေးတွေ ပွင့်လျက်နှင့် ငြိမ်သက်နေ၏။ မှုံးဝင်လာတာမသိ ပေ။ အသိမဲ့နေသော လူတစ်ယောက်ကဲ့သို့ ငြိမ်သက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင် အရှမ်းကို ပိန်ချုံးပြီး ကျသွားလိုက်တာ အထင်ကရရယ်။

"အထင်ကရ"

ရုတ်တရက် မကြားသလို အပေါ်ကိုသာ စူးစိုက်ကြည့်နေလေသည်။

"အထင်ကရ"

"ဟင်"

"မှုံးလေ…ရှင့်ကိုလာတွေ့တာ၊ ကျွန်မနဲ့မတွေ့ရလို့ သေတော့မယ်ဆို"

"ဟင်…မှုံး မင်းမှုံးပဲနော်၊ မှုံး အစစ်လား၊ ကိုယ့်ကိုလာတွေ့တာ မှုံး တကယ်နော်"

"အား"

မှုံး အမြင်ကတ်ကတ်နှင့် သူ့လက်မောင်းအား ဆွဲဆိတ်လိုက်တော့ အားဟု အော်လေသည်။ အပျော်တွေလွန်ပြီး ကမန်းကတမ်း ထလိုက်သဖြင့် အားဟု ထပ်၍အော်လေ၏။

"ရုတ်တရက် မထနဲ့လေ၊ ရှင့်ခေါင်းမှာ ဒဏ်ရာက မသက်သာသေးဘူး"





သူ ခေါင်းကို ပြန်ချလိုက်ပြီး မှုံးလက်လေးကို ခပ်တင်းတင်း ဆုပ်ကိုင်ထားသည်။ မှုံးလည်း သူ့အနားမှာ ဝင်ထိုင်လိုက်သည်။

"ရှင်သေတော့မယ်ဆိုလို့ ကျုပ် အသက်မီအောင် လာတာ၊ အခုတော့ အကောင်းကြီးပဲ၊ ပြန်တော့မယ်"

မှုံး နောက်ပြောင်ပြီး ထထွက်မည်အပြုတွင် သူက အထိတ်တလန့်နှင့် မှုံးလက်လေးကို ဆွဲလိုက်သဖြင့် မှုံးကိုယ်လေး သူ့ရင်ဘတ်ပေါ် ပြိုလဲကျသွားရသည်။

သူ့လက်တွေက အငမ်းအရနှင့် မှုံး ကိုယ်လုံးလေးအား ခပ်တင်းတင်းလေး ဆွဲပွေ့ထားလိုက်၏။

"မှုံးတို့အနားကနေ ထွက်မသွားပါနဲ့တော့၊ မှုံးမရှိရင် တို့ အတယ်ပဲ သေဆုံးရမှာပါ၊ ယုံပါ မှုံးရယ်နော်"

သူ တတွတ်တွတ်ပြောပြီး မှုံးကိုယ်လေးအား မလွတ်အောင် ဖက်ထား၍ အသက်ရှူပြင် ကြပ်လာရသည်။

"မှုံး ကိုယ့်ကိုချစ်တယ်လို့ ပြောစမ်းပါ၊ ဘယ်တော့မှ ထွသွားတော့ပါဘူးလို့ ကတိပေးစမ်းပါ၊ ကိုကိုချစ်တယ်လို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အထင်ကရရယ်…မှူးလေ ရှင့်အချစ်တွေ၊ မေ
မေတ္တာတွေကို ခံစားတတ်လာရပါပြီ၊ ရှင့်ကို မှူး အရမ်းကို ချစ်
နိုးရပါပြီနော်"

"မှူးရယ်…မင်းဟာ ကိုယ့်ရင်ထဲက မြတ်နိုးတန်ဖိုး
ရတဲ့ ပန်းငုံဖူးလေးတစ်ပွင့်ပါပဲ"

ချယ်မှူးထင်နှင့် အထင်ကရတို့ တစ်ယောက်
တစ်ယောက် ပွေ့ဖက်ထားလိုက်မိကြလေသည်။ ပျော်ရွှင်ချမ်း
စရာကောင်းသော အနာဂတ်လေးက သူတို့နှစ်ဦးကြားမှာ
လှိုက်မောဖွယ်ရှိနေခဲ့၏။ ပန်းငုံဖူးဖူးလေးတစ်ပွင့်ကို အမြဲ
တန်ဖိုးထားမြတ်နိုးနေမှာပါဟု တတွတ်တွတ် ပြောနေရင်း
ကျင်လေးမှာ တိတ်ဆိတ်ငြိမ်သက်သွားရလေတော့သည်။

သဒ္ဒါ

ပြီးပါ ❀ တပေ

www.burmeseclassic.com